
www.burmeseclassic.com

စိုးမိုးစာပေ




# လူနေ
# မီးသန့်သစ်ပင်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
- ★ ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

26 JUL 201-

# လူငနှ

သီးသန့်သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်ငွေ (မြဲ - ၀၂၀၇၉)
သုခပုံနှိပ်တိုက်
အမှတ်(၁၄၀)၊ ၄၅-လမ်း(အထက်)
ဗိုလ်တထောင်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်

လူနေ
သီးသန့်သစ်ပင် / လူနေ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၄
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) သီးသန့်သစ်ပင်

26 JUL 2014

(က)

"အချစ်ဆိုတာ ဘာလဲ"

"ဟာဗျာ. . . ခင်ဗျားကလည်း ရှက်စရာကြီး"

"ရှင်နော်. . . ပေါက်ကရ တွေးပြီး ဘာတွေ လာပြောနေတာလဲ"

"ကျွန်မမေးတာက အချစ်ဆိုတာ ဘာလဲလို့ ရိုးရိုးလေးပဲမေးတာ"

"အင်းလေ. . . ကျွန်တော်လည်း ဖြေပြီးသွားပြီပဲ. . . ရှက်စရာကြီးလို့"

"ရော်. . . ရှင်ထော်လော်ကန့်လန့် လုပ်နေပါလား"

"ဟုတ်ရပါဘူးဗျာ. . . ကဲ. . . ဒါဆို မေးမယ်၊ ခင်ဗျား ရည်းစားနဲ့ စတွေ့မယ်ဆိုရင် ရှက်သလိုလို ဘာလိုလိုကနေ အစရင် ဖြစ်တာ ဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါဘူး"

"ဒါကတော့ ခင်ဗျား ဘုကန့်လန့် ပြောတာပဲ"

အဲဒီလို အဆင်ပြေကြလေသည်။

■

(၁)

"၁၅၀၀ အချစ်နဲ့ ၅၂၈ အချစ်ဆိုတာ ဘာကိုပြောတာလဲ"

"ဒါလေးတောင် မသိဘူးလား"

"၁၅၀၀ ဆိုတာ သမီးရည်းစားအချစ်၊ ၅၂၈ ဆိုတာ မိဘမောင်နှမတွေရဲ့ အချစ်၊ အဲဒါတော့ ကျွန်မသိတာပေါ့"

"အဲဒါပဲလေ"

"ဟုတ်ဘူးလေ၊ ဘာဖြစ်လို့ သမီးရည်းစားအချစ်ကို ၁၅၀၀ လို့ပြောရတာလဲ၊ အခြားနံပါတ်တွေ ပေးလို့မရဘူးလား၊ ၅၂၈ တို့ရော ၄၂၈ တို့ ၃၂၈ တို့ ပြောလို့၊ ပေးလို့ရော မရဘူးလား. . . အဲဒါမေးတာ"

"ရော်. . . ခင်ဗျားလေးက တော်တော်အမေးအမြန်း ထူပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် မသိဘူး ဆိုပါတော့"

"နေပါဦး၊ ချက်ချင်းကြီးဆိုတော့လည်း ၄ (တတလင်းချိတ်) တို့ ဟိုဘက်လှည့်လား၊ ဒီဘက်လှည့်လားဆိုပြီး ဝေဝေဝါးဝါးကြီး ဖြစ်သလို ဖြစ်နေတာပေါ့"

"အံမယ်. . . စကားက အလာကြီးပါလား"

■

(၈)

"ကဲ. . . ကဲ၊ ရှင်မဖြေနိုင်လည်း ကျွန်မသွားတော့မယ်"

"နေ. . . နေပါဦး အမိရယ်"

"ဘာ အမိလဲ"

"ဒီလိုရှိတယ်ဗျ"

"အင်း"

"ခင်ဗျားက ကျွန်တော့်ကို သဲသဲလှုပ် ချစ်တယ်ပဲဆိုပါစို့"

"ဘာရှင့်"

"အော်လိုက်တာ. . . ဒီက သဘောပြောတဲ့ဟာကို"

"မပြောနဲ့"

"ဒါဆိုလည်း ပြီးရော"

www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ဆိုတာ ဟိုဟာကို ဆက်မပြောနဲ့၊ ဒီဟာကို ဆက်ပြောလို့ ပြောတာ"

"ဘာလဲ . . . ခင်ဗျားက ကျွန်တော့်ကို သဲသဲလှုပ် ချစ်တဲ့ အကြောင်းကို ဆက်ပြောရမှာလား"

"ရှင်နော် . . . အဲဒါပဲ ပြောနေရင် ကျွန်မသွားတော့မယ်"

"နောက်တာပါဗျာ . . . ခင်ဗျားကလည်း စိတ်ပဲပဲ"

"ဘာရှင့်"

"စိတ်လည်း ကြီးတယ်၊ ပဲလည်း များတယ်လို့ ပြောတာပါ"

ထိုစကားကို စိတ်ဆိုးသွားသောကြောင့် မနည်းပြန်ချော့ရသည်။

အရေးထဲ မဆီမဆိုင် ကျွန်မက စိတ်ပဲဆိုရင် ရှင်က 'အာလူး'ဆိုပြီး ပြန်ခွတ်နေသေးသည်။

■

ကိလေသာ (၁၀) မျိုး ရှိတယ်။

(၁) လောဘ (တပ်မက်ခြင်း)

(၂) ဒေါသ (ကြမ်းတမ်းခြင်း)

(၃) မောဟ (တွေဝေခြင်း)

(၄) မာန (ထောင်လွှားခြင်း)

(၅) ဒိဋ္ဌိ (မှားသော နှလုံးသွင်းခြင်း၊ အယူရှိခြင်း)

(၆) ဝိစိကိစ္ဆာ (အာရုံကို မဆုံးဖြတ်နိုင်ခြင်း)

(၇) ထိန (စိတ်၏ ထိုင်းမှိုင်းခြင်း)

(၈) ဥဒ္ဓစ္စ (စိတ် မငြိမ်မသက် ပျံ့လွင့်ခြင်း)

(၉) အဟိရိက (မကောင်းမှုဒုစရိုက် ပြုရခြင်း၌ မရှက်ခြင်း)

(၁၀) အနောတ္တပ္ပ (မကောင်းမှုစရိုက် ပြုရခြင်း၌ မကြောက်လန့်ခြင်း)

www.burmeseclassic.com

www.burmeseclassic.com

"၁၅၀၀ နဲ့ ဆိုင်တာလည်း မပါသေးပါလား"

"လောတာ. . . လာမှာပေါ့. . . အခုရေးပြထားတဲ့ ကိလေသာ (၁၀)ပါးကို ရုပ်စုစုပေါင်းနဲ့ မြှောက်ရမယ်"

"ဘာလဲ ရုပ်စုစုပေါင်းဆိုတာ"

- လက္ခဏာရုပ် (၄)ခု
- နိပ္ဖန္နရုပ် (၁၈)ခု
- နာမ် (၅၃)ပါး

ပေါင်းရင် (၇၅)ရတယ်။

အဲဒီရုပ်စုစုပေါင်း (၇၅)ကို ကိလေသာ (၁၀)ပါးနဲ့ မြှောက်ရင် (၇၅၀)ရရော။

www.burmeseclassic.com

www.burmeseclassic.com

"ဟင်... ၇၅၀ ပဲ ရှိသေးတယ်"

"နေဦးလေ... အလ္လတ္တသင်္ချာန်၊ ဗဟိန္ဒသင်္ချာန်ဆိုပြီး (၂)ပါး ရှိသေးတယ်"

"အင်း... အဲဒီတော့..."

"အဲဒီတော့... ရလာတဲ့ (၇၅၀)ကို ခုနက (၂)ပါး ဆိုတော့ (၂)နဲ့မြှောက်ရင် (၁၅၀၀)ရတဲ့အတွက် (၁၅၀၀) ကိလေသာ သမီးရည်းစား အချစ်လို့ ပြောတာပေါ့... သချာ်ဖော်မြူလာနဲ့ဆိုရင် ဒီလိုဗျာ"

(ကိလေသာ (၁၀)ပါး× ရုပ်စုစုပေါင်း (၇၅) ) ×၂=၁၅၀၀အချစ်

"၅၂၈ ကတော့ အကုန်လုံးပဲ ချရေးလိုက်တော့မယ်၊ နည်းနည်းတော့ ရှုပ်တယ်၊ သေချာကြည့်"

"ရေးမှာသာ ရေးစမ်းပါ၊ သိပ်လျှာရှည်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



## ၅၂၈ မေတ္တာ - မိဘမောင်နှမမေတ္တာအချစ်

မေတ္တာဆိုတဲ့အတိုင်း မေတ္တာပို့ရာမှာ ပုဂ္ဂိုလ် (၁၂)ပါးကို ပို့ပါတယ်။

(၁) သဗ္ဗေသတ္တာ

(၂) သဗ္ဗေပါဏာ

(၃) သဗ္ဗေဘူတာ

(၄) သဗ္ဗေပုဂ္ဂလာ

(၅) သဗ္ဗေအတ္တဘာဝပရိယာပန္နာ

(၆) သဗ္ဗေဣတ္ထိယော

(၇) သဗ္ဗေပုရိသာ

(၈) သဗ္ဗေအရိယာ

(၉) သဗ္ဗေအနရိယာ

(၁၀) သဗ္ဗေဒေဝါ

(၁၁) သဗ္ဗေမနုဿာ

(၁၂) သဗ္ဗေဝိနိပါတိကာ

အဲဒီပုဂ္ဂိုလ် (၁၂)ပါးကို အောက်ပါ မေတ္တာ (၄)ပါးကို ပို့ပါတယ်။

(၁) အဝေရာဟောန္တု

(၂) အဗျာပဇ္ဇာဟောန္တု

(၃) အနီဃာဟောန္တု



(၄) သုခီအတ္တာနံပရိဟရန္တု

ဆိုပြီး မေတ္တာ (၄)ပါးပို့တယ်။

(၁၂ ယောက် × မေတ္တာ ၄ မျိုး = ၄၈)

ဒါကတော့ အရပ်မျက်နှာ အမည်မတပ်ဘဲနဲ့ (မရည်မှန်းဘဲ)နဲ့ ပို့တဲ့ 'အနောဓိသော' မေတ္တာအပါးလို့ ခေါ်တယ်။

အဲဒါကိုမှ ထပ်ပြီး အရပ်မျက်နှာတွေနဲ့ အမည်တပ်ပြီး ထပ်ပို့ပါတယ်။ အရပ် (၁၀)မျက်နှာ ရှိပါတယ်။

- အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆိုတဲ့ အရပ် (၄)မျက်နှာ။
- အရှေ့တောင်၊ အနောက်မြောက် ဆိုတဲ့ ထောင့် (၄) မျက်နှာ။
- အထက်နဲ့ အောက် (၂)မျက်နှာ။

အဲဒီအရပ်မျက်နှာပို့ (၁၀)ခုနဲ့ ခုနက (၄၈)ကို မြှောက်လိုက်တော့ (၄၈၀)ရတယ်။ အဲဒီရလာတဲ့ (၄၈၀)ကိုမှ ပထမဆုံး မရည်မှန်းဘဲ ပို့ထားတဲ့ မေတ္တာအပါး (၄၈)ပါးကို ထပ်ပေါင်းကြည့်လိုက်တော့ (၅၂၈)ရယ်လို့ ဖြစ်လာတယ်။

ပုဂ္ဂိုလ် (၁၂)ယောက် × မေတ္တာ (၄)ပါး - ၄၈ (မရည်မှန်းဘဲ ပို့သော မေတ္တာအပါး)

www.burmeseclassic.com

www.burmeseclassic.com



(၄၈ × အရပ် (၁၀)မျက်နှာ) + ၄၈ (မရည်မှန်းဘဲ ဝိုသော = ၅၂၈ မေတ္တာ အပါး)



"ရှင်ပြောတာတွေက ဟုတ်ရော ဟုတ်လို့လား"

"အဲဒါတော့ မသိဘူး၊ စာထဲ ဖတ်ရတာပဲ"

"ဩော်... အဲဒီလိုလား"

"နေဦး... တချို့နေရာတွေမှာတော့ အဲဒီ ၅၂၈ နဲ့ ၁၅၀၀ အပေါ်ကို အမြင်တစ်မျိုးနဲ့ ပြောထားသေးတယ်"

"အင်း... ဘာပြောထားတာလဲ"

"တချို့တွေက ပြောကြတယ်မို့လား၊ မင်းဆီက ကိုယ့်ကို ၁၅၀၀ အချစ်ပေးပါကွယ် ဘာညာနဲ့ ပြောတယ်လေ၊ ကြားဖူးတယ်မို့လား "

"အင်း... ကြားဖူးသားပဲ"

"တကယ်တော့ ယောကျ်ားတစ်ယောက် ဒါမှမဟုတ် မိန်းမတစ်ယောက်က ကိုယ်ချစ်တဲ့ ချစ်သူကို ၁၅၀၀ ပေးလို့မရဘူး၊ ၇၅၀ ပဲ ပေးလို့ရတယ်တဲ့"

"ဟင်... ဘာဖြစ်လို့လဲ"

"ခုနက နောက်ဆုံးပြောခဲ့တဲ့ သဏ္ဍာန်နှစ်ခု ရှိတယ်လေ"

"အဇ္ဈတ္တသဏ္ဍာန်၊ ဗဟိဒ္ဓသဏ္ဍာန်လား"

"အဲဒါ ဘာပြောတာလဲဆိုတော့ ကိုယ့်မှာရှိတဲ့ ကိလေသာ ၁၀ ပါးနဲ့ ရုပ် ၇၅ ပါးကို မြှောက်ရင် ၇၅၀ ရတယ်၊ အဲဒါ အဇ္ဈတ္တသဏ္ဍာန်၊ ဒီလိုပဲ သူများမှာရှိတဲ့ ကိလေသာ ၁၀ ပါးနဲ့ ရုပ် ၇၅ ပါးကိုမြှောက်ရင် ၇၅၀ ထပ်ရတယ်၊ အဲဒါ ဗဟိဒ္ဓသဏ္ဍာန် အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုပေါင်းမှ ၁၅၀၀ ရတာ။ ဒီတော့ ကိုယ့်မှာရှိတာ ၇၅၀ ပဲ ရှိတာဆိုတော့ သူများကိုပေးရင်လည်း ၇၅၀ ပဲ ပေးလို့ရတာလေ။ ၁၅၀၀ ပေးလို့မှ မရတာပဲ။ ဒါဆို အဖြေတောင်းရင် ၁၅၀၀ အစား ၇၅၀ ပဲ တောင်းရမယ်ဆိုတဲ့သဘောပေါ့"

"ဒီလိုလား"

"ဟုတ်တယ် နောက်ပြီး ၅၂၈ ဆိုတာကိုလည်း မေတ္တာ ပွားနည်းပေါင်း ၅၂၈ သွယ်ရှိတယ်၊ အဲ့ဒါကို ခေါ်တာဆိုပြီး ပြောတာလည်း ရှိသေးတယ်"

■

"ကဲ... ဘာထပ်မေးဦးမလဲ အမိ"

"အမိလို့ မခေါ်ပါနဲ့"

"ဒါဆို မမိတမိလို့ ခေါ်မယ်"

"အောင်မာ... အာလူး၊ ဗူးသီးကများ"

"ဘာ... အာလူး၊ ဗူးသီးလဲ"

"ဟိုဟင်းထဲ အရောခံရ၊ ဒီဟင်းထဲ အရောခံရတယ်လေ၊ ရှင်က ဟိုပါ ဒီပါမို့လို့ အဲဒီလို ခေါ်တာပေါ့ရှင်"

"အဟီး... မဆိုးဘူး၊ အရသာရှိမယ့် ပုံပဲ"

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောနေကြသော ကောင်လေးအမည်မှာ ကြီးမြင့်ဖြစ်ပြီး၊ ကောင်မလေး၏အမည်မှာ မိချို ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁)

အစက ဒီလိုပါ။ ဒီကိစ္စကို ဦးဆုံးပြောတာက ထုံးစံအတိုင်း ကြီးမြင့်အောင်ပဲ ဖြစ်သည်။

တစ်နေ့ အတန်းမတက်ချင်ဘဲ ကန်တင်းမှာ တစ်ဖွဲ့လုံး ပျင်းရိစွာ ထိုင်နေတဲ့ အချိန်ဖြစ်သည်။

တစ်ဖွဲ့လုံးဆိုတာက ကြီးမြင့်အောင် (ခေါ်) ကြီးမြင့်၊ အောင်စိန်သန်းနဲ့ ဘထွန်းလှမြင့်ဆိုတဲ့ သကောင့်သား သုံးယောက်ပါ။

"ပျင်းတယ်ကွာ"

ဘထွန်းလှမြင့်က စပြောခြင်းဖြစ်သည်။ ပျင်းနေတယ်ဆိုတဲ့ အမိပ္ပာယ်ကို အမူအရာနဲ့လည်း သရုပ်ဖော်သေး၊ သန်းကလည်း သန်းပြသေးသည်။

"ပျင်းတာထက် ပိုက်ဆံမရှိတာက ဆိုးတယ်"

အောင်စိန်သန်းကလည်း အိတ်ကပ်ကို ပုတ်ကာပုတ်ကာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြော၏။

"အေး. . . အဲဒါတော့ ဟုတ်တယ်"

ဘထွန်းလှမြင့်က မပျင်းတော့ဘဲ ပိုက်ဆံမရှိတဲ့ဘက် ရောက် သွားသည်။ ထူးခြားတာက ကြီးမြင့်။

ဒီကောင် ငြိမ်နေပါလားဆိုပြီး နှစ်ယောက်သား ကြည့်လိုက်တော့ ထိုင်လျက် အိပ်ပျော်နေတာကို တွေ့ရ၏။

"ဟာ. . . ဟော့ကောင်"

"ဘာလဲ"

သူမအိပ်ဘူးဆိုတဲ့ အိုက်တင်နဲ့ မျက်လုံးဖွင့်ကြည့်သည်။

"ငါတို့ပြောတာကို ကြားလား"

"ကြားသားပဲ"

"အဲဒါဆို ဘာပြောတာလဲ"

"ပိုက်ဆံမရှိတဲ့အကြောင်း ပြောနေတာ မှတ်လား"

"အဲဒါများ မင်းက ငြိမ်နေသေးတယ်"

"ဟာ. . . ငါ့မှာလည်း မင်းတို့ကို ချေးဖို့ ပိုက်ဆံမရှိလို့ ပေါ့ကွာ"

"အာ. . ."

အတူတူနဲ့ အနူနူကို ဝင်ခွတ်သွားသေးသည်။

"ဟုတ်ဘူးလေ၊ ပိုက်ဆံလေး ဘာလေး ရမယ့်နည်းလမ်းလေး စဉ်းစားပါဦးလို့၊ မင်းက. . . ဟိုကွာ၊ ဘယ်လို ပြောရမလဲ"



"ပညာရှိအမတ်ကြီးနဲ့ ခိုင်းနှိုင်းမလို့လား"

"ဟာ. . . အဲဒီလောက်လည်း မဟုတ်ဘူးလေ"

"ဒါဆို ဉာဏ်ကောင်းတဲ့ ကောင်လေးတစ်ယောက်လို့ ဆိုလိုချင်တာလား"

"အာ"

ပြောရမယ့်လူတောင် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"အေးကွာ၊ မင်းဘယ်လို ပြောစေချင်လဲ၊ ပြောပေးမယ်၊ အခုတော့ ငါတို့အိမ်တွေက ပိုက်ဆံမပို့ခင် ကြံဖန်ပါဦးကွ"

"ကဗျာစာအုပ် ရောင်းရင်ရော"

အောင်စိန်သန်းက ဝင်ပြောခြင်း ဖြစ်သည်။ ဒါကို ဘထွန်းလှမြင့်က ကန့်ကွက်၏။

"ပြီးခဲ့တဲ့လကပဲ မေရှာစုံလိုက် ရောင်းပြီးပြီလေ၊ မြတ်တဲ့ ပိုက်ဆံလေးတွေတောင် စားပစ်လို့ ဘယ်ရောက်သွားမှန်း မသိဘူး"

"ဒါဆို. . . မင်းမှာ အဖေ၊ အမေရှိသေးလား"

"ဟ. . . ရှိသေးတာပေါ့"

"အဘွားရော"

"အဘွားတော့ မရှိတော့ဘူး"

"ဒါဆို အဆင်ပြေပြီ"

"ဟ. . . ဘာအဆင်ပြေတာတုန်း၊ ရင်ထိတ်လိုက်တာ"

"မင်း အဘွားဆုံးလို့ဆိုပြီး အတန်းထဲမှာ ပိုက်ဆံ လိုက်

www.burmeseclassic.com

www.burmeseclassic.com



တောက်မယ်ကွာ၊ မြိုးမြိုးမြက်မြက်တော့ ရနိုင်တာပဲ"

အောင်စိန်သန်းရဲ့ တီးတိုးဆဲသံတွေ မိုးမွန်အောင် ကြားလိုက်ရသည်။

"စိတ်မပူပါနဲ့ကွာ"

ဒီတစ်ခါတော့ ကြီးမြင့်က ဝင်ပြောသည်။

"အေး. . . ပြောပါဦး၊ မင်းဆို အကြံကောင်း ထွက်တယ်"

"ဒီလိုကွ. . . နေအထွက်မှာ ရွှေခွက်နဲ့ တောင်းစားမယ် ဆိုတဲ့ စကားကလည်း ရှိသေးတယ်မလား"

"ဟာ. . . 'နေအထွက်မှာ ရွှေခွက်နဲ့ ငွေအပြည့် ခပ်မယ်ပါ' ကွ"

"အေး. . . ဘာပဲဖြစ်ဖြစ် ခွက်ပါတယ်ကွာ၊ အဲဒီတော့ ဒီတန်တင်းက ခွက်တစ်ခွက်ငှားပြီး တွေ့တဲ့လူ လိုက်တောင်းကြတာပေါ့"

"သေနာ"

"မြွေပွေးကိုက်"

". . . "

". . . "

အထူးအဆန်း ဆဲနည်းတွေအပြင် တတ်သမျှ၊ မှတ်သမျှ ရှာကြံပြီး ဆဲကြသည်။

■

# (၂)

"ဒီတစ်ခါ အတည်စဉ်းစားကွာ"

သူပြောပုံက ခုနကပဲ နောက်နောက်ပြောင်ပြောင်တွေ စဉ်းစားထားသလိုလို ဘာလိုလိုနဲ့. . . ။

အောင်စိန်သန်းက မေးစေ့ပွတ်သည်။ ရောင်းစားလောက်တဲ့အထိ အမွေးရှည်ထွက်လာအောင် ဘယ်လိုလုပ်မလဲ စဉ်းစားနေပုံရသည်။

ဘထွန်းလှမြင့်ကတော့ နထင်နှစ်ဖက်ကို လက်ညှိုး၊ လက်မနှင့် ထောက်ကာ ခေါင်းကို တဆတ်ဆတ်နဲ့ ငြိမ့်နေ၏။

ခေါင်းဘယ်လောက်လေးလဲ ချိန်ဆနေလားမသိ. . . ။

ကြီးမြင့်ကလည်း တစ်မျိုးတစ်ဘာသာ ဖြစ်သည်။

သူက အေးနေတဲ့ ရေနွေးကြမ်းခွက်ထဲက ရေနွေးကြမ်းကို

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးလေးနဲ့ တို့. . . ပြီးရင် စားပွဲပေါ်မှာ ဝလုံးလိုလို ဘာလိုလိုရေးရင်း ကကြီးပုံစံ ပေါက်သွားလို့ နောက်တစ်လုံး ထပ်ထည့်လိုက်နဲ့. . . ဘာတွေမှန်းမသိ ရေးရင်းစဉ်းစားသလို လုပ်၏။

ခဏကြာတော့ ကြီးမြင့်က-

"ဘယ်လိုပဲ စဉ်းစား စဉ်းစားကွာ"

"အေး. . . လုပ်ပါဦး၊ ဘာစဉ်းစားမိလဲ"

"တောင်းစားတာ အကောင်းဆုံးပဲဆိုတာ စဉ်းစားမိတယ်"

"အာ"

အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာ အတော်လေး စိတ်ပျက်သွားကြလေသည်။

"ဘာလဲ. . . မင်းတို့က သူတောင်းစားကို အထင်သေးကြတာလား"

"မဟုတ်လို့လား"

"တလောက ပါသွားတဲ့ သတင်းတစ်ပုဒ်ကို မဖတ်မိဘူးလားကွ"

"ဘာသတင်းလဲ"

"သူဌေးကြီးတစ်ယောက် သေဆုံးသွားတဲ့အခါ သူ့နောက်ကြောင်းကို စုံစမ်းကြည့်တော့ သူတောင်းစားတစ်ယောက် ဖြစ်နေတာတို့ တွေ့ရတယ်တဲ့"

"ဟင်. . . ဟုတ်လို့လား"



"ဟုတ်တယ်. . . သူက တောင်းစားလို့ရတဲ့ ပိုက်ဆံတွေနဲ့ အိမ်တွေဝယ်၊ မြေတွေဝယ်၊ ကားတွေဝယ်နဲ့ တော်တော်ကြီးပွားနေတာ"

"တကယ်လား"

အားကျသွားသည်ထင်၏။ မျက်လုံးက အခိုးအငွေ့တွေထွက်လာသည်။ အရင်လို 'တေနာ်လေး' ဘာလေးတွေ မဆဲတော့။ စိတ်ဝင်စားလာပုံရသည်။

"တချို့တောင်းတဲ့ လူတွေက နည်းနည်းမြင့်တာပေါ့ကွာ. . . သူတို့တတ်တဲ့ ပညာလေးတွေနဲ့ တောင်းရတာပေါ့၊ မင်းတို့လည်း သိမှာပါ၊ ဟိုကွာ. . . တစ်ခုခု တီးပြတာတို့၊ မျက်လှည့်ပြတာတို့ ဘာတို့လေကွာ. . . နိုင်ငံခြားဇာတ်ကားတွေမှာ မကြည့်ဖူးဘူးလား"

"အေး. . . ကြည့်တော့ကြည့်ဖူးတယ်ကွ. . . ဒါဆို ငါတို့ဆီကလို တနားကြပါခင်ညာ. . . တနားကြပါလို့. . . မဝီပလာဝီကလာအောင်ပြီး ပြောရမှာ မဟုတ်ဘူးပေါ့. . . မင်းဆိုလိုတာ အဲ့ဒီလိုလား"

"အေး. . . ပြောရမယ်ဆိုရင်တော့ကွာ. . . "

■

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ကြီးမြင့်က သူ့ရဲ့သူတောင်းစား စီမံကိန်းကြီးကို ဆွဲဆောင်ဟောပြောနေခိုက်တွင် 'မိချို'မှာလည်း သူ့ဘာသာသူ ဒုက္ခတွေ့နေလေသည်။

ဒုက္ခက သူ့ရှေ့တည့်တည့်ကြီးမှာပဲ ဖြစ်သည်။

ဒုက္ခသည်သုံးယောက်က ကန်တင်းရှိ စားပွဲတစ်ခုစီတွင် ထိုင်ရင်း သူမကို စိုက်ကြည့်နေကြသောကြောင့် ဖြစ်သည်။

တစ်ယောက်နာမည်က ဘတင့်. . . တဲ့. . . ။ နာမည်တိုက လူဆိုးနာမည်နဲ့. . . ။ ဖိုက်တင်ကားတွေထဲကလို 'ဘတင့်ကို မထိနဲ့ မီးပွင့်သွားမယ်'ဆိုပြီး အော်ပြောမယ့်ပုံ ဖြစ်သောကြောင့် မိချိုကတော့ တစ်စက်မှ ကြည့်မရချေ။

ဒါပေမဲ့ သူကတော့ မိချိုကို တစိမ့်စိမ့် ကြည့်နေ၏။

နောက်တစ်ယောက်ကတော့ မျက်နှာမှာ မိတ်ကပ်အဖွေးသားနဲ့ ဖြစ်သည်။



ဒါ့အပြင် အဝေးကနေတောင် သူ့ရဲ့ရေမွှေးနံ့ အီအီကြီးကို တထောင်းထောင်းထနေအောင် ရနေသည်။

သူ့နာမည် အပြည့်အစုံတော့ 'မိချို' မသိချေ။ ဟိုတစ်ခါ စကားလိုက်ပြောတုန်းကတော့ သူ့ကိုယ်သူ 'စန်းဝင်း'လို့တော့ မိတ်ဆက်သည်။ ခင်ချင်လို့ပါ ဘာညာနဲ့ ဝင်ရောတာပေါ့။

မိတ်ကပ်လိမ်းထားသော အဆီတဝင်းဝင်း မျက်နှာကြီးနဲ့လေ။ ဒါနဲ့ မိချိုလည်း နာမည်က 'စန်းဝင်း'၊ ခင်ချင်လို့ မိတ်ဆက်၊ မျက်နှာမှာလည်း မိတ်ကပ်တွေနဲ့ဆိုတော့ သူ့ကို 'မိတ်ကပ် ခင်စန်းဝင်း' လို့ဆိုပြီး နာမည်ပေးမိသည်။

တစ်ချိန်လုံး မျက်နှာကို သုတ်လိုက်၊ သူ့မကို ကြည့်လိုက်နဲ့ သူ့ဘာသာသူ အလုပ်ရှုပ်နေ၏။

နောက်ဆုံးတစ်ယောက်ကိုတော့ နာမည်အရင်း မမှတ်မိချေ။ သူမကတော့ သူ့ကို 'ကိုညှစ်'ဟုသာ မှတ်ထားသည်။

ခန္ဓာကိုယ်ကတော့ ကြွက်သား အဖြိုင်းဖြိုင်းနဲ့ ကာယဗလမောင် ခန္ဓာကိုယ်မျိုးနဲ့ ဖြစ်သည်။

စွပ်ကျယ်ဝတ်လေ့ရှိပြီး လမ်းလျှောက်ရင် လက်နည်းနည်းကားလျှောက်၏။

ဆိုးတာက 'မိချို'ကို တွေ့တာနဲ့ သူ့ကြွက်သားတွေကို မသိမသာ ညှစ်ညှစ်ပြနေတော့တာပဲ။

ဘယ်နှယ့်ဟာကြီးပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်တော့ အဲဒီသုံးယောက်က 'မိချို'ကို ကြိုက်နေကြသည်။ မိချိုကတော့ နည်းနည်းလေးမှ ပြန်မကြိုက်။

ကြိုတုန်းပြောရဦးမယ်။ 'မိချို'က အချော့အလှလေး. . .။ အသားအရည်၊ ကိုယ်လုံး ကိုယ်ပေါက်ကအစ ပြောစရာမရှိတော့ ကျောင်းသားတော်တော်များများ ကြိုက်တာပေါ့။

အခုလည်း ဘတင့်၊ မိတ်ကပ် ခင်စန်းဝင်းနှင့် ကိုညစ်တို့ကြောင့် မိချို အကြီးအကျယ် စိတ်ညစ်နေသည်။

သူမထိုင်နေတဲ့ စားပွဲကို လာပြီးမနှောင့်ယှက်ကြသော်လည်း သူမ ရှေ့တည့်တည့်ကနေ တစ်ယောက်တစ်နေရာစီ စိုက်ကြည့်နေကြတော့ အနေခက်နေတာပေါ့။

တစ်ယောက်နဲ့ တစ်ယောက်ကလည်း သူ့တို့ သုံးယောက်လုံးက မိချိုကို ပိုးပန်းနေတာမှန်းသိတော့ တစ်ချက်တစ်ချက် စောင်းငဲ့ကြည့်ဆိုတဲ့ အကြည့်နဲ့လည်း ကြည့်ကြသေးသည်။

မိချိုကတော့ စိတ်ထဲကနေ သူ့သူငယ်ချင်း ကဗျာဆရာမနှစ်ယောက်ကိုသာ ကျိန်ဆဲနေမိသည်။

ကဗျာဆရာမဆိုလို့ စာပေသမားတွေလို့ မထင်ပါနဲ့။ သူ့သူငယ်ချင်းနှစ်ယောက်မှာ စားလည်း ကဗျာကယာ၊ သွားလည်း ကဗျာကယာ၊ ကျောင်းတက်လည်း ကဗျာကယာနဲ့မို့ ကဗျာဆရာမနှစ်ယောက်ဆိုပြီး 'မိချို'က နာမည်ပေးထားခြင်း ဖြစ်သည်။

နာမည်အရင်းကတော့ အေးသီနှင့် စန်းမော်ဖြစ်သည်။



ကြာလာတော့ 'မိချို' မနေတတ်တော့. . . ။

သူ့ရှေ့က သကောင့်သား သုံးယောက်ကို တစ်ခုခုလုပ်မှဖြစ်မည်။ ဒီအတိုင်းဆက်နေပါက သူမမှာ သူတို့သုံးယောက်ရဲ့ အခိုးအငွေ့တွေအောက်မှာ ပျောက်ပျက်သွားနိုင်သည်။

ထို့ကြောင့် မိချိုက 'ဘတင့်'ကို မသိမသာလေး လက်ယပ်ခေါ်လိုက်၏။

"ဟင်"

ဘတင့်မှာ မိချို ခေါ်လိုက်သောကြောင့် ခန္ဓာကိုယ်မှာ တောင့်တင်းသွားလေ၏။ ဟုတ်မဟုတ် သေချာအောင် နောက်ကို လှည့်ကြည့်လိုက်သေးသည်။ သေချာသည်။ 'မိချို'က သူ့ကို ခေါ်နေတာပဲ။

"ရှင့်ကို ခေါ်တာ"

မိချိုက အသံတိုးတိုးလေးနဲ့ လှမ်းပြောလိုက်၏။

"အဟီး"

ဘတင့်မှာ အပျော်လွန်သွားပြီး သွားရည်များ ထွက်ကျလာသောကြောင့် မနည်းပြန်သိမ်းရသည်။

ဘေးနားက ပြိုင်ဘက်နှစ်ယောက်ကိုလည်း အောင်နိုင်သူမဲပေါက်သူတစ်ယောက်လို မိန့်မိန့်ကြီးကြည့်ကာ 'မိချို' စားပွဲကို ထသွားလေ၏။

ကျန်နှစ်ယောက်မှာလည်း ထိုင်ရမလို၊ ထရမလိုနဲ့ ကွိကွိ

www.burmeseclassic.com

www.burmeseclassic.com



တွတွ လုပ်နေကြရင်း မအီမသာ ဖြစ်နေကြ၏။

"ဘတင့်ကို ခေါ်ရာရား"

မိချို့ရှေ့ရောက်တော့ စိတ်လှုပ်ရှားပြီး စကားပင် မပီတော့။

"ဟုတ်တယ်၊ ထိုင်ပါဦး၊ ကိုဘတင့်"

"အဟီး"

ထိန်းမနိုင်၊ သိမ်းမနိုင် ဖြစ်နေသော သွားရည်များကို တရွှတ်ရွှတ် ပြန်သိမ်းနေရသည်။

"သူငယ်နာလား"

"တင်... ဘယ်လို"

"သွားရည် ခဏခဏ ထွက်ကျတာ သူငယ်နာလားလို့ မေးတာ"

"ဟာ... မဟုတ်... မဟုတ်ရပါဘူး... အထင်မလွဲပါနဲ့ ချိုလေးရယ်... ကိုယ်... ကိုယ်က လူ... လူကြီး ဖြစ်နေပါပြီ"

ဘတင့် အပြောကြောင့် မိချိုပင် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ တော်ကြာ သူလူကြီးဖြစ်ကြောင်း သက်သေ ထပြမှဖြင့် အခက်တွေ့နေတော့မည်။

ထို့ကြောင့် ခပ်မြန်မြန်ပဲ-

"ဒီမယ်... ကိုဘတင့်"

"ပြောပါ ချိုလေး... ကိုယ်နားထောင်နေပါတယ်"



ဘတင့်မှာ အိုက်တင်အပြည့်နှင့် ဖြစ်သည်။

"မိချိုလေ... မိချို..."

"အင်း... အဟဲ... ပြော... ပြောပါ..."

"မိချိုလေ... ကိုဘတင့်ကို..."

"အို"

ဘတင့်မှာ စိတ်လှုပ်ရှားသွားပြီး မျက်လွှာကို အောက်ချမိသည်။

'မိချို' သူ့ကို ဒီလိုစပြောလိမ့်မယ်လို့ သူ မထင်ထား...။ ပြောမယ့် ပြောတော့လည်း ချက်ချင်းကြီးပါလားဆိုပြီး ဘတင့်မှာ ဘဝင်ခိုက်နေလေ၏။

"အင်း... ဒါပေမယ့် အဲဒီလို ပြောလိုက်လို့ ကိုဘတင့်များ မိချိုကို အထင်သေးသွားမလား မသိဘူးနော်"

"အို... မသေးပါဘူး၊ မသေးပါဘူး ချိုလေးရယ်၊ ကြီးတောင် ကြီးပါသေးတယ်"

"ဟင်... ဘာကိုလဲ"

"အထင်... အထင်ကို ပြောတာပါ၊ စကားလောသွားလို့... အဟီး"

"တကယ်နော်"

"အဟုတ်ပါဆို"

"ကိုဘတင့်က ကြာသပတေးသားနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ပါတယ်"

"ဗေဒင် ယုံလား"

"ဟင်. . . ဘာကို"

"ဗေဒင် ယုံလားလို့ မေးတာ"

"ချိုလေး ယုံရင် ဘတင့်လည်း ယုံပြီးသားပဲ"

ဘတင့်မှာ နည်းနည်းတော့ ဇဝေဇဝါ ဖြစ်လာသည်။

သူထင်ထားသလို မဖြစ်သောကြောင့် နည်းနည်းတော့ အားလျှော့သွားသည်။

ဒါပေမယ့် မိချိုက သူ့ကို အခုလို တကူးတက စကားလက်ခံပြောနေတာကိုက အခွင့်ထူးခံ လူစားတစ်ယောက်လို ကြေနပ်နေမိ၏။

တျန်ပြိုင်ဘက် နှစ်ယောက်ကိုလည်း လှည့်ကြည့်ပြီး ရယ်ပြနေသေး၏။

"မဂ္ဂဇင်းထဲမှာ ဖတ်ရတဲ့ 'ကြာသပတေးသား'တွေရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး ရေးထားတာကို ကိုဘတင့်ကို ပြောပြမလို့"

"ဟင်. . . ဘာရေးထားလို့လဲ"

ဒါကိုတော့ ဘတင့်က စိတ်ဝင်စားသည်။

လတ်တလော မိချိုကို သူက ချစ်နေရသည် မဟုတ်ပါလား။

"ဒီလို ကိုဘတင့်ရဲ့. . . "



ဟု အစချီပြီး လေသံတိုးတိုးလေးနှင့် ပြောလိုက်၏။

"ကြာသပတေးသားများ အချစ်ရေး လာဘ်ကောင်းအောင် ပီယဆေးကိုဆောင်ဆိုပြီး ရေးထားတယ်"

"ဟင်. . . အဲဒီလိုကြီး ရေးထားတာလား"

"ဟုတ်တယ်၊ အဲဒါ ကိုဘတင့်ကို ပြောပြတာ"

"ဒါဆို အဲဒီ ပီယဆေးက ဘယ်မှာ ရှာရမလဲ. . . ပရဆေးဆိုင်မှာများ ရမလားမသိဘူးနော်"

"အာ. . . အဲဒါတော့ မိချိုလည်း ဘယ်သိမလဲ၊ ကိုယ့်ဘာသာကိုယ် ရှာပေါ့"

ဘာပဲပြောပြော မိချိုကတော့ သူ့ကို ရေလာပြီး မြောင်းပေးနေပြီဆိုပြီး တွက်လိုက်သည်။

သူပြောတဲ့ ပီယဆေးဆောင်ရင် ဘတင့်ကို ပြန်ချစ်မယ့်ပုံစံရှိတယ်ဆိုပြီး ဘတင့်မှာ တွေးရင်း အပျော်ကြီး ပျော်သွား၏။

"မိချို ဒီလိုပြောတာကို ဟိုနှစ်ယောက်မသိစေနဲ့နော်၊ ပြန်လည်း မပြောရဘူး"

"အာ. . . ဘာချိုင်လို့ ပြန်ပြောရမှာလဲ"

"ပြီးရော၊ နောက်မှ ပြန်သိရလို့ကတော့ မလွယ်ဘူးနော်"

"အင်းပါ. . . ချိုလေးရဲ့ ကိုဘတင့်တို့က တစ်တင့်တည်းရှိတယ်"

ဘာမှန်းလည်း မသိချေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအရွယ် တင့်တင့်တို့ အရွယ်၊ ကျွန်မ ကျွန်မတို့အရွယ် ဆိုပြီး သီချင်း ထဆိုနေမှ အခက် . . ။

"နောက်ပြီး ဒီကန်တင်းမှာ ဆက်ထိုင်မနေနဲ့တော့"

"အင်းပါ. . . ချိုလေးဆိက ဒီလိုမျိုးကြားရပြီဆိုတော့ ကိုယ် ဆက်ထိုင်စရာ မလိုတော့ဘူးလေ"

ထိုစကားကိုတော့ ဘော်လွန်းနည်းနည်း မြှင့်ပြောလိုက်သည်။ ဒါမှ ဟိုနှစ်ယောက် ကြားလေမည်။

သူနဲ့ မိချိုကို ဘာလိုလို ညာလိုလို ထင်ပေရော. . . ။

"တဲ. . . သွားတော့"

မိချို ပြောလိုက်ချိန်တွင် ဘတင့်မှာ ချက်ချင်းဆိုသလိုပင် ဖောင်းထဲက မြင်းလိုပဲ ကန်တင်းထဲမှ ထွက်သွားလေ၏။

သူ့ပြိုင်ဘက်နှစ်ယောက်ကိုလည်း အနိုင်ရတဲ့ မျက်နှာမျိုးနဲ့ ကြည့်သွားသေး၏။

မိချို သက်ပြင်းချလိုက်သည်။ တစ်ရန်တော့ အေးသွားပြီ။

ဒါနဲ့ မိချိုသည် သူ့ရှေ့ခပ်လှမ်းလှမ်းတွင် လွမ်းငွေ့တဝေ ဝေနဲ့ သူ့ကို စိုက်ကြည့်နေသော မိတ်ကပ် ခင်စန်းဝင်းကို လက် ယှက်ခေါ်လိုက်ပြန်၏။

"ဟင်"

မထင်မှတ်ဘဲ အခေါ်ခံရသောကြောင့် မိတ်ကပ် ခင်စန်း ဝင်းမှာ ဝမ်းသားအားရ ဖြစ်သွားပြီး တရှူးရှူးနဲ့ ပြေးလာလေ၏။



မိချိုသည် သူ့ရှေ့မှာ ဝင်ထိုင်လိုက်သော မိတ်ကပ် ခင်စန်း ဝင်းကို အသံလေး နှိမ့်ပြီး-

"ရှင်က 'အင်္ဂါသား' မှတ်လား"

ဟု မေးလိုက်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၄)

ကြီးမြင့်သည် ကန်တင်းမှာ ထောင်ထားသော Blackboard တွင် ယနေ့အထူးစပါယ်ရှယ် ဟင်းများဆိုသည့် စာများကို ဖျက်ကာ စာတန်းအချို့ ရေးလိုက်သည်။

ဆိုင်ရှင်က ပြောမနာ၊ ဆိုမနာ ဖြစ်သောကြောင့် အေးဆေးပဲ ဖြစ်သည်။ ကြီးမြင့် ရေးပြီးသမျှကို အနောက်က လိုက်ဖတ်နေသော အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာသာ မျက်လုံးပြူးသွားကြလေ၏။

"ကြီးမြင့်. . . မင်း. . . မင်းဟာက ဟုတ်ပါ့မလား"

"ဟာ. . . ဒီလိုပဲလေ၊ ပိုက်ဆံရှာရတော့မှာ ဆိုတော့ ဖိန့်ဖိန့် လုပ်ရမှာပေါ့"

"မင်း ပြောတော့ တောင်းစားမယ်ဆို"



"အေးလေ. . . တောင်းစားတာနဲ့ စီးပွားရေးလုပ်တာနဲ့က အတူတူပဲကွ၊ အဆင့်အတန်းချင်းသာ နည်းနည်းကွာသွားတာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွာ၊ စီးပွားရေးလုပ်တာပဲဖြစ်ဖြစ်၊ တောင်းစားတာပဲဖြစ်ဖြစ် သူများပိုက်ဆံအိတ်ထဲက ပိုက်ဆံကို ကိုယ့်အိတ်ထဲ ပေးချင်လာအောင် နည်းမျိုးစုံနဲ့ လုပ်ရတယ်လေ. . . ဟုတ်ဘူးလား။ ဥပမာကွာ သူတောင်းစားက သူ့ကို လူတွေ ပိုက်ဆံပေးချင်လာအောင် အနာလေးဖြစ်တဲ့ပုံစံတို့၊ ခြေကျိုးတဲ့ပုံတို့၊ အဲဒါတွေ လုပ်တယ်လေ။ စီးပွားရေးသမားတွေကလည်း သူများပိုက်ဆံတွေ ယူချင်တော့ ဟိုဟာရောင်း၊ သည်ဟာရောင်း၊ တစ်ခုခု လုပ်ပေးစသည်ဖြင့်ပဲပေါ့ကွာ"

"ဟုတ်တော့ ဟုတ်တာပေါ့ကွာ. . . ဒါပေမယ့်"

"ဒါပေမယ့် လုပ်မနေနဲ့ ငါတို့မှာ အခု ပိုက်ဆံပြတ်နေတယ်၊ အဲဒီတော့ လူတွေက ငါတို့ကို ပိုက်ဆံလာပေးအောင် လုပ်ရမယ်။ သူတို့ ပိုက်ဆံပေးချင်အောင်တော့ နည်းနည်းပါးပါး သူတို့ကို ပြန်လုပ်ပေးရမှာပေါ့ကွ"

ဟုဆိုပြီး Blackboard တွင် နောက်ဆုံး စာသားကို ချရေးလိုက်သည်။

သူ့နာမည်ကို အရှေ့က လိုတရဆိုပြီး ရေးထည့်ကာ အဆုံးသတ်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လိုတရကြီးမြင့်

"မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ"

ဘထွန်းလှမြင့်က ရေရွတ်သည်။

"ဘာမှ မပူနဲ့ . . . အခု ပိုက်ဆံပေးမယ့် လူတွေလာရင် မင်းတို့က အရင်တွေ့ရမယ် . . . ပြီးမှ ငါရှိတဲ့ စားပွဲကို လွှတ်ရမယ်"

"အတူတူထိုင်ပြီး လုပ်လည်း ရတာပါပဲကွာ"

"ဟကောင်ရ . . . လုပ်မယ့် လုပ်တော့ ကြီးကြီးကျယ်ကျယ် လုပ်ရတယ်ကွ . . . အဲဒါမှ သူတို့က နည်းနည်းရှိန်သွားမှာပေါ့။ ငါနဲ့ တိုက်ရိုက်မတွေ့ရဘူးဆိုပြီး . . . အဟီး"

မျက်နှာက စပ်ဖြီးဖြီး လုပ်နေသောကြောင့် သူတို့လည်း ဘာမှ ပြန်မပြောတော့ပဲ ကြီးမြင့်နဲ့ ခပ်လှမ်းလှမ်း ခုံတွင် ပြောင်းထိုင်လိုက်ကြသည်။

ဖြတ်သွားဖြတ်လာ ကျောင်းသား၊ ကျောင်းသူများက ကန်တင်းရှေ့တွင် ထောင်ထားသော Blackboard ကို ကြည့်လိုက်၊ ဆိုင်ထဲမှာ မိန့်မိန့်ကြီး ထိုင်နေသော ကြီးမြင့်ကို ကြည့်လိုက်နဲ့ ပြုံးစိပြုံးစိ လုပ်နေကြသည်။

ကြီးမြင့်အကြောင်းကိုလည်း သိကြသောကြောင့်-

"ကြီးမြင့် . . . ဘာထွင်ပြန်ပြီလဲကွ"

ဆိုပြီး အော်သွားတဲ့သူတွေလည်း ရှိသည်။



တချို့ကလည်း ကြီးမြင့် ရေးထားသော စာများကို တစ်လုံးချင်းစီ သေချာဖတ်နေလေ၏။

ဘာပဲလိုလို

လိုချင်တာကိုသာ ပြောပါ။

မဖြစ်နိုင်တာ မရှိပါဘူး။

လိုချင်တာ အားလုံးရနိုင်မည်။

(မှတ်ချက်။ ။ အခကြေးငွေဖြင့်သာ)

ပုံ

လိုတရကြီးမြင့်

"အောင်မာ . . . သင်းက"

မျက်မှန်နဲ့ ကျောင်းသားတစ်ယောက်က ထိုသို့ရေရွတ်ပြီး ကန်တင်းထဲမှာ ထိုင်နေသော ကြီးမြင့်ရှိရာသို့ လှမ်းဝင်လိုက်၏။

ကြီးမြင့်က လက်ကာပြလိုက်ပြီး သူ့ဆီ အရင်မလာနဲ့၊ တိုဘက်ဝိုင်းက သူ့သူငယ်ချင်းနှစ်ယောက်ဆီကို အရင်သွားပါ ဆိုတဲ့ ပုံစံကို လုပ်ပြသည်။

"အောင်မာ . . . သူက အတွင်းရေးမှူးတွေ ဘာတွေနဲ့ ဝါလား"

www.burmeseclassic.com



အောင့်သက်သက် ဖြစ်သွားသော်လည်း အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်တို့ခုံတွင် ဝင်ထိုင်လိုက်ရသည်။

"ဘာလိုချင်လို့လဲ"

"ဟင်. . . ဘာကို"

"ဘာလိုချင်လို့လဲ မေးတာ။ ဆိုင်းဘုတ်ကြည့်ပြီး ဝင်လာတော့ တစ်ခုခု လိုချင်လို့မို့လား"

"ဩော်. . . အေး. . . ဟုတ်တယ်"

မျက်မှန်နဲ့ကျောင်းသားကို အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်တို့က ကောင်းစွာသိကြသည်။

သူ့နာမည်က အေးထွန်း. . . ။ ကျောင်းထဲမှာ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်သူများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ကြီးမြင့်နဲ့တော့ သိပ်အစေးမကပ်လှ။ အခုလည်း ကြီးမြင့်ကို လှောင်ချင် ပြောင်ချင်၊ ဒုက္ခပေးချင်သောကြောင့် ဝင်လာမှန်း အားလုံးရိပ်မိသည်။

"ပြောပါ. . . အေးထွန်း၊ ဘာလိုချင်ပါသလဲ၊ ငါတို့မှာ အချိန်မရှိဘူး၊ တိုတိုနဲ့လိုရင်းပဲ ပြောပါ"

အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာ ကြီးမြင့် သင်ပေးထားသည့်အတိုင်း စာအုပ်တစ်အုပ်ကိုကိုင်ပြီး ခပ်တည်တည် မေးလိုက်လေ၏။

"ငါ. . . လကမ္ဘာက ကျောက်တုံးတစ်တုံး လိုချင်လို့"



"ဟင်"

ထင်သည့်အတိုင်းပင် အေးထွန်းက လုပ်လေပြီ။ မျက်နှာစပ်ဖြဲစပ်ဖြဲနှင့် ဖြစ်နေ၏။

ကြီးမြင့်ကို လှမ်းကြည့်လိုက်တော့ ကြီးမြင့်က သူတို့နှစ်ယောက်ကို ခေါင်းညိတ်ပြသည်။

"မင်းဟာက နည်းနည်းခက်တယ်ဆိုတော့ ဈေးကြီးမယ်ကွ"

"ရတယ်လေ၊ အဓိကက လကမ္ဘာက ကျောက်တုံးတစ်တုံးရဖို့ပဲ"

"ကောင်းပြီ. . . မင်းလိုချင်တာက လကမ္ဘာက ကျောက်တုံး တစ်တုံး"

စာအုပ်ထဲမှာ ရေးမှတ်လိုက်သည်။

**လကမ္ဘာက ကျောက်တုံးတစ်တုံး။**

"မှန်ကန်ကြောင်း လက်မှတ်ထိုး"

ဘထွန်းလှမြင့်က အေးထွန်းကို လက်မှတ်ထိုးခိုင်းလိုက်လေသည်။

အေးထွန်းကလည်း လက်မှတ်ထိုးပြီးနောက် ကျသင့်ငွေကို အောင်စိန်သန်းက ပိုပိုသာသာလေးပြောရာ အေးထွန်းက လက်ခံလေ၏။

"လကမ္ဘာက ကျောက်တုံး မရရင် (၂)ဆ ပြန်ပေးရမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ပေးမှာပါကွ သိပါတယ်"

"ဒါဆိုရော့"

အေးထွန်းက ပိုက်ဆံကို သူတို့ရှေ့ ပစ်ချပြီး ကြီးမြင့်ဘက် လှည့်တာ-

"ငါဘယ်တော့ ရမှာလဲ"

ဟု လှမ်းမေးလိုက်သည်။

"ညနေရမယ်"

"ဟင်"

ကြီးမြင့်ရဲ့ သေချာတဲ့ လေသံကြောင့် အေးထွန်းပင် အံ့သြသွားလေ၏။ နောက်မှ မချိပြုံး ပြုံးရင်း 'ကောင်းပြီလေ'ဟု ပြောကာ တန်တင်းထဲမှ ထွက်သွားလေ၏။ အေးထွန်း ထွက်သွားပြီးသောအခါ အောင်စိန်သန်းထွန်းနှင့် ဘထွန်းလှမြင့်တို့မှာ ကြီးမြင့်ဘက်ကို တူးလာပြီး-

"ဟေ့ကောင်. . . ကြီးမြင့်၊ မင်းဟာက သေချာလို့လား"

"အဟဲ. . . ဘာပဲပြောပြော မင်းတို့ ပိုက်ဆံရလိုက်ပြီ မှတ်လား"

"ဟာ. . . ဒီညနေမှ သူပြောတာ မရရင် ပြန်လျှော်ရမှာ လေ. . . အဲဒါလည်း ထည့်တွက်ဦး"

"အေးဆေးပါကွ"

"မင်းကသာ အေးဆေးနေ၊ သူပြောသွားတာကို ကြည့်ခြင်း



အားဖြင့် ငါတို့ကို တစ်ကျောင်းလုံး အရှက်လိုက်ခွဲချင်ပုံ ရတယ်ကွ"

"အေးပါ၊ ငါသိပါတယ်၊ သူပြောသွားတာက ဘာ"

"လကမ္ဘာက ကျောက်တုံးတစ်တုံးလေ"

"ဒီလို လုပ်ကွာ"

"အေး. . . ပြောစမ်းပါဦး"

ကြီးမြင့်က နှစ်ကိုယ်ကြား တိုးတိုးလေးကပ်ပြောသည်။

"ငါတို့ကျောင်းကနေ အပြင်ကိုသွားရင် တွေ့ရတဲ့ လကမ္ဘာ စတိုးဆိုင်ကို သိတယ်မှတ်လား"

"အေး. . . သိပါတယ် ငါတို့ကျောင်းနဲ့ သိပ်မဝေးဘူး၊ ခြံထဲမှာ ဖွင့်ထားတာလေ"

"အေး. . . မင်းတို့ထဲက တစ်ယောက်က အဲဒီဆိုင်ကို သွားပြီး သူ့ခြံထဲက ကျောက်တုံးတစ်တုံး ယူလာခဲ့"

"ဟင်. . ."

"ပြီးလို့ရှိရင် အဲဒီဆိုင်ရှင်ကို ငါ့နာမည်ပြောပြီး သူ့ လက်ရေးနဲ့ စာလေးတစ်စောင် ရေးခိုင်းလိုက်"

"ဘာရေးခိုင်းရမလဲ"

"ဤကျောက်တုံးသည် လကမ္ဘာမှ ကျောက်တုံးဖြစ်ကြောင်း အာမခံပါသည်။ ပုံ. . . ကျော်သိန်း၊ လကမ္ဘာစတိုးဆိုပြီး ရေးခိုင်း ရမယ်"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com



အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာ ကြီးမြင့်ကို ကြောင်တောင်တောင်နဲ့ ကြည့်မိကြရင်း. . .

"သူက အာကာသထဲမှာရှိတဲ့ လကမ္ဘာပေါ်က ကျောက်တုံးကို ပြောတာလေကွာ"

"သူပြောသွားတာ အာကာသလို့ ပါလို့လား'

"အဲ. . . ဟို. . . အဲဒါတော့ မပါဘူးပေါ့ကွာ၊ ဒါပေမယ့် လို့"

"ဟာ. . . ငါတို့က သူပြောတဲ့အတိုင်း လုပ်ပေးတာပဲလေ. . . လကမ္ဘာက ကျောက်တစ်တုံးတစ်တုံးလို့ပဲ သူပြောသွားတာ၊ လပေါ်ကတို့၊ အာကာသထဲမှာရှိတဲ့ လကမ္ဘာတို့ဆိုပြီး ထည့်မပြောသွားတာ. . . ဟုတ်ဘူးလား"

ကြီးမြင့်ပြောတာလည်း ဟုတ်တော့ ဟုတ်သည်။

ဟိုသကောင့်သားက လတမ္ဘာက ကျောက်တုံးလို့ပဲ ပြောသွားတာကိုး။ ကြီးမြင့်ကတော့ ပိုင်သည်။

သူပြောသွားတာကိုပဲ ကွက်တိလုပ်ပေးမည်ဟု ပြောသည်။

(ဤအတိုင်းပဲ ညနေရောက်တော့ အေးထွန်းကို လကမ္ဘာစတိုးက ကျောက်တုံးပေးတော့ ဘာဘာညာညာ လုပ်သေးသည်။

ဒါပေမယ့် ကြီးမြင့်က အေးထွန်း လက်မှတ်ထိုးထားသော စာသားများအရ သူမှန်ကြောင်း၊ မြလုပ်ပေးပြီးဖြစ်ကြောင်း ပြောတော့ အေးထွန်းမှာ ဘာမှမပြောနိုင်ဘဲ ပွစိပွစိနဲ့ ထွက်သွားလေသည်။)



အဲဒီလိုမျိုး ပေါက်ပေါက်ရှာရှာ ကြီးမြင့်မို့လို့ လုပ်တတ်သည်။ သူတို့ဆီလာတာ အေးထွန်းတစ်ယောက်ပဲတော့ မဟုတ်ပါဘူး။ ကျန်တဲ့လူတွေလည်း လာကြသေးသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# (၅)

နောက်တစ်ယောက်ကတော့ မိန်းကလေးတစ်ယောက် ဖြစ်သည်။ ကြီးမြင့်က စပ်ဖြီးဖြီးနဲ့ ထိုင်နေသလို သူမကလည်း ကြီးမြင့်ရှေ့မှာ ပြုံးစိစိနဲ့ ဝင်ထိုင်လေ၏။

အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်ရှေ့မှာ မထိုင်ဘဲ ကြီးမြင့်ရှေ့မှာ အတင်းဝင်ထိုင်ခြင်း ဖြစ်သည်။

ကြီးမြင့်ကလည်း မတတ်သာတော့ဘဲ-

"ကဲ... ဘာလိုချင်လဲ ကလေးမ"

တကယ်တော့ ကလေးကြီးဟု ဆိုရလောက်အောင် ခန္ဓာကိုယ်မှာ ထွားထွားနှင့် ဖြစ်သည်။

"ကျွန်မနာမည်က ခင်သက်ထားစိန်ပါ"

"ဪ..."

သူ့စိတ်ထဲမှာတော့ ထွားစိန်လို့ မှတ်ထားလိုက်သည်။



"ကျွန်မက ရှင့်ကိုသိသလို ရှင့်အကြောင်းလည်း သိပါတယ်"

"ဟုတ်"

ရှက်သလိုလို ဘာလိုလို ဖြစ်သွားသည်။

ကိုယ့်အကြောင်း သိတယ်ဆိုတော့ ကိုယ့်အကြွေးတွေလည်း သူသိမှာပေါ့။

"ကျွန်မ စိတ်ညစ်နေတာရှင့်"

"အင်း... ပြောပါဦး"

"ကိုနေတိုးက ကျွန်မချစ်သလို ကျွန်မကို ပြန်မချစ်ဘူး"

"ဪ... ခုနကတောင် သူ့ကို တွေ့လိုက်သေးတယ်"

"ဟယ်... ဟုတ်... ဟုတ်လား၊ ဘယ်မှာလဲ ကျွန်မ... ကျွန်မ သွားတွေ့မယ်"

ထွားစိန်မှာ ခန္ဓာကိုယ်ကြီး လှုပ်တုပ်လှုပ်တုပ်နဲ့ ခုံကျိုးကျလောက်အောင် ပြာကလက်စိန် ဖြစ်သွားသည်။

"ခုနကတော့ ကွမ်းယာဆိုင်မှာ တွေ့တာပဲ၊ ကွမ်းစားနေတယ်၊ ဘယ်သွားမလို့လဲ မေးတော့ အိမ်ပြန်မယ်ဆိုပြီး ဘတ်စ်ကားဂိတ် ထွက်သွားတာပဲ"

"ဟင်"

ထွားစိန်မှာ မျက်မှောင်ကြီး ကြုတ်ပြီး သူ့ကို စားတော့မတတ် ပြန်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်သူ့ကို ပြောနေတာလဲ"

"သခ်ျာက နေတိုးကို ပြောတာ ဟုတ်ဘူးလား"

"ဘာရှင့်. . . ကျွန်မက အဲဒီဂျပိန်ကို ပြောမလား။ ကျွန်မ ပြောတာက ရုပ်ရှင်မင်းသားချော ကိုနေတိုးကို ပြောတာရှင့်"

"ဪ. . . သိဘူးလေ၊ နီးစပ်ရာထင်လို့"

"ကျွန်မက အဲဒီလိုကောင်မျိုးကို မမှန်းဘူးရှင့်"

"အင်း. . . ဟင်း၊ ဆက်ပြောပါဦး"

ကြာရင် ထွားစိန်လုပ်တာကြောင့် ခုကျိုးသွားနိုင်သည်။

မကျီးခင် တဲတဲလေး အခြေအနေမှာ သူအဆင်ပြေအောင် လုပ်ပေးမှပါပဲ။

"အဲဒါ သူ့ဓာတ်ပုံနဲ့ လက်မှတ်လိုချင်တယ်"

"အာ"

"ဘာလဲ မရဘူးလား၊ ရှင့်ရှေ့မှာ ရေးထားတော့ ရန်ကုန် လမ်းညွှန်လိုပဲဆို"

"ဟင်. . . ဘာရယ်၊ ဘာရယ်"

"ရန်ကုန်လမ်းညွှန်လေ"

"ဘာဆိုင်လို့လဲ"

"ဟုတ်တယ်လေ၊ ရန်ကုန်လမ်းညွှန် ကြော်ငြာကလည်း ဘာပဲလိုလို ရန်ကုန်လမ်းညွှန်ရှိတယ်ဆိုပြီး ကြော်ငြာတာလေ၊ အစတာ ရှင်ရေးထားတာကြည့်ပြီး ရန်ကုန်လမ်းညွှန် ကြော်ငြာမှတ်



လို့ နောက်မှ ရှင်မှန်းသိပြီး ဝင်လာတာ"

ဟစ်ဟစ်သာ အော်ဝိုလိုက်ချင်တော့သည်။

တော်သေး၏။ လိုချင်တာ အားလုံးရနိုင်တာ Junction Center ဆိုပြီး သူ့ရုပ်ကြီးနဲ့ မပြောသွားတာပဲ ကံကောင်းသည်။

နောက်ဆို သူ့ရုပ်ကြီးမြင်မိတာနဲ့ ထိုကြော်ငြာကို ကြည့် ဖြစ်တော့မှာ မဟုတ်. . .။

"အဲဒါများ ထွားစိန်ရယ်"

"ဘာရှင့်"

"အဲ. . . ထားစိန်ရယ်လို့ ပြောတာပါ၊ ကိုနေတိုးဆီ မိတ်ဆက်စာလေး ရေးပြီး၊ ကိုနေတိုး ပရိသတ်ပါ ဓာတ်ပုံနဲ့ လက်မှတ်လေး လိုချင်လို့၊ ဘာလို့ဆိုပြီးပြောလည်း သူက ပြန်ပို့ပေးမှာ ပေါ့"

"လုပ်ပြီးပြီရှင့်. . . မရဘူး"

ထွားစိန်မှာ ပြောရင်းပြောရင်းနဲ့ ငိုမဲ့မဲ့ ဖြစ်လာသည်။ သူ့အဖြစ်ကို တွေးရင်း တွေးရင်းနဲ့ ဝမ်းနည်းလာတယ်ထင်ပ။

"ဘယ်လို လုပ်တာလဲ"

"စာတွေ အကြိမ်ကြိမ်ထည့်ပြီးပြီ၊ သူ့ဆီက တစ်ခါဆို တစ်ခါမှ ပြန်မလာဘူး"

"လိပ်စာများ မှားသလားဗျာ"

"မမှားဘူးရှင့်၊ မမှားဘူး၊ ကျွန်မသူငယ်ချင်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုနေတိုးဆီ စာပို့ဖူးတယ်၊ သူကတော့ သူ့ဓာတ်ပုံလေးနဲ့ လက်မှတ်ကလေး ရတယ်၊ ကျွန်မ. . . ကျွန်မကတော့ ဘာ. . . ဘာဆို ဘာမှ ပြန်. . . ပြန်မရဘူးရှင့်. . . ဟီး”

ထွားစိန် ငိုချလိုက်ပါပြီ။

သူလည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားပြီး သကောင့်သား နှစ်ယောက်ကို လှမ်းခေါ်လိုက်ရသည်။

သူ့တို့လည်း ထွားစိန်ကို ကြောက်လို့ ထင်သည်။ ကိုယ့်ဘာသာကိုယ် ကြည့်ရှင်းဆိုပြီး လက်ကာပြလိုက်၏။

“နေပါဦး. . . ထွား. . . အဲ၊ ထားစိန်က ကိုနေတိုးကို ဘာတွေများ ရေးပို့လို့လဲ”

“သူက နာမည်ကြီးမင်းသားဆိုတော့လေ. . . အဟင့်”

“အင်း. . နှပ်. . . နှပ်တွေ ကျလာပြီ”

“ဘာရယ်”

“နှပ်တွေကျလာပြီလို့ ပြောတာ”

“ဪ”

တစ်ရှူးတစ်ခုထုတ်ကာ နှပ်တွေကို ‘ဖြီး’ဆိုပြီး မြည်အောင် ညှစ်ပြီး ဆက်ပြောလေ၏။

“အခြားပရိသတ်တွေကလည်း ကိုနေတိုးကို ချစ်တယ်၊ လက်ထပ်ချင်တယ် စသဖြင့် ရေးကြမှာပဲလေ. . . မဟုတ်ဘူးလား”

“ဒါပေါ့”



အလိုက်သင့်လေး ဖြေပေးလိုက်သည်။ နှပ်မစင်အောင်လည်း လက်နဲ့ ကာထားရ၏။

“အဲဒီတော့ သူများတွေ မလုပ်တဲ့၊ ထူးခြားမှုလည်း ဖြစ်အောင်ဆိုပြီး စာတိုတိုလေး တစ်စောင်ရယ်၊ ကျွန်မ ဓာတ်ပုံနဲ့အတူ ဒီဖိတ်စာလေး ပို့ပေးလိုက်တာပါ”

ဆိုပြီး သူ့အိတ်ထဲကနေ ဖိတ်စာလေးတစ်စောင် ထုတ်ပြသည်။ ထုတ်ပြရင်း ဆက်ပြောပြန်၏။

“စာကတော့ တိုတိုလေးပါ၊ ဒီဖိတ်စာကို ကိုနေတိုး သဘောတူရင် ကျွန်မဆီကို ကိုနေတိုး လက်မှတ်ထိုးထားတဲ့ ဓာတ်ပုံလေး တစ်ပုံပို့ပေးပါဆိုပြီးတော့ ရေးလိုက်တာ. . . အဟင့်၊ အခု. . . အခုထိ သူ့ဆီက ဓာတ်ပုံပြန်မရသေးဘူး ဟီး. . . ဟီး”

ငိုသည်။ နှပ်ထွက်သည်။ ညှစ်ချသည်။

“ပြပါဦးဗျာ၊ ဘာဖိတ်စာလဲ”

သူ့ကိုပေးသော ဖိတ်စာကို ဖွင့်ကြည့်လိုက်သည်။

“ဟိုက်”

ကြီးမြင့် မျက်လုံးပြူးသွားသည်။

ဖိတ်စာမှာ ထွားစိန်နှင့် ကိုနေတိုးတို့၏ လက်ထပ်မင်္ဂလာ ဖိတ်ကြားလွှာဆိုပြီး နှစ်ဖက်မိဘ အပြည့်အစုံနှင့် တကယ့်ဖိတ်စာအတိုင်းရေးထားသည့် ဖိတ်စာဖြစ်နေသည်။

ကိုနေတိုးမပြောနဲ့ သူတောင် ကြက်သီးဖြန်းဖြန်း ထသွား

www.burmeseclassic.com



သည်။ ထွားစိန်ဆိုသည့် ဆူမိုနပန်းသမားပုံစံကို ကြည့်လိုက်တိုနေတိုး မျက်နှာကို ပြန်မြင်ယောင်လိုက်နဲ့သာ သက်ပြင်းချနေမိသည်။

ဘာပဲဖြစ်ဖြစ် ထွားစိန်ကိုတော့ နှစ်သိမ့်ဆွေးနွေး ပေးလိုက်ပါသည်။ အဲဒီလိုပြောလိုက်၍ ထွားစိန် AIDS ဖြစ်နေသည်ဟု မဆိုလိုပါ။

သူ့ စိတ်ကျေနပ်အောင် စီစဉ်ပေးလိုက်တာလို့ ပြောခြင်းဖြစ်ပါသည်။ ကြီးမြင့်မှာ ရှုတင်ကားမောင်းသည့် မိတ်ဆွေတစ်ယောက်ရှိသည်။ သူ့ကို အကျိုးအကြောင်းပြောပြီး ကိုနေတိုးဆီက စာလေးတစ်စောင်လောက်ကို ယူလာစေခြင်း ဖြစ်ပါသည်။

ကိုနေတိုးကလည်း ကူညီပါသည်။ စာထဲတွင် ကိုနေတိုးကညီမလေးလိုတော့ ခင်ပါကြောင်း၊ အစ်ကို့မှာ ရည်ရွယ်ထားတဲ့လူရှိပါသောကြောင့် မည်သို့မျှ မဖြစ်နိုင်ကြောင်း စသဖြင့် ရေးကာတိုနေတိုး လက်မှတ်ထိုးထားသည့် ဓာတ်ပုံတစ်ပုံကို ထွားစိန်ထံသို့ ပို့လိုက်ခြင်း ဖြစ်ပါသည်။

ထိုကိစ္စအတွက် ကြီးမြင့်တို့ ခပ်မြတ်မြတ်လေး ရလိုက်သည်။

(နောက်ပိုင်းတွင် ထွားစိန်မှာ ကောင်လေးတစ်ယောက်နှင့် ရည်းစားဖြစ်သွားသည်ဟု ကြားရသည်။

သူ့ကောင်လေး နာမည်က မင်းသွေးဟုဆိုပြီးလည်း နောက်ဆက်တွဲ ထပ်ကြားရသည်။



အစ်ကို ကို ကလဲ့စားချေချင်သောကြောင့် သူ့ညီနဲ့ နာမည်တူသည့်သူကို ရှာကြံကြိုက်လိုက်ပုံရသည်။)

■

www.burmeseclassic.com

www.burmeseclassic.com

# (၆)

"ပီယဆေးလိုချင်လို့ပါ"

တစ်နေ့တုန်ရသမျှ ပိုက်ဆံများကို ကြီးမြင့်တို့ သုံးယောက်သား ရေတွက်နေရင်း သူ့တို့ထိုင်နေသော စားပွဲသို့ လူတစ်ယောက် ဝင်ထိုင်တာ အထက်ပါအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

"ဆိုင်ပိတ်ပါပြီ"

ဘထွန်းလှမြင့်က လှည့်မကြည့်ဘဲ ပြောလိုက်၏။

"ကျွန်တော့်နာမည် ဘတင့်ဗျ"

"ဟင်. . ."

ဘာမှမဆိုင်ဘဲနဲ့ သူ့နာမည်ကို အတင်းဝင်ပြောသောကြောင့် ကြီးမြင့်တို့သုံးယောက်မှာ ထိုလူကို ငေးငေးငိုင်ငိုင်နဲ့ ကြည့်နေမိသည်။



"ဘာလုပ်ရမှန်း မသိတုန်း၊ ခင်ဗျားတို့ ဟာကြီးတွေ့တာနဲ့ ဝင်လာတာ"

"အာ. . . ဘာကြီးတုန်း"

"ဆိုင်းဘုတ်ကို ပြောတာပေါ့ဗျ"

ရုပ်ရော၊ နာမည်ရော လူမိုက်ရုပ်ဖြစ်နေသောကြောင့် ဖေးဖေးမမတော့ ပြောနေရသည်။

"ဒီနေ့တော့ အဲဒီဆိုင်းဘုတ်က ပိတ်ပြီဗျ"

တကယ်လည်း သူ့တို့ ပင်ပန်းနေကြသည်။

ဒီနေ့တစ်နေ့လုံး မေးသမျှ ပြောလိုက်၊ လိုချင်တာ ရှာပေးလိုက်နဲ့ တော်တော်လေးကို ခေါင်းခြောက်နေသောကြောင့် ဖြစ်သည်။

ပိုက်ဆံတွေကို ရေတွက်ကြည့်သောအခါမှာလည်း တော်တော်လေး ရနေသောကြောင့် ဆက်မလုပ်တော့ရန် သုံးယောက်သား ဆုံးဖြတ်ထားကြခြင်း ဖြစ်သည်။

"လုပ်ပါဗျာ. . . ကျွန်တော် ဈေးကြီးကြီး ပေးဝယ်ဆိုလည်း ပေးဝယ်ပါရစေ၊ တကယ် ဘာလုပ်ရမှန်း မသိလို့ပါ"

ဘတင့်က ရုပ်နဲ့မလိုက်အောင် ညူနေ၏။

"နေပါဦး၊ ခုန ခင်ဗျားလိုချင်တာ၊ ဘာ. . ."

ကြီးမြင့်က မေးလိုက်ခြင်း ဖြစ်သည်။

"ပီယဆေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... အဲဒါတော့ မလုပ်ပေးတတ်ဘူးဗျ၊ ဆရာ တစ်ယောက်ယောက်ဆီသွား"

"ဘယ်ဆရာဆီသွားရမှန်း မသိလို့ပေါ့၊ လုပ်ပါဗျာ၊ ခင်ဗျား တို့ ရေးထားတော့ ဘာပဲလိုလိုဆို"

လာပြန်ပြီ နောက်တစ်ယောက်။ ထိုဆိုင်းဘုတ်ကို ပြန်မြင် မှပဲ။

နောက်ဆို သူ့နာမည်နောက်မှာ ကြီးမြင့် (ရန်ကုန်လမ်း ညွှန်)ဆိုပြီး တွင်သွားမှ ခက်နေဦးမည်။

"ဒီနေ့တော့ ကျောင်းလည်း ဆင်းတော့မယ်ဗျာ၊ နောက် နေ့မှ လာလို့ မရဘူးလား"

ဈေးကြီးကြီးပေးမယ်ဆိုသောကြောင့် သိပ်လည်း လက် လွှတ်ချင်သေးပေ။

ဒီကြားထဲ စဉ်းစားလို့ ရလိုရငြား မနက်ဖြန် ချိန်းလိုက် ခြင်း ဖြစ်သည်။

ဘတင့်က ဒီနေ့ မရသောကြောင့် မျက်နှာကြီး စူပုတ်သွား သော်လည်း နောက်နေ့ လာမည်ဟုဆိုပြီး ကင်းတင်းထဲမှ ထွက်သွား လေ၏။

ထိုအခါမှပဲ သူတို့သုံးယောက်သား သက်ပြင်းချနိုင်ပြီး ဗိုက်ဆံတွေကို ခပ်မြန်မြန် ရေလိုက်ကြ၏။

"ဗီယဆေး လိုချင်လို့"



"ဟာ..."

လာပြန်ပြီ နောက်တစ်ယောက်...

ဒီတစ်ခါတော့ မျက်နှာမှာ မိတ်ကပ်တွေနဲ့ လူတစ်ယောက် ဖြစ်သည်။

"ဟို... ဒီနေ့တော့ ဘာမှလုပ်ပေးလို့ မရတော့ဘူးဗျ၊ ကျောင်းဆင်းတော့မှာဆိုတော့"

"မနက်ဖြန်ရော ရမလား"

"အဟဲ... လာကြည့်လိုက်ဗျာ"

"အာ... ကျွန်တော်က ဗီယဆေးရမှ အဆင်ပြေမှာဗျ။ ဘယ်လောက် ပေးရပေးရဗျာ... စရန် ယူထားမလား"

အိတ်ကပ်ထဲကနေ ပိုက်ဆံတွေ အတင်းထုတ်ပေးနေသော ကြောင့် ကြီးမြင့်မှာ မနည်းတားလိုက်ရပြီး-

"နေ... နေပါဦးဗျာ... ဘာဖြစ်လို့ ဒီလောက်တောင် ဗီယဆေးကို အတင်းလိုချင်နေရတာလဲ"

"အဲဒါကို ဘယ်သူမှ မပြောရဘူးလို့ သေချာကတိပေးထား တာကြောင့် ပြောလို့မဖြစ်ဘူး"

ကြီးမြင့်မှာ ခေါင်းကုတ်လိုက်၊ ဖင်ကုတ်လိုက်လုပ်ရင်း အတော်ကြီးကို စိတ်ညစ်သွားလေ၏။

"အခုမရဘူးဆိုလည်း မနက်ဖြန်လာခဲ့မယ်ဗျာ၊ ဘာလုပ် လို့ ဘာလုပ်ရမှန်းမသိတုန်း ခင်ဗျားဆိုင်းဘုတ် တွေ့တာနဲ့ ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



တာ. . . ကျွန်တော့်နာမည် မှတ်ထားဦး စန်းဝင်းတဲ့”

“သြော်. . . ဟုတ်”

ထိုသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားမှပင် ကြီးမြင့်မှာ အသက်ရှူနိုင်လေသည်။

ပြင်းလိုက်သည့် ရေမွှေးနံ့ အသက်ပင် အောင့်ထားရသည်။

“တဲ့. . . ဟို. . . ဆိုင်းဘုတ်ကို မြန်မြန်ဖျက်မှရမယ်။ တော်ကြာ. . .”

စကားပင် မဆုံးသေး၊ သူ့ရှေ့ကို လူတစ်ယောက် လာရပ်သောကြောင့် ကြီးမြင့်မှာ တိုးလို့တန်းလန်း ဖြစ်သွားလေ၏။

စကား တိုးလို့တန်းလန်းဟု ဆိုခြင်းဖြစ်ပါသည်။

“ကြီးမြင့်ဆိုတာ မင်းလား”

“ဟုတ်. . . ဟုတ်ပါတယ်. . . ”

ကြွက်သားကြီးတွေ ညှစ်ညှစ်ပြီး ‘ကြီးမြင့်ဆိုတာ မင်းလား’ ဟုဆိုသောကြောင့် ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

ဘာများမှားလို့ပါလိမ့်။

“မင်းဆိုင်းဘုတ်မှာ ရေးထားတဲ့အတိုင်းဆိုရင် ဘာမဆို လုပ်ပေးလို့ရတဲ့ လိုတရကြီးမြင့်ပေါ့ ဟုတ်လား”

“ဟဲ. . . ဟဲ၊ ဒါက ဒီလိုရှိတယ်ခင်ဗျ၊ ဟိုပေါ့နော်. . . ရတဲ့အခါလည်း. . . ဘယ်လိုပြောရမလဲ. . . အဲဒါကတော့ လိုချင်



တာပေါ့ မူတည်တာပေါ့နော်”

ဟိုဟိုဒီဒီ လျှောက်ပြောပစ်လိုက်သည်။ ပြီးမှ-

“ဟို. . . ကိုဗလက ဘာများ လိုချင်လို့လဲ. . .”

“ဘာကွ ငါ့နာမည်က တင်အေးကြည်၊ ဗလမဟုတ်ဘူး”

“ဟင်း နာမည်ကြီးက တင်အေးကြည်. . . ဟုတ်လား”

“အေးလေကွာ. . . ဘာဖြစ်လို့လဲ”

“အာ. . . ဘာမှ မဖြစ်ဘူး၊ မိုက်တယ်”

ကြွက်သားအမြိုင်မြိုင်နဲ့ တင်အေးကြည်ကို ကြည့်ပြီး နွဲ့မြသလို ခံစားလာရသောကြောင့် ကြီးမြင့်မှာ ဘာမှဆက်မပြောဘဲ ငြိမ်နေလိုက်သည်။

“အခု မရဘူးဆိုတော့. . . မနက်ဖြန် ငါဘယ်အချိန်လောက် လာရမလဲ”

“အိုး. . . ရပါတယ်၊ အဆင်ပြေတဲ့အချိန် လာခဲ့ပါ”

“အေး. . . အဲဒါဆို စောစောလာခဲ့မယ်ကွာ. . . ပြန်ဦးမယ်”

“ဟုတ်ကဲ့. . . ကိုတင်အေးကြည်”

ပြန်ထွက်ခါနီး သူ့ကို ဘုရှုံ့ ရှုံ့သွားလေသည်။

တင်အေးကြည် ထွက်သွားပြီးနောက် အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်တို့ ဘက်လှည့်ကာ-

“အခုလာတဲ့ သုံးယောက်က ပီယဆေးပဲ လိုချင်ကြတာဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ ထူးတော့ ထူးဆန်းတယ်ကွ၊ တစ်ခုခုတော့ တစ်ခုခုပဲ”

ဟု ပြောလိုက်မိ၏။

“အဲဒါ ခဏထားဦး၊ ဆိုင်းဘုတ်ကို အရင်ဖျက်ရဦးမယ် တော်ကြာ ထပ်လာနေဦးမယ်”

“အေး . . . အေး . . . ဟုတ်တယ်”

ဆိုင်းဘုတ်ပေါ်ရှိ စာသားများကို အဝတ်စို တစ်ခုခုနှင့် ပွတ်တာ ဖျက်လိုက်ရသည်။ ဆိုင်ရှင် ကိုသိန်းက-

“ကြီးမြင့် . . . ဒီနေ့ တော်တော်လေး ရသွားလား”

“ရတယ် . . . ကိုသိန်းရေ၊ အဲဒီတော့ ထမင်းကြော်သုံးပွဲနဲ့ တင်းချိုလေး လုပ်ပါဦးဗျ၊ ဗိုက်ဆာနေပြီ”

“အေးပါ . . . လိုတရကြီးမြင့်ရယ်”

■

(၇)

ကျောင်းကပြန်တော့ ရပ်ကွက်ထဲမှာ ဘော်ဒါအပေါင်းအသင်း အချို့နှင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီး လေပန်းနေသည်။

ကြီးမြင့်ကလည်း သိတဲ့အတိုင်းပဲ ပေါက်ကရလေးတွေ ပြောတတ်တော့ သူ့ထက်ငယ်တဲ့ လူငယ်တွေရော၊ လူကြီးတွေပါ ကြီးမြင့်နဲ့ အဖွဲ့ကျနေတတ်ကြသည်။

ထို့ကြောင့် ကျောင်းကနေ ရပ်ကွက်ထဲ ရောက်တော့လည်း အိမ်ကို မပြန်နိုင်သေးဘဲ မိုးချုပ် ထမင်းစားခါနီးမှပင် အိမ်ကို ပြန်ရောက်လေ့ရှိသည်။

ဒီနေ့မှ ထူးထူးခြားခြား သူအိမ်ပြန်ရောက်သောအခါ သူ့ အဖေနှင့်အမေမှာ ဧည့်ခန်းထဲတွင် မိန့်မိန့်ကြီး ထိုင်စောင့်နေသော၏။

www.burmeseclassic.com

www.burmeseclassic.com



"လာပါဦး. . . မောင်ကြီးမြင့်"

အမေက ထိုသို့ခေါ်လျှင် နည်းနည်းတော့ လန့်ရသည်။ ဘာတွေများ အမှားလုပ်ထားလို့လဲဆိုပြီး သူ့ကိုယ်သူ ပြန်စဉ်းစားရသည်။

မနက်က အဖေရော၊ အမေရော နှစ်ယောက်လုံးဆီက မုန့်ဖိုးတောင်းသွားတာပဲ ရှိသည်။ ကျန်တာ ဘာမှ မမှားဟုဆိုသောကြောင့် ကြီးမြင့်ဆည် ခပ်တည်တည်ပင် သူ့အဖေ၊ အမေရှေ့တွင် ဝင်ထိုင်လိုက်သည်။

"ဘာများတုန်း မွေးမေမေရဲ့. . . အဟီး"

နောက်နောက်ပြောင်ပြောင် ပြောလိုက်သော်လည်း အဖေနဲ့အမေက ခပ်တည်တည်ဖြစ်နေသောကြောင့် ခပ်မြန်မြန်ပင် မျက်လွှာလေး ချထားရသည်။

"နင် ဘာတွေများ လုပ်လာပြန်ပြီလဲ"

"ဟင်. . . ဘာလုပ်လို့လဲ အမေရဲ့"

"နင်. . . ကျောင်းမှာ ဘာတွေလုပ်ထားလဲလို့၊ ငါမေးနေတာ"

"အာ. . . ဘာမှ မလုပ်ထားပါဘူး"

ကျောင်းမှာ ငွေရှာခဲ့တာကို ပြောတာလားဆိုပြီး နည်းနည်းတော့ အတွေးဝင်သွားသည်။ အိမ်က မသိလောက်ပါဘူးဆိုပြီး မပြောဘဲ ထားလိုက်သည်။



"ရော့. . . ဒီမှာ နင့်ကို ပေးသွားတဲ့ ပိုက်ဆံတွေ"

"ဟင်း. . . မနည်းပါလား"

သူ့အမေ ထုတ်ပေးသော ပိုက်ဆံတွေကို ကြည့်ပြီး အံ့ဩသွားလေသည်။

"အဲဒါက စရန်ပဲ ရှိသေးတယ်တဲ့"

"ဘယ်သူတွေက ပေးသွားတာလဲ"

"နင့်ကျောင်းက လူတွေတဲ့. . . ကျောင်းမှာ မတွေ့တော့လို့ အိမ်အထိ လိုက်လာတာတဲ့၊ နင့်ကို မတွေ့ဘဲ ငါတို့ကို တွေ့လို့ ပေးသွားတာ. . . ပြီးတော့ ဒီမှာ နင့်ကို သူတို့ရေးပေးသွားတဲ့ စာတွေ၊ စာတွေထဲမှာ သူတို့လိုချင်တာ ပါတယ်တဲ့"

စာတစ်ထပ်လိုက်ကြီး ထွက်လာပြန်သည်။

"မင်း. . . ဘာလုပ်ထားပြန်ပြီလဲ ကြီးမြင့်"

"ဟာ. . . အဖေကလည်း သား ဘာမှမလုပ်ပါဘူး"

"မလုပ်ပဲနဲ့ ဒါတွေက ဘယ်လိုဖြစ်လို့ ရောက်လာရတာလဲ. . . ရှုပ်ရှုပ်ယှက်ယှက်နဲ့ကွာ"

အဖေနဲ့အမေက သူတစ်ခုခုလုပ်တိုင်း နည်းနည်းလန့်နေတဲ့ သဘောရှိသည်။ သူကလည်း သူပဲလေ။

ကျောင်းမှာလည်း ကျောင်းမှာမို့လို့၊ ရပ်ကွက်ထဲမှာလည်း ရပ်ကွက်ထဲမှာ မို့လို့. . .။

တစ်ခါတုန်းကလည်း ရပ်ကွက်ထဲမှာ ကြီးမြင့်ကိစ္စကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အရှက်ရဖူးကူတည်းက ကြီးမြင့်ကို သိပ်မယုံကြည်ခြင်း ဖြစ်သည်။

အဖေနဲ့အမေကသာ အရှက်ရခဲ့သည်ဟု ထင်နေကြတာ။

ကြီးမြင့်ကတော့ သူ့ဗီဇအတိုင်း သူလုပ်ခြင်း ဖြစ်သည်။ ရပ်ကွက်ထဲမှာ သမီးရည်းစားနှစ်ယောက် ခိုးရာ လိုက်ပြေးကြသည်။ ထုံးစံအတိုင်း တစ်ဖက်နဲ့ တစ်ဖက်က သဘောမတူတော့ သူတို့နှစ်ယောက်က တစ်နေရာမှာ ပုန်းအောင်းနေတာပေါ့။

ကောင်မလေးဘက်က အစ်ကိုတွေကလည်း တွေ့ရင် ဘာလုပ်မယ် ညာလုပ်မယ် ကြိမ်းမောင်းကြတော့ သူတို့လည်း လူလုံးမပြရဲကြဘူး ဖြစ်နေကြသည်။

အဲဒီလို အချိန်မျိုးမှာ ကြီးမြင့်ကို သူတို့စုံတွဲက ဆက်သွယ်ခြင်း ဖြစ်သည်။ ကြီးမြင့်က ရပ်ကွက်ထဲမှာ 'ဟိုပါဒီပါဆိုတော့' သူတို့စုံတွဲက ကြီးမြင့်ကို အားကိုးကြခြင်း ဖြစ်သည်။

ကြီးမြင့်ကလည်း ကြီးမြင့်ပါပဲ။

"ဟာ. . . ငါက မင်းတို့စုံတွဲနဲ့ မင်းတို့ မိဘတွေ ပြေလည်အောင်လုပ်ပေးလို့ အကျိုးအမြတ်မရှိတဲ့အပြင် အခန့်မသင့်ရင် ကောင်မလေး အစ်ကိုတွေ ထိုးကြိတ်တာလည်း ခံရဦးမယ်"

"လုပ်ပါ ကိုကြီးမြင့်ရယ်၊ ကျွန်တော်တို့မှာလည်း ဘယ်သူ့ကိုမှ မဆက်သွယ်ရဲဘူး ဖြစ်နေတယ်၊ အခြားလူတွေ ဆက်သွယ်ပြန်ရင်လည်း ကိုကြီးမြင့်လောက် ဘယ်သူမှ မစွမ်းဆောင်နိုင်ဘူးဗျ"



"ဟဲ. . . ဟဲ"

ကြီးမြင့်က ဆိတ်လိုရယ်ရင်း သူကူညီချင်ပါကြောင်း၊ သို့သော်လည်းပဲ သူ့မှာက အကျိုးမရှိတဲ့အပြင် အများအမြင်မှာ ကြားသုံးကြား၀င်တယ်လို့ ထင်မှာလည်းစိုးကြောင်း စသည်ဖြင့် အင်တင်တင် လုပ်နေ၏။

နောက်ဆုံးတွင် ကြီးမြင့်အကြောင်းကို နားလည်သော စုံတွဲမှာ-

"ဒီလိုလုပ်ဗျာ ကိုကြီးမြင့်"

"အေး ဘယ်လိုလုပ်ရမှာလဲ"

"ကိုကြီးမြင့် ကျွန်တော်တို့ကိစ္စကို အောင်မြင်အောင် လုပ်ပေးရင် ကျွန်တော်တို့ လက်ထပ်တဲ့အခါမှာ လက်ဖွဲ့ကရတဲ့ငွေ ၅ ရာခိုင်နှုန်း ပေးမယ်ဗျာ"

"ဟာကွာ. . . ငါက. . . အဲဒီလိုမျိုး ပြောတာ မဟုတ်ပါဘူးကွ"

တော်တော်လေး ပြောလိုက်ရသည်ဟု ကြီးမြင့်စိတ်ထဲ တွေးမိသည်။

ကြီးမြင့်ကလည်း တစ်ခုခုလုပ်လျှင် အကျိုးအမြတ်ရမှ လုပ်ချင်သည့် စိတ်ကလေးရှိသည်။

အဲဒါနဲ့ ကြီးမြင့်က အင်တင်တင် လုပ်လာခဲ့ရာ နောက်ဆုံးတွင် ရလာတဲ့ လက်ဖွဲ့ငွေရဲ့ ၁၀%နှုန်း ပေးသည့်အခါတွင် သဘော

www.burmeseclassic.com

www.burmeseclassic.com



တူညီမှု ရသွားလေ၏။

အဲဒီလိုနဲ့ ကြီးမြင့်သည် ယောကျ်ားလေးဘက်ကို အရင်သွားသည်။

စတားတွေပြော၊ နားချနှင့် အလုပ်ကို ခပ်စိပ်စိပ်လေး လုပ်သည်။

ပြီးနောက် သတို့သမီး အစ်ကိုတွေနဲ့ တွေ့သည်။ ပြေပြေလည်လည် ဖြစ်အောင်လုပ်မှ ကောင်းမည်။ ကိုယ်က မိန်းကလေးရှင် စသဖြင့် ဘာဘာညာညာများပြောရင်း အဆင်ပြေအောင် လုပ်သည်။

တကယ့်တော့ ရက်နည်းနည်း ကြာလာတဲ့အတွက် နှစ်ဖက်စလုံးက အတော်အတန် ဒေါသပြေစပြုနေပြီ ဖြစ်သည်။

ဒါကို ကြီးမြင့်က အပိုင်ကိုင်ပြီး ဟိုဘက်ကို ဝင်လိုက်၊ ဒီဘက်ကို ဝင်လိုက်နဲ့ ပြေလည်အောင် ပြုလုပ်သည်။

နောက်ဆုံးမှာ ကြီးမြင့် စွမ်းဆောင်ချက်ဖြင့် နှစ်ဖက်မိဘတွေ အရင်တွေ့ပြီး အဆင်ပြေတဲ့အထိ ကြီးမြင့်က ဆောင်ရွက်နိုင်ခဲ့သည်။

ကြားထဲမှာလည်း ကြီးမြင့်က ဟိုဘက်က သူ့ကို ကျွေးမွေးလိုက်၊ ဒီဘက်က သူ့ကို ကျွေးမွေးလိုက်နဲ့ အကျိုးအမြတ် ရနေသေးသည်။

နှစ်ဖက်လုံးကလည်း တစ်ဦးနှင့်တစ်ဦး အရင် ရင်မဆိုင်



ချင်သေးသောကြောင့် တစ်ဖက်မိဘတွေက ဘာပြောလိုက်သည်ကို သိရှိဖို့ ကြီးမြင့်ကိုသာ မျှော်နေရသည်အထိပင် ကြီးမြင့် ပြုလုပ်ခဲ့သည်။

နောက်ဆုံး တိုတိုပြောရရင် ကောင်လေးနဲ့ ကောင်မလေးတို့ သူတို့ အိမ်က သဘောတူပြီး လက်ထပ်ပေးလိုက်ကြသောကြောင့် မင်္ဂလာလက်ဖွဲ့ထဲကနေ ကြီးမြင့်က ၁၀% နှုန်း ရသွားတာပေါ့။

ဒါပေမယ့် ကြီးမြင့် အဲဒီလိုရသွားကြောင်းကို သူတင်းတစ်စွန်းတစ်စထွက်ပြီး တစ်ရပ်ကွက်လုံး ပြောနေကြတော့ ကြီးမြင့် အဖေနဲ့အမေက မျက်နှာပူပြီး ရှက်နေကြခြင်းဖြစ်သည်။

သူတို့မှာ ပိုက်ဆံအပြည့်အဝ ချမ်းသာပါလျက်နှင့် သူတို့သားကို လုံလုံလောက်လောက် မပေးသောကြောင့် ကြီးမြင့်မှာ အဲဒီလိုမျိုး လုပ်ရတယ်ဆိုပြီး ပြောသံကြောင့် ပိုပြီး မခံချိ၊ မခံသာ ဖြစ်ရသည်။

ကြီးမြင့်ကတော့ အေးဆေးပါပဲ။ ရပ်ကွက်ထဲက သူငယ်ချင်းတွေကိုတောင် ကျွေးမွေးပြုစုလိုက်သေးသည်။

ထို့ကြောင့် အခုလည်း ပိုက်ဆံတွေနဲ့ဆိုတော့ ကြီးမြင့် အဖေနဲ့အမေက ကြီးမြင့်ကို လန့်တာ မဆန်းဘူးဖြစ်နေသည်။

"ကဲ. . . ပြောပါဦး မောင်ကြီးမြင့်"

"မသိဘူးလေ အမေရယ်၊ သား ကံကောင်းနေလို့ အိမ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ရာရောက် ပိုက်ဆံလာပေးတာ ဖြစ်မှာပေါ့”

“ဒီစာတွေက. . .”

စာတွေက စာအိတ်နဲ့ ပိတ်ထားခြင်း ဖြစ်သည်။

သူတို့ကို ပေးသွားတုန်းက အန်တီနဲ့ ဦးတို့ရယ် ကြီးမြင့် တစ်ယောက်တည်း ဖွင့်ကြည့်ပါစေဟု ပြောသွားသောကြောင့် သူတို့မှာ အောင့်သက်သက်နဲ့ ဖွင့်မကြည့်ဘဲ ငြိမ်နေရသည်။

“အား. . . သားလည်း ဘယ်သိမလဲ၊ အဖေတို့ ဖွင့်မကြည့်ဘူးလား”

“ဖွင့်မကြည့်ပါဘူး”

“ခဏလေး ဖွင့်ကြည့်လိုက်ဦးမယ်”

စာအိတ်များ ထပ်ထားသည့် အပေါ်က စာတစ်စောင်ကို ဖောက်ကြည့်လိုက်သည်။

“ဟင်. . .”

ကြီးမြင့် ခေါင်းရှုပ်သွားလေသည်။

ဒါနဲ့ နောက်တစ်စောင်ကို ယူဖောက်ကြည့်လိုက်သည်။ လက်ရေးနှင့် လူသာ ပြောင်းသွား၏။

အဓိပ္ပာယ်က ထိုအတိုင်းပင်။

“ဟော့ကောင် ဘာတွေလဲ”

သူ့အဖေနှင့် အမေက သူ့လက်ထဲက စာတစ်စောင်ကို ယူကြည့်သည်။



ထို့နောက် ဖတ်ကြည့်ပြီး-

“ဘာတွေမှန်း မသိဘူး”

ဟုဆိုပြီး သူ့လက်ထဲကို ပြန်ပေးကာ ဧည့်ခန်းထဲက ထွက်သွားလေ၏။

“တစ်ခုခုတော့ တစ်ခုခုပဲ”

သူတစ်ယောက်တည်း ဧည့်ခန်းထဲမှာ ကျန်နေတုန်း ရေရွတ်မိခြင်း ဖြစ်သည်။

နောက်ထပ် စာတစ်စောင်ကို ထပ်ဖောက်ကြည့်လိုက်၏။

ထိုအဓိပ္ပာယ်အတိုင်းပင် ဖြစ်၏။

ကြီးမြင့်

သူငယ်ချင်း

ငါအရေးကြီး ကိစ္စတစ်ခု အကူအညီ တောင်းချင်လို့ပါ။ မင်းကျောင်းမှာ ‘ဘာပဲလိုလို’ လုပ်နေတယ်ဆိုလို့ ကျောင်းမှာ မမီတာနဲ့ အိမ်လိုက်လာခဲ့တာ၊ အိမ်မှာလည်း မတွေ့တော့ စာရေးပြီး ထားခဲ့တယ်၊ စရန်လည်း ပေးခဲ့သေးတယ်၊ နည်းရင် မနက်ဖြန် ထပ်ပေးမယ်၊ အရေးကြီးလို့ပါ၊ အဲဒါ ဘာလဲဆိုတော့. . .။

ငါ့ကို ‘ဝီယဆေး’လေးတစ်ခုလောက် ရှာပေးပါလား၊

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးလို့ပါ။ မနက်ဖြန် ကျောင်းမှာ တွေ့မယ်။

ငြိမ်းခိုင်မြင့်

နောက်ထပ် စာ (၁၅)စောင်လုံးမှာလည်း ထိုပီယဆေးကိုပဲ အတူအညီတောင်းထားကြခြင်း ဖြစ်သည်။

လက်ထဲက ပိုက်ဆံတွေကို ကြည့်လိုက်၊ စာတွေကို ကြည့်လိုက်နဲ့ ကြီးမြင့်မှာ ရှုးချင်သွားသည်။

ဘာဖြစ်လို့ သူတို့တွေ ဒီလောက်တောင်ပဲ 'ပီယဆေး' ကို လိုချင်နေတာပါလိမ့်ဆိုပြီး တွေးမရဖြစ်နေသည်။

ကျောင်းမှာ လာပြောသွားသော သုံးယောက်ကိုလည်း သတိရလိုက်သေးသည်။

အကျိုးအမြတ်ကတော့ တော်တော်ရှိနိုင်သည်။

ဒါပေမဲ့ ဘာမှန်းမသိတော့ အရမ်းလည်း မတွေးရဲသေးချေ။

မနက်ဖြန် ရောက်မှပဲ ကြည့်ကျက်လုပ်ရဦးမည်။

(၈)

နောက်တစ်နေ့မနက် ဖယ်ရီပေါ်က ဆင်းဆင်းချင်း တန်တင်းထဲ ဝင်လိုက်သောအခါ ထိုင်ခုံမှာ ထိုင်နေသောသူများ ရုတ်တရက် ဝုန်းခနဲ ထလိုက်ကြသောကြောင့် ကြီးမြင့်ပင် အလန့်တကြား ယောင်မိလိုက်သည်။

နောက်မှ စာလာပို့ထားပြီး ဒီမနက်လာစောင့်နေကြတဲ့ လူတွေပဲဆိုပြီး တွေးမိကာ အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်တို့ ထိုင်နေတဲ့ခုံမှာ သွားထိုင်လိုက်သည်။

"ဘာတွေ ဖြစ်နေတာလဲ ကြီးမြင့်၊ မင်းမလာသေးဘူးလား ဆိုပြီး တစ်ချိန်လုံး လာမေးနေကြတာပဲ"

ကြီးမြင့်က အတိုချုံး ရှင်းပြလိုက်သည်။

"ဒါဆို ဒီမှာရှိနေတဲ့ လူတွေက မင်းဆီကို 'ပီယဆေး' တိစ္စကြောင့် ရောက်နေကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး"

"မင်းဆီမှာ ရှိတယ်ဆိုပြီး ဘယ်သူ ပြောလိုက်တာလဲ"

"ငါ့ဆီမှာ ရှိလို့ သိလို့ရယ်တော့ မဟုတ်ဘူးပေါ့။ ဟိုနေ့ကလေ ငါတို့ပိုက်ဆံရှာတဲ့ ကိစ္စကနေစပြီး ကူရာ ကယ်ရာမဲ့ပြီး ငါ့ဆီ ရောက်လာကြတာ"

"ဒါဆို မင်းဘယ်လိုလုပ်မလဲ"

"အေး... ငါလည်း ညက တစ်ညလုံးပဲ အဲဒါကို စဉ်းစားလာတာ"

"စဉ်းစားလို့ရလား"

"မရဘူး"

"ဟာ"

"ဒါပေမဲ့ တစ်ခုခုသိအောင်တော့ တစ်ယောက်ချင်းဆီ ခေါ်မေးမှဖြစ်မယ်"

ကြီးမြင့်က သူတို့နဲ့ နီးစပ်ရာခုံတွင် ထိုင်နေသော သူ တစ်ယောက်ကို အရင်ခေါ်လိုက်သည်။

"နာမည် ဘယ်လိုခေါ်လဲ"

"သံသာယာလှဝင်းပါ"

"အာ... ဘာနာမည်ကြီးလဲ"

"ငယ်ငယ်တုန်းက နာမည်က လှဝင်းပါ၊ ဒါပေမဲ့ မေမေက သူ့သား သီချင်းဆိုရင် အသံသိပ်သာယာတာပဲဆိုပြီး သံသာယာ



လှဝင်းဆိုပြီး နာမည်ပြောင်းပေးလိုက်တာ"

"အင်း ထားပါတော့၊ မနေ့က ကျွန်တော့်အိမ်ကို အကူအညီတောင်းတဲ့ စာလာပေးသေးတယ်မှတ်လား"

"စရန်တောင် ပေးသွားသေးတယ်"

ကြီးမြင့်သည် မနေ့က စာများထဲတွင် ရှာကြည့်လိုက်ရာ သံသာယာ လှဝင်းဆိုတဲ့ စာကိုတွေ့ရ၏။

"ဘာဖြစ်လို့ 'ပီယဆေး'ကို လိုချင်ရတာလဲ"

"အဲဒါတော့ ပြောလို့မဖြစ်ဘူးဗျ"

"ဘာဖြစ်လို့လဲ"

"အဲဒီ ဘာဖြစ်လို့လဲဆိုတာကိုလည်း ပြောလို့မရဘူးဗျ"

"ဒါဆို ကျွန်တော်ကလည်း ကူညီလို့မရဘူး၊ ဖြစ်နေတယ်"

"အဲ... အဲ့ဒီလိုတော့ မလုပ်ပါနဲ့ ကြီးမြင့်ရယ်၊ ငါဈေးတောင်းကောင်းပေးပါ့မယ်"

ဒါကတော့ ကြီးမြင့် သည်းချေကြိုက် စကားလုံးဖြစ်သည်။

အဲဒါနဲ့ ထိုသံသာယာလှဝင်းကို သူ့နေရာမှာပဲ ခဏစောင့်ခိုင်းပြီး နောက်တစ်ယောက်ကို ခေါ်ကြည့်လိုက်သည်။

"နာမည်က ဘယ်သူ"

"ဖိုးပြုံးချို"

"ဩော်..."

နာမည်ကြီးကလဲ...။

www.burmeseclassic.com

www.burmeseclassic.com



"ပီယဆေးကို ဘာဖြစ်လို့ လိုချင်တာလဲ"

"ဒါတော့ပြောလို့ မရဘူး ကြီးမြင့်ရဲ့"

"လာပြန်ပြီ"

ဘယ်လိုမေးမေး ဘာကြောင့် လိုချင်တာလဲ ဆိုတာကို ဘယ်သူမှ မေးလို့မရဘူး ဖြစ်နေသည်။

တစ်ယောက်ဆီကများ ထွက်လာမလားဆိုပြီး အကုန်လုံးကို မေးကြည့်တော့လည်း အားလုံးက နှုတ်လုံကြလေသည်။

အရေးထဲ မနေ့က ဦးဆုံးလာသော ဘတင့်၊ စန်းဝင်းနှင့် ဗလတင်အေးကြည်တို့ သုံးယောက်ကလည်း သူတို့အရင်လာသောကြောင့် သူတို့ကိုသာ အရင်ပေးသင့်ကြောင်း ပြောနေသောကြောင့် စိတ်ညစ်ရလေသည်။

"နေပါဦး၊ နေပါဦး၊ ကျွန်တော့်ဆီမှာ ပီယဆေး အဆင်သင့် ရှိတယ်ဆိုပြီး တောင်းနေကြတာလားဗျ"

"အဲဒီလိုတော့ မဟုတ်ဘူးလေကွာ၊ မင်း. . . မင်းရှာပေးဖို့ ပြောတာပါ၊ မင်းလုပ်တတ်ပါတယ်"

တကယ်တော့ 'ပီယဆေး' တောင်းတဲ့သူအားလုံးမှာ ကြီးမြင့်တွင် 'ပီယဆေး' ရှိသည်ဆိုပြီး လာတောင်းနေကြတာတော့ မဟုတ်ပါဘူး။

ပီယဆေး ဘယ်မှာရလဲဆိုတာ မသိသောကြောင့် 'ဟိုပါ ဒီပါ' ကြီးမြင့်ထံသို့ ရောက်လာကြခြင်း ဖြစ်သည်။



ပိုဆိုးတာက ဘာမဆိုရအောင် လုပ်ပေးမည်ဆိုသည့် ဝန်ဆောင်မှုကို လုပ်ပေးသည့်နေ့မှာမှ အကုန်လုံးရောက်လာကြတော့ ကြီးမြင့်မှာ ဒုက္ခရောက်နေသည်။

"ကြီးမြင့် ဘယ်လိုလုပ်မလဲ"

ဘထွန်းလှမြင့်က တိုးတိုးလေး ကပ်မေးခြင်းဖြစ်သည်။

"အေး. . . ငါလည်း အဲဒါပဲ စဉ်းစားနေတာ"

"ပီယဆေးကို အတုလုပ်ပေးလိုက်ရင်ရော"

"ဟာ. . . အဲဒီလိုတော့ မလုပ်ပေးနိုင်ပါဘူး"

ဟုတ်တော့ ဟုတ်သည်။ ကြီးမြင့်က သူများဆီက ပိုက်ဆံကို လိမ်ညာယူတဲ့သူတစ်ဦးတော့ မဟုတ်ပါ။

တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးရင်း ပိုက်ဆံယူတတ်သူတစ်ဦး ဖြစ်သည်။

"ဒါဆိုမင်းက အဲဒီပီယဆေးကိစ္စကို ဘယ်လိုရှင်းမလဲ၊ မလုပ်နိုင်ဘူးဆိုရင်လည်း ပိုက်ဆံပြန်ပေးလိုက်ပေါ့"

"ငါက အဲ့ဒီပီယဆေးကိစ္စကို တွေးနေတာ မဟုတ်ဘူးကွ၊ အဲဒီပီယဆေးကိစ္စက လွယ်တယ်"

"ဟင်. . . တကယ်"

အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာ တအံ့တဩ ဖြစ်သွားလေသည်။

"ကြီး. . . ကြီးမြင့် မင်းဆီမှာ ပီယဆေးတကယ်. . .

www.burmeseclassic.com

www.burmeseclassic.com



တကယ်ရှိလို့လား၊ ရှိရင်. . . ငါတို့ကို အရင်ပေးကွာ၊ ငါတို့က မင်း သူငယ်ချင်း အရင်းကြီးတွေဆိုတော့ အလကားပေးရမယ်”

သကောင့်သားနှစ်ယောက်မှာ ကြီးမြင့်တွင် ပီယဆေး ရှိနိုင်တယ်ဆိုတဲ့ အတွေးကြောင့် ဆတ်ဆလူး ထသွားကြသည်။

“ဟာ. . . ငါ့မှာ အဲ့ဒီလိုတော့ ဘယ်ရှိမလဲကွ၊ အခု ငါ တွေးနေတာ တစ်ခုပဲရှိတယ်”

“ဘာလဲ”

“ဘာကြောင့် သူတို့တွေ အားလုံးတစ်ချိန်တည်း၊ တစ်ရက် တည်းမှာ ပီယဆေးကို အသည်းအသန် လိုချင်နေကြတာလဲ တွေး နေတာ၊ ဟုတ်ပြီ”

“ဘာ ဟုတ်တာလဲ”

“အဲဒါကို အရင်ဆုံး စုံစမ်းရမယ်”

■

ကြီးမြင့်မှာ သိပ်ကြာကြာတော့ မစုံစမ်းလိုက်ရပါဘူး၊ မည် သို့ဆိုသော် မိချိုဆိုသည့် ကောင်မလေးက သူ့ကို ရည်းစားစကား လာပြောသည့် ကောင်လေးတိုင်းကို ‘အချစ်ရေး လာဘ်ကောင်း အောင် ပီယဆေးကိုဆောင်’ဆိုသည့် စကားကိုပြောပြီး နှင်လွှတ် လိုက်ခြင်းနှင့် ထိုလူအားလုံးကလည်း ‘ကြီးမြင့်’ဆီမှာ ‘ပီယဆေး’ ရအောင် လုပ်ပေးပါဆိုပြီး သွားရောက်ကြသည့်သတင်းသည် တစ် ကျောင်းလုံးမှာ ပျံ့နှံ့နေသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၉)

"ဟဲ့ . . . မိချို"

"ဘာလဲ"

"နင့်သတင်းက ပြန့်နေပြီနော်"

"ဘာသတင်းတုန်း"

"နင့် ပီယဆေးသတင်းလေ"

"ငါ့ ပီယဆေး မဟုတ်ပါဘူး။ သူတို့ ပီယဆေးပါ"

"ဘာပဲဖြစ်ဖြစ် သူတို့ ပီယဆေး ရလာရင် နင်က ပြန်ကြိုက်မှာလား"

"ငါက ဘာဖြစ်လို့ ပြန်ကြိုက်ရမှာလဲ . . . ငါက ပြန်ကြိုက်ပါ့မယ်လို့ သူတို့ကို ပြောတာမှ မဟုတ်တာ"

"နင်က မြန်မာစကားကို အထင်သေးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အေးသီရဲ့ ဘလိုင်းကြီး ဝင်ပြောလိုက်သော စကားကြောင့် အခြေအတင်စကား ပြောနေသော မိချိုနဲ့ စန်းမော်ပင် ကြောင် တောင်တောင် ဖြစ်သွားလေသည်။

"နင့်စကားကြီးက ဘာကြီးလဲ"

"ဒီလိုလေဟယ် . . . မြန်မာစကားမှာ အဓိပ္ပာယ်နှစ်ခွ တွေးလို့ရတာတို့၊ လိုရာဆွဲတွေးလို့ရတဲ့ စကားတို့ဆိုတာ အများကြီး ရှိတယ်လေ"

"အင်း . . . အဲဒါတော့ ဟုတ်ပါပြီ"

"အခုလည်း နင်ပြောလိုက်တဲ့ စကားကို ပြန်စဉ်းစားကြည့် လေ"

"ငါက ဘာစဉ်းစားရမှာလဲ"

"ဘာ စဉ်းစားရမှာလဲ နင်ပဲ ပြောခဲ့တာလေ 'အချစ်ရေး တံကောင်းအောင် ပီယဆေးကိုဆောင်'ဆိုပြီးတော့"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သူတို့က နင့်ကို ကြိုက်နေတာလေ၊ အဲဒါ သူတို့ အချစ်ရေးပဲ၊ နင်က အဲဒီလို ပြောလိုက်တော့ သူတို့ အချစ် ရေး အဆင်ပြေတယ်ဆိုတာ နင်နဲ့ သမီးရည်းစားဖြစ်တာနဲ့ အတူတူ ပဲ ပေါ့ဟဲ့"

"အဲဒီလို အဓိပ္ပာယ်တွေးလို့ရလို့လား"

"ပြီးတော့ နင်က ပြောလိုက်သေးတယ်ဆို"



"ဘာလဲ"

"ပေဒင်ယုံလား၊ ဘာလားနဲ့လေ"

"အေးလေ ပြောလိုက်တာပဲ"

"နင် ယုံလို့ သူတို့ကို ပြန်ပြောတဲ့ဟာ ဖြစ်သွားတော့ ပီယဆေးရရင် နင့်အချစ်ကို ရပြီဆိုတဲ့ အဓိပ္ပာယ်ကို နင်က ပြော တယ်ဆိုပြီး တစ်ကျောင်းလုံးက ထင်သွားကြတာပေါ့"

"အဲဒီလောက်တောင်ပဲ ဖြစ်သွားကြတာလား"

"ပိုဆိုးတာရှိသေးတယ်"

"ဟင်"

"နင်က ဘယ်သူ့မှ ပြန်မပြောရဘူးလို့ မှာထားတော့ အားလုံးက ပိုပြီး လေးလေးနက်နက် ဖြစ်သွားတာပေါ့"

မိချိုမျက်နှာ ငိုမဲ့မဲ့ဖြစ်သွားသည်။

တော်တော်ရှုပ်တဲ့ မြန်မာစကား။ ပြီးတော့ လူတွေကိုယ်တိုင် ကလည်း ဟိုတွေးဒီတွေး၊ ဟိုအဓိပ္ပာယ်ကောက်၊ ဒီအဓိပ္ပာယ်ကောက် နဲ့ဆိုတော့ သူတို့ ပြောတာဖြစ်နိုင်သည်။

"ဒါပေမဲ့ ကိစ္စတော့ မရှိလောက်ဘူး"

"ဘာဖြစ်လို့လဲ"

"နင်တို့ ပီယဆေးကို မြင်ဖူးလား"

"ဟို . . . မမြင်တော့ မမြင်ဖူးလေ၊ တစ်ခါတလေ ပီယ ဆေးဆိုပြီး လုပ်ထားတဲ့ဟာလေးတွေတော့ တွေ့ဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေက ပီယဆေး အစစ်တွေလား"

"ဒါတော့ ဘယ်သိမလဲ"

"ဒါဆို သူတို့ယူလာတာကလည်း ပီယဆေးအစစ်ဆိုတာကို ဘယ်လိုမှ ယုံလို့မရဘူးလေ၊ ပီယဆေးအစစ်ဆိုတာ ရှိချင်မှ ရှိမှာပါဟယ်၊ ဒီမှာ. . . သူတို့က တစ်ခုခုယူလာပြီး ပီယဆေးလို့ ပြောမှာပဲ၊ အဲဒီအခါ သူက သူယူလာတာ ပီယဆေးအစစ်ပါလို့ ဘယ်လို သက်သေပြမလဲ၊ ဒါဆို ငါတို့က အတုပါလို့ ပြောလိုက်ရုံပဲပေါ့၊ ဟုတ်ဘူးလား"

မိချိုစကားကြောင့် အေးသီနှင့် စန်းမော်မှာ တွေဝေသွားသည်။

"ဟုတ်တာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုအဲဒီကိစ္စက 'ကြီးမြင့်'လက်ထဲ ရောက်သွားပြီလို့ ပြောကြတယ်၊ သူကတော့ နည်းနည်းလန့်ဖို့ ကောင်းတယ်"

"ဘယ်သူတုန်း ကြီးမြင့်ဆိုတာ"

"တင်. . . နင်မသိဘူးလား"

"အမယ်လေးဟယ် နင်တို့အကြည့်တွေကလည်း ငါကပဲ ကြီးမြင့်ကို မသိလို့ ခေတ်အောက်နေတဲ့ မိန်းမအထာနဲ့ ကြည့်နေကြတယ်၊ အဲဒီ. . . ဘယ်သူ"

"ကြီးမြင့်. . ကြီးမြင့်. . နာမည်အရင်းက 'ကြီးမြင့်အောင်' "

"အမယ်လေး နာမည်ကလည်း ကြီးကျယ်လိုက်တာ"



"ဒီမယ် ဒေါ်မိချို"

"ဘာလဲ"

"ဒီကိစ္စမှာ ကြီးမြင့်ကို လျှော့တွက်လို့မရဘူးနော်၊ သူက ပိုက်ဆံယူပြီး Professional လုပ်ပေးနေတာ"

"လိမ်စားနေတာ ဖြစ်မှာပေါ့"

"အဲ. . . အဲဒီလိုတော့ မဟုတ်ဘူးဟဲ့"

"နေပါဦး၊ နင်တို့က သူ့ကို ဒီလောက်အမွှန်းတင်နေကြတာ. . . သူက ဘယ်လိုလူစားမျိုးမို့လို့လဲ"

"ဟီး. . . အဲ့ကောင်မသာ မေးကြည့်တော့"

အေးသီက စန်းမော်ကို လွှဲချသည်၊ စန်းမော်က မျက်စောင်းတစ်ချက်ထိုးပြီး -

"ညည်းလည်း ပါပါတယ်"

ဟု ပြန်ပြော၏။

"ဟဲ့. . . ဘာတွေဖြစ်နေတာလဲ၊ နင်တို့ နှစ်ယောက်က ဟိုလူ့ကို လွှဲချ၊ ဒီလူ့ကို လွှဲချနဲ့"

"မဟုတ်ဘူး မိချိုရေ၊ ဒီကောင်မက 'ကြီးမြင့်'ကို ကြိုက်နေတာ"

"အဲ့မယ် ငါမဟုတ်ပါဘူး၊ နင်ကြိုက်နေတာပါ"

အေးသီနှင့် စန်းမော်မှာ ရန်ဖြစ်နေကြလေသည်။

"ဟင်. . . နင်တို့နဲ့ငါ ပေါင်းလာတာ တော်တော်ကြာပြီ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ 'ကြီးမြင့်'ဆိုတာကို နင်တို့ကြိုက်နေတာ ငါအခုမှ သိတော့တယ်၊ ဘယ်လို ဖြစ်ကြတာတုန်း"

"အဟီး. . . ကြိုက်တာတော့ မဟုတ်ပါဘူးဟယ်။ ရုပ်ချောလို့ သဘောကျတာပါ၊ ပြီးတော့ သူက ငါတို့နဲ့ ဖယ်ရီအတူတူပဲလေ၊ ဒီတော့ အပြန်တိုင်း ရှုတ်နေကြတာပေါ့"

"ရှုနေတယ် ဟုတ်လား"

သူ့သူငယ်ချင်းနှစ်ယောက်ကို ဗျစ်ဗျစ်နှစ်နှစ် ပြောလိုက်သော်လည်း 'ကြီးမြင့်'ကိုတော့ နည်းနည်း စိတ်ဝင်စားသွားလေသည်။

"အဲဒါ အသာထားပါဦး၊ နင်တို့ ကြီးမြင့်လက်ထဲကို ငါ့ကိုစာရောက်သွားရင် စိုးရိမ်စရာရှိတယ်လို့ ပြောခဲ့တယ်နော်"

"အသေအချာပဲ"

အမယ်လေး သူ့ဘက်က ပါနေလိုက်တာများ၊ ကြာလာတော့ 'မိချို'ပင် အမြင်ကတ်လာသည်။

"ပြောစမ်းပါဦး၊ နင်တို့ လူအကြောင်း"

စကားပင် မဆုံးလိုက်ရ။

တစ်ယောက်တစ်ပေါက် ပွစိပွစိနှင့် ပြောလိုက်တာ မပြီးနိုင်တော့အောင် ပြောကြလေတော့သည်။

■



မည်သူမဆို
၍ကန်တင်းတွင်
ပီယဆေးအား
'လေလံ'ဆွဲနိုင်သည်။

မိမိတို့ပေးလိုသော ဈေးအား စာအိတ်နှင့် ပိတ်၍ ပေးနိုင်သည်။

မိမိတို့ပေးထားသော ဈေးနှုန်းအနည်းအများကို Blackboard ထောင်၍ ဖော်ပြပေးသွားမည် ဖြစ်ပြီး ထပ်မံ၍လည်း လေလံဈေး ထပ်ပေးနိုင်သည်။

(၇)ရက်အတွင်း ဈေးအများဆုံး ပေးနိုင်သူကို ရောင်းချမည်။

ပုံ
ကြီးမြင့်

မှတ်ချက်။ ။ 'ပီယဆေး'ကို ပေးမည်မဟုတ်ဘဲ 'ပီယဆေး' ဖော်စပ်နည်းနှင့် အပင်ငယ်တစ်ပင်ကိုသာ ပေးမည်ဖြစ်ပါသည်။ မိမိဘာသာ ပီယဆေး ဖော်စပ်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ကန်တင်းတွင် လူများ ကြိတ်ကြိတ်တိုးနေကြ၏။

အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာလည်း လက်မလည်နိုင်လောက်အောင် စာအိတ်များ လက်ခံနေရလေသည်။

"ဘယ်လောက် ဈေးပေးရင်ကောင်းမလဲ"

ကျောင်းသားနှစ်ယောက် တိုင်ပင်နေကြခြင်း ဖြစ်သည်။

"သူ့ဟာက ဟုတ်ပါ့မလား"

"ကြီးမြင့်ကတော့ ယုံရပါတယ်၊ သူက ပိုက်ဆံသာရ သူပြောတဲ့အတိုင်း အကုန်ဖြစ်အောင် လုပ်ပေးတယ် ဟိုမှာ ကြည့်ပါလား"

ခုံတစ်ခုတွင် မိန့်မိန့်ကြီး ထိုင်နေသော ကြီးမြင့်ကို လှမ်းပြလိုက်၏။

ကြီးမြင့်မှာ ခုံလွတ်တစ်ခုတွင် ထိုင်နေပြီး လေလံဆွဲဈေး

www.burmeseclassic.com

www.burmeseclassic.com



နှန်းများ ထည့်ထားသည့် စာအိတ်များ လာပေးနေသော လူများကို ပြုံးပြုံးကြီး ကြည့်နေ၏။

သူ့ရှေ့တွင်လည်း စာအိတ်တစ်အိတ်နှင့် ပေါက်ကာစ အပင်လေးတစ်ပင်ကို ပန်းအိုးသေးသေးလေးနှင့် ထည့်ထားကာ ပြသထားလေ၏။

"အဲဒီ အပင်က ဘာအပင်လဲ"

"မသိဘူးလေ"

"ပီယဆေး မပေးဘဲ ပီယဆေးဖော်စပ်နည်းပဲ ပေးမှာဆိုတော့... ဟို... သင်္ချိုင်းကုန်းကိုသွား၊ လူသေတွေကို သနပ်ခါးလိမ်းပေး၊ အဲဒီလိုဟာတွေ ဖြစ်နေရင် ဘယ်လိုလုပ်ရမလဲ"

"ဟာ... အဲဒါတော့ မသိဘူး ၊ ငါတို့ပေးမယ့် ဈေးကို မြန်မြန်စဉ်းစားမှ ဖြစ်မယ်၊ သူများတွေထက် နည်းသွားလို့လည်း မကောင်းဘူး"

မိမိတို့မှာရှိတဲ့ ပမာဏလောက်သာ ပေးရန် ဆုံးဖြတ်လိုက်ကြသည်။

'မိချို'ကြောင့် 'ကြီးမြင့်'ဆီမှာ 'ပီယဆေး'လာတောင်းတဲ့ သူများအပြင် အခြားပီယဆေးကို စိတ်ဝင်စားသူ ကျောင်းသား၊ ကျောင်းသူများကလည်း အားတက်သရော ဝင်ရောက်လေလံဆွဲကြ၏။

ကြီးမြင့်ရှေ့က သစ်ပင်နှင့် စာအိတ်ကိုလည်း တော်တော်



လေး စိတ်ဝင်စားနေကြ၏။

"ကြီးမြင့်... မင်းရှေ့က ဘာအပင်လဲ"

ကျောင်းသားတစ်ယောက်က လှမ်းမေးသည်။

ကြီးမြင့်က-

"ဟဲ... ဟဲ"

ဟုသာ ရယ်ပြ၏။

ဘယ်လိုမေးမေး ပြန်မဖြေချေ။

ဒါကိုက ကြီးမြင့်သည် သူ့ကုန်ပစ္စည်းများကို တန်ဖိုးတက်အောင် လုပ်နေခြင်း ဖြစ်သည်။ တချို့က သစ်ပင်ကို အနီးကပ်လာကြည့်ကြ၏။

"ဒီသစ်ပင် မတွေ့ဖူးဘူး"

"ဟို သစ်ပင်နဲ့တော့ ခပ်ဆင်ဆင်ပဲ"

စသဖြင့် အမျိုးမျိုး ပြောကြ၏။

ကြီးမြင့်ကတော့ ရယ်သာပြနေ၏။

တချို့ကတော့-

"ကြီးမြင့်... မင်းပီယဆေးနည်းကြီးက မဟုတ်တရုတ် နည်းလမ်းတွေ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ အသုံးမဝင်ရင်ရော ဘယ်လိုလုပ်မလဲ"

"အဲဒါတော့ ကျွန်တော် အာမ မခံနိုင်ဘူး။ ကျွန်တော်က ရှေးဟောင်းပီယဆေး ပြုလုပ်နည်းကိုပဲ စာရွက်ပေါ်မှာရေးပြီး လေလံ

www.burmeseclassic.com



တင်တာပါ။ ကျန်တာတော့ တာဝန်မယူဘူး”

ကြီးမြင့်က အဲဒီလို ပွင့်ပွင့်လင်းလင်းပြောပြီး လေလံတင်တာကိုပဲ အားလုံးက သဘောကျနေကြသည်။

ဘာရယ်ညာရယ်မဟုတ် ရှေးဟောင်းပီယဆေး နည်းလမ်းဆိုတော့ ဟုတ်လိုဟုတ်ငြား သိချင်သူတွေလည်း အများသားကိုး။

အဲဒီလိုနဲ့ ကြီးမြင့်ရဲ့ ပီယဆေးလေလံသတင်းဟာ တစ်ကျောင်းလုံး ဟိုးဟိုးကျော်သွားလေသည်။

တချို့ကလည်း အချစ်ကိစ္စတွင် သုံးရန်အတွက် လေလံဆွဲကြသည်။ တချို့ကလည်း လူချစ်လူခင် ပေါများအောင်ဆိုပြီး လေလံဆွဲကြသည်။

တချို့ကတော့ ဈေးရောင်းကောင်းအောင် ဝင်ဆွဲတဲ့ ကန်တင်းပိုင်ရှင်တွေတောင် ရှိသည်။

ကြီးမြင့်ကလည်း ရှေးဟောင်းစာအုပ်ထဲက ရေးသားထားသည့် နည်းလမ်းတစ်ခုကို ရောင်းခြင်းဖြစ်ပြီး လက်တွေ့ စွမ်း၊ မစွမ်း မသိဟုပြောပြီး ရောင်းချသော်လည်း လေလံဆွဲမည့်သူများက တစ်ဖွဲ့ဖွဲ့ ရောက်လာကြသည်။

လေလံတင်ချိန် တစ်နာရီအတွင်း လေလံစာအိတ်ပေါင်း (၈၀၀)ခန့် လက်ခံရရှိသောကြောင့် ကြီးမြင့်ပင် မျက်လုံးပြူးသွားသည်။

ထိုသို့ ကန်တင်းတွင် လူများ တရုန်းရုန်း စည်းကားနေသောကြောင့် ခဏအကြာတွင် ထိုကန်တင်းသို့ ဆရာမနှစ်ယောက် ရောက်ရှိလာလေသည်။



“ဟဲ့. . . လမ်းဖယ်ကြပါဦး”

ရှေ့ရှိ ကျောင်းသားများ၊ ကျောင်းသူများကို အော်ဟစ်ထိုးဖယ်ကာ ကြီးမြင့်ရှေ့ရောက်အောင် သွားရလေသည်။

“ဟဲ့. . . ကြီးမြင့်”

“ဗျာ. . . ဆရာမ”

ကြီးမြင့်မှာ ထိုင်နေရာမှ ခပ်မြန်မြန် ထလိုက်လေသည်။

ထိုအခါမှပဲ ဝိုင်းအုံနေသော ကျောင်းသား၊ ကျောင်းသူများမှာ ဆရာမများကို တွေ့လိုက်ရသောကြောင့် နည်းနည်းရှဲသွားလေသည်။

“နင်ဘာတွေ လုပ်နေတာလဲ”

“ဘာမှ မလုပ်ပါဘူး ဆရာမ. . . ဟို၊ ဒါတွေကိုပဲ လေလံတင်နေတာပါ”

ကြီးမြင့်ရှေ့က အပင်နှင့် စာအိတ်ကို ကြည့်ပြီး မျက်မှောင်ကြုတ်လိုက်မိ၏။

ကြားရသည့် သတင်းကြောင့် ပီယဆေးနည်းနှင့် ဘာသစ်ပင်ကြီးမှန်း မသိဆိုသောကြောင့် နည်းနည်းစိတ်ဝင်တစား ကြည့်မိသွားသည်။

သို့သော် အလုပ်ကိစ္စက ရှိသေးသည်။

www.burmeseclassic.com



"နင့်တို့ ပါမောက္ခချုပ်က ခေါ်ခိုင်းလိုက်လို့"

"ဟင်. . . ဟုတ်လား ဆရာမ၊ ဘာဖြစ်လို့လဲ"

"နင်ဒီမှာ ပေါက်ကရတွေ လုပ်နေတာတွေသိပြီး ခေါ်ခိုင်းလိုက်တာပေါ့"

ကြီးမြင့်မှာ ဆရာမတွေနဲ့ ပြန်မငြင်းတော့ဘဲ-

"ဟုတ်ကဲ့ လိုက်ခဲ့ပါ့မယ်"

ဆိုပြီး သူ့ရှေ့က စာအိတ်ကို လွယ်အိတ်ထဲ ထည့်ပြီး သစ်ပင်အိုးကိုတော့ လက်နဲ့ပိုက်ကာ ဆရာမများနှင့် လိုက်သွားရန် ပြင်လိုက်သည်။

အားလုံးမှာ ကြီးမြင့်ကို ပါချုပ်က ခေါ်ခိုင်းလိုက်တယ်ဆိုတော့ ထိတ်ထိတ်လန့်လန့် ဖြစ်သွားကြသည်။

တချို့ကလည်း ကြီးမြင့်တော့ ဒုက္ခရောက်ပြီဟု တွေးလိုက်ကြသည်။ ဒါပေမယ့် ကြီးမြင့်ပုံစံကြည့်တော့လည်း အေးဆေးပဲဖြစ်သည်။

အားလုံးကို နှုတ်ဆက်ပြီး သစ်ပင်ကို ပိုက်ကာ ဆရာမနှစ်ယောက် နောက်ကနေ လုံးတုံးလုံးတုံးနဲ့ လိုက်သွားလေသည်။

အောင်စိန်သန်း၊ ဘထွန်းလှမြင့်နှင့် လေလံဆွဲထားသူများ အပါအဝင် ဝိုင်းအုံကြည့်နေသော ကျောင်းသား ကျောင်းသူများသည် စိုးရိမ်တကြီးနှင့် ကျန်ခဲ့ကြလေသည်။

■

(၁၁)

"ကြီးမြင့်"

"ဗျာ. . . ဆရာကြီး"

"ကန်တင်းမှာ. . . မင်း ဘာတွေလုပ်နေတာလဲ၊ ပေါက်တရတွေ လုပ်နေတယ်ဆို"

"ဟာ. . . မဟုတ်ရပါဘူး ဆရာကြီးရယ်"

"ဘာမဟုတ်ရမှာလဲ. . . ပီယဆေးနဲ့ သစ်ပင်တစ်ပင်ကို လေလံတင်နေတယ်ဆို"

"အဲဒါတော့ ဟုတ်ပါတယ်"

အခန်းထဲတွင် သူနှင့်ဆရာကြီးနှစ်ယောက်တည်းသာ ရှိလေသည်။

ခုနက လာခေါ်သော ဆရာမနှစ်ယောက်ကတော့ သူ့ကို ဆရာကြီး အခန်းထဲကိုပို့ပြီး အခန်းအပြင် ပြန်ထွက်သွား၏။

"မင်းက ပီယဆေးတွေ ဘာတွေလုပ်တတ်လို့လား"

"မလုပ်တတ်ပါဘူး ဆရာကြီး၊ ကျွန်တော်က ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းလေး တစ်ခုကို လေလံတင်တာပါ။ ယုံကြည်တဲ့လူ လေလံဆွဲ မယုံကြည်တဲ့လူ လေလံမဆွဲနဲ့ အဲဒီလိုပြောပြီး လေလံလုပ်တာပါ”

ကြီးမြင့်၏ ခပ်ပြတ်ပြတ် ပြောသံကြောင့် ဆရာကြီးမှာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

“မင်းက အဲ့ဒါကို ဘယ်ကရတာလဲ”

ဆရာကြီးက ထပ်မေးပြန်၏။

“စာအုပ်စာတမ်းတွေထဲကပါ ဆရာကြီး”

ဆရာကြီးက မျက်မှောင်ကြုတ်လိုက်သည်။

ကြီးမြင့် စာဖတ်တာတော့ သူသိသည်။ သို့သော် သူ့ရှေ့ရှိ အိတ်ထဲတွင် ပီယဆေးနည်း ပါသည်ဆိုသောကြောင့် ဆရာကြီး လည်း နည်းနည်းစိတ်ဝင်စားလာလေသည်။

“ဒါဆို ငါ့ကို အဲ့ဒီနည်း အရင်ပြစမ်း”

ထိုသို့ပြောပြီး ကြီးမြင့်ရှေ့တွင် တင်ထားသော စာအိတ်ကို လက်လှမ်းပြင်လိုက်စဉ်တွင် ကြီးမြင့်က သူ၏စာအိတ်ကို ဖျတ်ခနဲ ပြန်ယူလိုက်၏။

“အဲဒီလိုတော့ မလုပ်ပါနဲ့ ဆရာကြီး”

“ဘာဖြစ်လို့လဲကွ၊ မင်း မဟုတ်တာတွေ ရေးပြီး လိမ်ထားရင် ဘယ်လိုလုပ်မလဲ၊ အဲဒါကြောင့် ငါအရင်ကြည့်ရမှာပေါ့”

“ကျွန်တော်က အဲဒီနည်းကို လေလံတင်ထားတာဆိုတော့



စာအိတ်ထဲက ပီယဆေးနည်းကို လေလံအောင်တဲ့ လူကလွဲပြီး ဘယ်သူမှ ကြည့်လို့မရပါဘူး”

“ဟာ. . . ငါက မင်းရဲ့ဆရာပဲလေ၊ ငါတောင် ကြည့်ခွင့် မရှိဘူးလား”

“အလကားရတဲ့ ပစ္စည်းကို တန်ဖိုးမရှိဘူး။ အသုံးမဝင်ဘူး လို့ ထင်တတ်တာ သဘာဝပါ ဆရာကြီး။ ဒါ့အပြင် ပညာဆိုတာ လည်း အလကား မရပါဘူး။ ကျောင်းပညာဆိုရင်လည်း ပိုက်ဆံပေး သင်ရတယ်။ ဟိုပညာ ဒီပညာဆိုရင်လည်း ပိုက်ဆံပေး သင်ရတယ်။ အလကား သင်ရတဲ့ ပညာတောင်မှ ဆရာ့ကိုပြုစုရ၊ လုပ်ကျွေးမှုပြုရ တာတွေတောင် ရှိတာပါ ဆရာကြီး၊ ကျွန်တော့် စာအိတ်ထဲက နည်းကို ဆရာကြီးက အလကား ဖတ်လိုက်တော့ ပေါ့ပေါ့ထင်ထင် နည်းလို့ ထင်သွားပြီး အပြင်က ဆရာမတွေကို ကြီးမြင့်နည်းက အလကားပါလို့ပြောလို့ တစ်ကျောင်းလုံး ပျံ့သွားရင် ကျွန်တော့် လေလံက သွားပြီပေါ့ ဆရာကြီး၊ ဒါကြောင့်ပါ”

ကြီးမြင့်က ခပ်တည်တည်နဲ့ ပြောချလိုက်သောကြောင့် စာအိတ်ကို လှမ်းထားသော ဆရာကြီးလက်မှာ တိုးလိုးတန်းလန်း ဖြစ်သွား၏။

စိတ်ထဲမှာလည်း “ဒီကောင်ကွာ၊ ငါ့ ဆရာလာလုပ်နေတယ်”ဆိုပြီးလည်း မခံချိမခံသာ ဖြစ်သွားသည်။

ဒါ့အပြင် စာအိတ်ထဲက ရေးထားသည့်ဟာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပင် ဖတ်ချင်သွား၏။ သို့သော် ကြီးမြင့်ပြောတာတွေကလည်း အမှန်ဖြစ်နေသောကြောင့် ငြိမ်နေလိုက်ရသည်။

"ကြီးမြင့်. . . အဲဒီစာ ငါ့ကို ပြရမယ်"ဆိုပြီး အတင်းလုပ်ယူပါက "ဆရာကြီးက သူ့ရဲ့နည်းကို အလကားဖတ်ချင်လို့ ရုံးခန်းထဲထိ ခေါ်တယ်"ဆိုပြီး ပြောနေမှ ခက်ဦးမည်။

ကြီးမြင့်ဆိုတဲ့ ကောင်ကလည်း ယုံရတာ မဟုတ်။ ပေါက်တရလျှောက်ပြောမည့်သူ ဖြစ်သည်။

တကယ်တော့ ကြီးမြင့်ရဲ့ ယခုလုပ်ရပ်သည် ကျောင်းစည်းကမ်းဖောက်ဖျက်ခြင်း၊ နိုင်ငံရေးနှင့် အခြားပြစ်မှုများ ကျူးလွန်နေခြင်း မဟုတ်သောကြောင့် ပါမောက္ခချုပ် ဦးအေးစေမှာ ငြိမ်နေရခြင်း ဖြစ်သည်။

"ဒါဆို ဒီအပင်ကရောကွာ"

ကြီးမြင့်ရှေ့က အပင်ဘက် လှည့်သွားပြန်၏။

"ဒါကတော့ ဘာအပင်လဲဆိုတာပြောရင် သမိုင်းကြောင်းရယ်၊ ယုံကြည်မှုရယ် ပေါင်းပြောမှရမယ် ဆရာကြီး"

ကြီးမြင့်စကားကြောင့် ဆရာကြီးမှာ မျက်ခုံးပင့်လိုက်ပြီး-

"အေး. . . ပြောစမ်းပါဦး၊ မင်းဟာက ဘာအပင်မို့လို့ ဒီလောက်တောင် ကြီးကျယ်နေတာလဲ"

■

(၁၂)

"ကြီးမြင့်တော့ ဆရာကြီး ကောတာခံနေရပြီ ထင်တယ်"

"ကောင်းတယ်၊ နည်းတောင် နည်းသေးတယ်၊ လျှောက်လုပ်တာကိုး"

ပါမောက္ခချုပ် ရုံးခန်းအပြင်တွင် ရှိနေသော စာရေးမနှစ်ယောက် စကားပြောနေခြင်း ဖြစ်သည်။

"ဒါပေမဲ့ ကြီးမြင့်ဆိုတဲ့ ကောင်က ပေါ့သေးသေးကောင်တော့ မဟုတ်ဘူးဟဲ့"

"ဟုတ်လား ဘာဖြစ်လို့လဲ"

"ပါမောက္ခကတောင် သူ့ဆီက အကူအညီ ယူရဖူးသေးတယ်ဆိုတော့ ဒီကောင် မဆိုးဘူးဘဲ ပြောရမယ်"

"နင်က ဘယ်လိုလုပ်သိလဲ"

"ဩော်. . . ဟိုတစ်လောကဟယ် ပါချုပ်က ပါမောက္ခ

www.burmeseclassic.com

www.burmeseclassic.com



(ဌာနမှူး)တွေရဲ့ အစီရင်ခံစာတွေကို ဖိုင်တွဲဖို့ ပြန်ချပေးတာ နင်မှတ်မိတယ်မှတ်လား"

"အေး. . . မှတ်မိတယ်လေ"

"အဲဒီအထဲမှာ ကြီးမြင့်မေဂျာရဲ့ ပါမောက္ခရေးတဲ့ အစီရင်ခံစာထဲမှာ ပါတာ"

"ဘာရေးထားတာလဲ၊ စိတ်ဝင်စားလာပြီ"

"ဟိုလက လုပ်သွားတဲ့ မေဂျာပေါင်းစုံ အစားအစာလုပ်ပြိုင်ပွဲကို မှတ်မိတယ် မဟုတ်လား"

"အေး. . . သိတယ်လေ၊ ခေါင်းစဉ်က 'အထားခံမယ့် မြန်မာ့အစားအစာ'ဆိုပြီး ကြာရှည်ထားနိုင်မယ့် မြန်မာ့ရိုးရာအစားအစာတွေကို ပြုလုပ်ပြီး ပြိုင်ရတဲ့ပွဲလေ"

"အေး. . . ဟုတ်တယ်"

"အဲ့ဒါ ဘာဖြစ်လို့လဲ"

"အဲဒီပွဲမှာ ကြီးမြင့်တို့ မေဂျာက နိုင်သွားတယ်မှတ်လား"

"အေးလေ"

"အဲဒါ ကြီးမြင့် အကြံပေးတဲ့ အစားအစာနဲ့ ဝင်ပြိုင်တာပါဆိုပြီး ပါမောက္ခက သူ့ Report ထဲမှာ ထည့်ရေးထားတာ ငါဖတ်ရတယ်"

"နေပါဦး၊ အဲဒီပွဲတုန်းက သူ့တို့ မေဂျာက ဘာအစားအစာနဲ့ ဝင်ပြိုင်တာလဲ"



"နာရီဆုပ်ဆိုတဲ့ အစားအစာနဲ့ ဝင်ပြိုင်တာလေ"

"ဩော်. . . အေး ဟုတ်သားပဲ"

"သူတို့က သမိုင်းကြောင်းလေးနဲ့ပါ တွဲပြောတော့ ဆရာကြီး သဘောကျပြီး ဆုတွေ ရသွားတာပေါ့"

ထိုသို့ ပြောနေစဉ်မှာပဲ ကျောင်းသားတစ်ယောက် ဝင်လာပြီး. . .

"အစ်မ. . . ကြီးမြင့် သွားပြီလား"

"မသွားသေးဘူး၊ ဆရာကြီးရဲ့ အခန်းထဲမှာပဲ ရှိသေးတယ်"

ထိုသို့ ပြောလိုက်သောကြောင့် ပြန်ထွက်သွားပြန်သည်။ ခဏအကြာတွင် ကျောင်းသူနှစ်ယောက် ရောက်လာပြန်၏။

"အစ်မ. . . အထဲမှာ ကြီးမြင့် ရှိသေးလား"

"အေး. . . ရှိသေးတယ်"

"ဆရာကြီးကလည်း ကြာလိုက်တာ"

ဟုပြောပြီး ဘုဆတ်ဘုဆတ်နှင့် ထွက်သွားပြန်သည်။

ထိုသို့ ရုံးခန်းရှေ့ကို တစ်ယောက်ပြီးတစ်ယောက် လာကာ ကြီးမြင့်ကိုပဲ မေးနေကြသောကြောင့် စာရေးမနှစ်ယောက်မှာ စိတ်ရှုပ်ဘဲ ဖြစ်လာကြသည်။

ထိုကြောင့် နောက်ဆုံးဝင်လာသော ကျောင်းသားနှစ်ယောက်ကို ကောလ္လတ်မလို့ကြံတုန်းအချိန်တွင် ရုံးခန်းတံခါး ပွင့်သွားပြီး အထဲကနေ ကြီးမြင့် ထွက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်ကပါ ဆရာကြီးမျက်နှာကို မြင်လိုက်ရသောကြောင့် စာရေးမနှစ်ယောက်မှာ ဝရုန်းသုန်းကား ထလိုက်ရသည်။

ကြီးမြင့်က အခန်းတံခါးနားတွင် ခဏရပ်ပြီး ဆရာကြီးအား နှုတ်ဆက်ရာ ဆရာကြီးက-

"မင်းတို့က လူငယ်တွေဆိုတော့ ငါမပြောလိုပါဘူး၊ မင်းတို့ စိတ်ကူးလေးတွေနဲ့ မင်းတို့ပေါ့၊ မင်းပြောတဲ့ နည်းလမ်းတွေက မဆိုးပါဘူးကွ"

ဟုပြောပြီး အခန်းအပြင်မှာရှိသော သူများကို တစ်ချက်ကြည့်ပြီး ပြုံးပြကာ အခန်းထဲပြန်ဝင်သွား၏။

ဤတွင် အခန်းထဲတွင် ရပ်နေသော ကြီးမြင့်ကိုလာမေးသည့် ကျောင်းသားများက ပါမောက္ခချုပ်ပင် ကြီးမြင့်ရဲ့နည်းလမ်းကို ထောက်ခံသည်ဟု တွေးထင်သွားပြီး ခဏအကြာတွင်-

"ပါချုပ်ပင် ကြီးမြင့်နည်းလမ်းကို ထောက်ခံ"ဆိုသည့် သတင်းမှာ တစ်ကျောင်းလုံး ပျံ့နှံ့သွားလေ၏။

ညနေ ကျောင်းဆင်းခါနီး ရောက်သောအခါတွင် လေလံအိတ်များမှာ များလွန်းသောကြောင့် လေလံအများဆုံးပေးသူ အယောက် (၂၀)ကိုသာ ကြော်ငြာဘုတ်တွင် ဖော်ပြနိုင်လေသည်။



## လေလံအများဆုံးပေးသူ အယောက် (၂၀)

### ပထမရက်

| | | | |
|---|---|---|---|
| ၁။ | ဘတင့် (Botany) | - | ၅၀၀၀၀ိ/- |
| ၂။ | ငြိမ်းခိုင်မြင့် (Chemistry) | - | ၄၅၀၀၀ိ/- |
| ၃။ | စန်းဝင်း (Physics) | - | ၃၀၀၀၀ိ/- |
| ၄။ | အေးခိုင် (Physics) | - | ၂၈၀၀၀ိ/- |
| ၅။ | ကိုကိုလေး (မြန်မာစာ) | - | ၂၈၀၀၀ိ/- |
| ၆။ | ဥမ္မာမြင့် (သမိုင်း) | - | ၂၅၀၀၀ိ/- |
| ၇။ | အေးသန်း (အရှေ့တိုင်း) | - | ၂၅၀၀၀ိ/- |
| ၈။ | တင်မြင့်အောင် (သင်္ချာ) | - | ၂၀၀၀၀ိ/- |
| ၉။ | ဝင်းထက်အောင် (Chemistry) | - | ၂၀၀၀၀ိ/- |
| ၁၀။ | နေဦးအောင် (Physics) | - | ၂၀၀၀၀ိ/- |
| ၁၁။ | မျိုးနေအေးမြတ် (ဥပဒေ) | - | ၂၀၀၀၀ိ/- |
| ၁၂။ | ဉာဏ်ထွန်းဦး (သင်္ချာ) | - | ၁၈၀၀၀ိ/- |
| ၁၃။ | ရွှေတင် (Chemistry) | - | ၁၈၀၀၀ိ/- |
| ၁၄။ | သန်းထိုက်လင်း (ဘူမိ) | - | ၁၅၀၀၀ိ/- |
| ၁၅။ | ဖြိုးသူရ (စိတ်ပညာ) | - | ၁၃၀၀၀ိ/- |
| ၁၆။ | တင်အေးကြည် (ကုန်ထုတ်ဓာတု) | - | ၁၃၀၀၀ိ/- |
| ၁၇။ | အောင်ဟိန်း (ကုန်ထုတ်ဓာတု) | - | ၁၀၀၀၀ိ/- |

www.burmeseclassic.com

www.burmeseclassic.com



၁၈။ ရဲလင်းထွန်းဦး (Physics) - ၁၀၀၀ဝိ/-

၁၉။ ပြည့်ဖြိုးအောင် (မြန်မာစာ) - ၁၀၀၀ဝိ/-

၂၀။ မင်းသူ (သင်္ချာ) - ၁၀၀၀ဝိ/-

ပုံ

ကြီးမြင့်

လေလံတင်သူ

(၁၃)

မိချိုသည် သူ၏ အိပ်ခန်းထဲမှာပင် လမ်းဘယ်နှကြိမ် လျှောက်မိမှန်းမသိ ဖြစ်နေသည်။

လမ်းလျှောက်လိုက်၊ ခုတင်ပေါ် ပြန်ထိုင်လိုက်နှင့် ဂဏှာမငြိမ် ဖြစ်နေ၏။ ခုနကလည်း သူငယ်ချင်းနှစ်ယောက်နှင့် ဖုန်းပြောပြီးပြီ ဖြစ်သည်။

သူတို့ကလည်း ကျောင်းမှာ ဖြစ်နေသော သတင်းများကို ပြန်ပြောကြ၊ ငြင်းကြနှင့် အတော်ကြာသည်အထိ စကားပြောနေမိသည်။

"နင့် ပိယဆေးသတင်းကတော့ တော်တော် ပျံ့နေပြီ မိချို"

"အေးလေ၊ ငါလည်း အဲဒီလိုဖြစ်အောင်လို့ ပြောလိုက်တာမှ မဟုတ်တာ"

"အေး. . . သိပါတယ်၊ အခု နင် ဘာဆက်လုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆက်လုပ်ရမှန်းတောင် မသိတော့ပါဘူးဟယ်"

"နေဦး၊ ငါတို့ဖယ်ရီပေါ်မှာ နင့်အကြောင်း ပြောနေကြတာလည်း ကြားရသေးတယ်"

"ဘာပြောနေကြတာလဲ"

"ဒီပီယဆေး လေလံဆွဲတဲ့ ပုံစံက နင့်ကို လေလံပိုင်းဆွဲနေကြတာနဲ့ တူတယ်တဲ့"

"ဟင်. . . ဘာ အဓိပ္ပာယ်ကြီးလဲ"

"ပီယဆေးရရင် နင့်အချစ်ကို ရမယ်မှတ်လား"

"အာ. . . အဲဒီလို မဟုတ်ပါဘူး"

"နင်ကသာ အဲဒီလိုမဟုတ်ဘူး ပြောနေတာ၊ တစ်ကျောင်းလုံးကတော့ အဲဒီလိုထင်နေကြတယ်. . . အဲ. . . ငါ ဆက်ပြောဦးမယ်. . . ဒီလိုလေ၊ အခုဖြစ်နေတဲ့ ပုံစံက ကြီးမြင့်က နင့်အချစ်ကို လေလံတင်သလို ဖြစ်နေတယ်ဆိုပြီး အားလုံးက ယူဆနေကြတယ်"

"ဟယ်. . . မဟုတ်မှ မဟုတ်ဘဲ၊ သူတို့ ပီယဆေးရတိုင်း ငါက သူ့တို့အချစ်ကို လက်ခံမှာမှ မဟုတ်ဘဲ"

"ငါတို့ ပြောပြီးပြီပဲ ဗမာစကားကို နင်ကလွယ်လွယ် ပြောခဲ့တာကိုး၊ အခု နင်က ပီယဆေးရတဲ့ တစ်ယောက်ကို မချစ်ဘူး၊ လက်မခံဘူးလို့ ပြောပြန်ရင်လည်း၊ နင့်ကို လှည့်စားတဲ့ မိန်းမဆိုပြီး ပြောကြဦးမယ်"



သူ ပြောမှပဲ အဆုံးထိ ရောက်သွားတော့သည်။

နဂိုကတည်းကမှ မိန်းကလေးတွေထဲမှာ သူ့ကို အပြစ်ပြောချင်သူ တော်တော်များသည်။

မိချိုက လှည့်စားသည်၊ အရှုးလုပ်သည်၊ ယောက်ျားတွေကို ကြိုးရှည်ရှည် လှန်ထားသည်ဟု ပြောကြဦးမည်။

"အဲဒီတော့ ငါက ဘာဆက်လုပ်ရမှာလဲ"

ဒီတစ်ခါတော့ တကယ်ပဲ မတွေးတတ်သောကြောင့် မေးလိုက်ခြင်းဖြစ်သည်။

"ငါတို့လည်း ချက်ချင်းဆိုတော့ မစဉ်းစားတတ်သေးဘူးဖြစ်နေတယ်၊ နင့်ဟာလည်း ပြဿနာအသစ်ကိုး"

အတော်ကြာသည်အထိ တိတ်ဆိတ်နေမိသည်။

"နင် နောက်တစ်မျိုး ပြောင်းပြီး ပြန်ပြောကြည့်ပါလား၊ တွန်မလိုချင်တာ ပီယဆေးမဟုတ်ဘူး၊ ဘာလိုတာပေါ့ဟာ ဆိုပြီးတော့ပေါ့"

"ဟယ်. . . ရမလားဟဲ့"

အမျိုးမျိုး စဉ်းစားစိတ်ကူးကြသော်လည်း မထွက်နိုင်ဘဲဖြစ်နေသည်။ နောက်ဆုံးတွင် အဆင်ပြေမည် ထင်သော ဆုံးဖြတ်ချက် (၂)ခုတို့ ချလိုက်ကြ၏။

(၁) ကြီးမြင့်ကို မျက်နှာချင်းဆိုင်တွေ့ပြီး လေလံကိစ္စ ရပ်တန့်ဖို့ တောင်းဆိုရန်။

www.burmeseclassic.com

www.burmeseclassic.com



(တွေ့ဆုံမယ့် ကိစ္စကို ဖယ်ရီတူသော အေးသီနှင့် စန်းမော်က တာဝန်ယူရန်)

(၂) ကြီးမြင့်နှင့် ဆွေးနွေးလို့မရပါက အမည်ဝှက်တစ်ခုဖြင့် ပီယဆေးကို လေလံဝင်ဆွဲရန် ဖြစ်သည်။

ထို့ကြောင့် သူတို့နှင့် ဖုန်းပြောအပြီးတွင် မိချိုတစ်ယောက် ဝဏ္ဏာမငြိမ်ဖြစ်ပြီး အခန်းထဲတွင် လမ်းလျှောက်မိနေခြင်းဖြစ်သည်။

■

(၁၄)

ကန်တင်းမှာ တစ်ယောက်တည်းထိုင်ရင်း အေးသီနှင့် စန်းမော်ကို စောင့်နေမိသည်။ သူမကို အိမ်က လိုက်ပို့သောကြောင့် ကျောင်းကို စောစောရောက်လေ့ရှိသည်။

ကျောင်းဖယ်ရီတွေကတော့ မရောက်သေးချေ။

ယနေ့ ကျောင်းကို အလာတွင် ဖယ်ရီပေါ်မှာ အေးသီနှင့် စန်းမော်တို့က ကြီးမြင့်ကို သူမနှင့် တွေ့ဆုံနိုင်ရန်အတွက် ကြိုးပမ်းပေးမည်ဖြစ်သည်။

ကြီးမြင့်က လက်ခံ၊ မခံကို သူတို့လာမှ သိရပေမည်။ ထို့ကြောင့် ကန်တင်းတွင် တစ်ယောက်တည်း ငေါင်စင်းစင်းဖြင့် ထိုင်စောင့်နေရခြင်းဖြစ်သည်။

ကျောင်းကို စောစောရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူအချို့ကလည်း သူ့ကို ကွက်ကြည့်ကွက်ကြည့်နဲ့ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။

တိုးတိုး တိုးတိုးပြောနေကြသောကြောင့် သူ့အကြောင်း ပြောနေမှန်း ရိပ်မိသည်။

ခပ်လှမ်းလှမ်းမှာတော့ ဘတင့်နှင့် မိတ်ကပ်ခင်စန်းဝင်းက သူ့ကို ကြည့်နေတာကို တွေ့ရသည်။

နှစ်ယောက်စလုံးက သူ့ဆီကို လာသင့်၊ မလာသင့် တွေဝေ စဉ်းစားနေကြပုံရသည်။

နောက်တော့ မလာကြတော့ဘဲ အဝေးကသာ ကြည့်နေကြ၏။ ပီယဆေးမရှိလို့ ထင်သည်။

တချို့ သူမကို မနာလိုတဲ့ မိန်းကလေးတွေကလည်း မိချို မကြားကြားအောင် စောင်းမြောင်းပြောကြသေး၏။

"ယောကျ်ားတွေကို ဟိုပြော၊ ဒီပြော လုပ်ခိုင်းပြီး ကြီးရှည်ရှည်ဆိုတဲ့ ဟာကြီး လှန်ထားတာလေ"

ထင်သည့်အတိုင်းပင် ပြောကြ၏။

"အေးလေ၊ ရုပ်ကလေးက. . . ×+-×++-+"

စသည့်ဖြင့် မကြားချင်မှ အဆုံးဖြစ်သည်။

နာရီကို တစ်ချက်ကြည့်လိုက်သည်။ ဒီအချိန်ဆို ဖယ်ရီတွေ ရောက်နေပြီ ဖြစ်သည်။

ကြီးမြင့်က သူတို့နှစ်ယောက်နဲ့ တစ်ခါတည်း ပါလာမှာလားဆိုပြီး စိုးရိမ်စိတ်လည်း ဝင်သွားသည်။



ကြီးမြင့်ကို ဒီလိုလူများတဲ့နေရာမှာ မတွေ့ချင်။ လူများတဲ့ နေရာမှာ မတွေ့ချင်ဘူးပြော၍ လူရှင်းတဲ့ နေရာမှာ တွေ့ချင်တယ်တု မဆိုလိုပါ။

တော်ကြာ တိတ်တဆိတ် ချိန်းတွေ့တယ်ဆိုပြီး ပိုပြောခံရမည်။ ထိုစဉ် ကန်တင်းထဲသို့ အေးသီနှင့် စန်းမော် ဝင်လာလေ၏။

နောက်ကို ကြည့်လိုက်သောအခါ ကြီးမြင့် မပါလာသည့်အတွက် နည်းနည်းတော့ စိတ်အေးသွားသည်။

"ဟဲ့. . . ဘာတဲ့လဲ"

ဝင်ဝင်ချင်း မစောင့်နိုင်တော့ဘဲ မေးမိလိုက်သည်။

"ထိုင်ပါရစေဦး၊ အအေးလေး ဘာလေးမှာပါရစေဦး၊ တကတည်း. . . "

"ငါ စောင့်နေတာ ကြာပြီဟဲ့"

"သြော်. . . နင်က ကိုယ်ပိုင်ကားနဲ့ လာတာဆိုတော့ စောင့်ပေါ့"

"ကဲပါ. . . လေကြောရှည်နေတယ်. . . ဘာသောက်မှာလဲ၊ မြန်မြန်မှာပြီးရင် မြန်မြန်ပြော"

မိချိုကို မျက်စောင်းထိုးကြသည်။

မိချိုကလည်း သူတို့ စဉ်းစားရင်ကြာမှာစိုးသောကြောင့် စိတ်ထဲရှိရာ အအေးနှစ်ခွက်ကို ခပ်မြန်မြန် အော်ပြီး မှာပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တဲ. . . အအေး မလာခင်ပြောတော့"

"အေးပါ၊ ပြောပါမယ်ဟယ်၊ ဘယ်ကတည်းက ကြားချင်နေလဲ မသိဘူး"

"ငါလည်း ဒီကိစ္စမြန်မြန် ဖြတ်ချင်ပြီ၊ အခုတောင် ဒီနား ထိုင်နေရတာ လူပြောသူပြော သိပ်များတာပဲ"

အတင်းပြောနေသည့် စကားသံများကို ပြန်ပြောလိုက်၏။

"ကြီးမြင့်ကို ကားပေါ်မှာတွေ့တော့ ငါတို့လည်း နင့်ဖြစ်နေတဲ့ ကိစ္စကိုရှင်းပြပြီး ဆွေးနွေးဖို့ တောင်းဆိုလိုက်တယ်"

"အမယ်လေး နင့်စကားကလည်း ဆွေးနွေးဖို့ ပြောလိုက်တယ်လုပ်ပါ၊ တော်ကြာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲလို့ ထင်နေပါဦးမယ်"

"အေးပါဟယ်၊ ဘယ်လိုပဲပြောပြော သူက လက်ခံလိုက်တယ်"

"တကယ်လား"

"တကယ်ပေါ့၊ ဒါပေမဲ့ သူက နင်နဲ့နှစ်ယောက်တည်းပဲ တွေ့ချင်တယ်တဲ့"

"ဟင်. . . အဲဒါက ဘာသဘောလဲ"

"ငါတို့လည်း မသိဘူးလေ"

သူမ သူငယ်ချင်းနှစ်ယောက် မပါဘူးဆိုတော့ နည်းနည်းတော့ စဉ်းစားသွားသည်။ သို့သော် အခုကိစ္စကလည်း သူမပဲ စတင်



တွေ့ချင်တယ်ဆိုသောကြောင့် အစကတည်းက ရှုံးနေပြီ ဖြစ်သည်။

ကြီးမြင့်ဆိုတာ ဘာကောင်ကြီး၊ ဘယ်သူကြီးဆိုတာကို မသိသေးမယ့် အကြားနဲ့တင် အကောင်ကြီးကြီး တစ်ယောက်ဖြစ်မည်။

"နေရာကတော့ နင်ကြိုက်တဲ့ နေရာပြောပါတဲ့ သူလာခဲ့မယ်တဲ့"

ဘာပဲဖြစ်ဖြစ် သွားတော့တွေ့ရမယ်ဟု တွေးလိုက်ပြီး လူသိပ်ထိုင်လေ့မရှိသည့် မေဂျာတစ်ခု၏ ကန်တင်းတစ်ခုတွင် ချိန်းထိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

သူတို့နှစ်ယောက်၏ တွေ့ဆုံမှုက ပြတ်တောင်းတောင်း နိုင်လှသည်။

"ရှင် လုပ်နေတဲ့ လေလံပွဲကို ဖျက်ပေးပါ"

မိချိုက တွေ့တွေ့ချင်း စပြောလိုက်သည်။

"အာ. . . ကျွန်တော်က ပိုက်ဆံယူပြီး Professional လုပ်စားနေတာလေ၊ အဲဒီလိုကြီး ဖျက်သိမ်းလိုက်တော့ ရှေ့ဆက်ပြီး ကျွန်တော်လုပ်တဲ့ အလုပ်တွေကို ဘယ်သူက ယုံကြည်တော့မှာလဲ"

"အမယ်လေး. . . ကြီးကျယ်လိုက်တာ"

မိချိုစိတ်ထဲ တွေးမိသည်။ ကြီးမြင့်၏ မချိုမချဉ် မျက်နှာကြောင့်လည်း တော်တော်လေးကို မြင်ပြင်းကတ်နေသည်။

ကျောင်းမှာ သိပ်နာမည်ကြီးတဲ့ ကြီးမြင့်ဟုဆိုသော်လည်း သူမအတွက်တော့ သူမကိစ္စသာ အဆင်ပြေဖို့ လိုသည်။



"ဒါဆို ရှင်က အဲဒီ လေလံကို မဖျက်သိမ်းပေးဘူးပေါ့"

"ဒါပေါ့ အမိရဲ့"

"ဘာအမိလဲ. . . ကျွန်မနာမည် အပြည့်အစုံရှိတယ်၊ မိချိုသွေး ရှင့်. . . 'မိချို'လို့ပဲခေါ်"

"ဟာ. . . အမိလို့ခေါ်လည်း ဘာဖြစ်လဲ. . . ရှေးခေတ်မှာ အမိ. . . အမိနဲ့ ကြားဖူးဘူးလား"

"မခေါ်နဲ့ မကြိုက်ဘူး"

"ဒါဆိုလည်း မခေါ်တော့ဘူး"

သူတို့နှစ်ယောက်ကြားမှာ စကားသံတွေ တိတ်ဆိတ်သွားပြန်သည်။ မိချိုက 'လေလံ'ကိစ္စ ဖျက်သိမ်းဖို့ တောင်းဆိုရန် ကိစ္စသာရှိတော့သည်။ အခုတော့ သူ့ဘက်က ခါးခါးသီးသီး ငြင်းနေတော့ ဘာမှဆက်ပြောစရာ မရှိချေ။ ထပြန်ရတော့မည်သာ ဖြစ်သည်။

သို့သော် ထမပြန်ဖြစ်သေးဘဲ ဆက်ထိုင်နေမိသည်။ ထိုလူမှာ ညို့ဓာတ်တစ်ခုရှိတာကိုတော့ လက်ခံရပေမည်။

"ဒီမှာ"

"ဗျာ"

"ရှင့် ပီယဆေးနည်းကြီးကို လေလံဆွဲထားတဲ့ လူထဲက တစ်ယောက်ယောက်က ရသွားပြီး ဖော်စပ်ပြီးရင် အဲဒီလူက ကျွန်မ အချစ်ကို ရမယ်လို့ ရှင်ယုံကြည်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို အလေးအနက်ထားပြီး မေးလိုက်သည်။

ထိုအခါ ကြီးမြင့်က သူမ မေးတာကို အင်းမလုပ် အဲမလုပ် နေပြီး သူမကိုသာ ပြုံးကြည့်နေသည်။

ဘာမှပြန်မပြောသောကြောင့် မိချိုမှာ ဒေါသထွက်လာသည်။ ထိုကြောင့်-

"ရှင်. . . အချစ်ဆိုတာရော သိရဲ့လား"

ဟုဆိုပြီး မေးလိုက်မိသည်။

"ဟဲ. . . ဟဲ"

ရယ်ကျဲကျဲလုပ်နေသောကြောင့် သူမက ထထွက်သွားမလို့ ဟန်ပြင်လိုက်သည်။ ထိုအခါမှ ကြီးမြင့်က-

"နေပါဦး. . . အမိရယ်"

ဟုဆိုပြီး တားလိုက်လေသည်။

မိချိုမှာ ပြန်ထိုင်လိုက်ပြီး သူ၏စကားကိုသာ ထပ်မေးလိုက်၏။

"အချစ်ဆိုတာ ဘာလဲ"

"ဟာဗျာ. . . ခင်ဗျားကလည်း ရှက်စရာကြီး"

(သူတို့နှစ်ယောက်၏ ပြောစကားများကို စာအုပ်ရှေ့ခန်းများတွင် ဖော်ပြပြီး ဖြစ်ပါသည်။)

ဤသို့ဖြင့် မိချို၏ တောင်းဆိုချက်ကို ကြီးမြင့်က လက်မခံပဲနဲ့ ဆွေးနွေးပွဲမှာ လိပ်ခဲတည်းလည်း ဖြစ်သွားလေသည်။

■

ထိုကြောင့် ထိုနေ့ညနေ၏ လေလံဒုတိယနေ့စျေးမှာ တစ်ဖက်ပါအတိုင်း ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လေလံအများဆုံးပေးသူ အယောက်(၂၀)

## ဒုတိယရက်

၁။ အမည်မသိ - ၃၀၀၀၀၀ိ/-
၂။ ဘတင့် (Botany) - ၁၅၀၀၀၀ိ/-
၃။ စန်းဝင်း (Physics) - ၁၃၀၀၀၀ိ/-
၄။ တင်အေးကြည် (သင်္ချာ) - ၁၀၀၀၀၀ိ/-
၅။ ငြိမ်းနိုင်မြင့် (Chemistry) - ၉၀၀၀၀ိ/-
၆။ ညာဏ်ထွန်းဦး (သင်္ချာ) - ၉၀၀၀၀ိ/-
၇။ ဝင်းထက်အောင် (Chemistry) - ၈၅၀၀၀ိ/-
၈။ ကိုကိုလေး (မြန်မာစာ) - ၈၅၀၀၀ိ/-
၉။ သိန်းထိုက်လင်း (ဘူမိ) - ၈၅၀၀၀ိ/-
၁၀။ အောင်ဟိန်း (ကုန်ထုတ်ဓာတု) - ၈၀၀၀၀ိ/-
၁၁။ ရွှေတင် (Chemistry) - ၈၀၀၀၀ိ/-
၁၂။ မင်းသူ (သင်္ချာ) - ၇၅၀၀၀ိ/-
၁၃။ ပြည့်ဖြိုးအောင် (မြန်မာစာ) - ၇၀၀၀၀ိ/-
၁၄။ ကျော်ဟိန်း (Botany) - ၇၀၀၀၀ိ/-
၁၅။ ဝေလင်း (မြန်မာစာ) - ၇၀၀၀၀ိ/-
၁၆။ တင်အောင်ဝင်း (သင်္ချာ) - ၆၈၀၀၀ိ/-
၁၇။ ရဲဇော်အောင် (ဘူမိ) - ၆၇၀၀၀ိ/-
၁၈။ ထွန်းကြည် (Physics) - ၆၀၀၀၀ိ/-
၁၉။ အေးအောင် (သင်္ချာ) - ၆၀၀၀၀ိ/-
၂၀။ ထွန်းမင်း (သင်္ချာ) - ၆၀၀၀၀ိ/-

ပုံ
ကြီးမြင့်
လေလံတင်သူ

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

ဒုတိယရက်တွင် အမည်မသိဆိုသည့် လေလံဆွဲတဲ့သူ ပါလာသောကြောင့် လေလံဆွဲသူများနှင့် အခြားလူများကြား ပွက်လောရိုက်သွားလေသည်။

"ကြီးမြင့် မင်းလုပ်စားတယ်ကွာ"

တချို့က ကြီးမြင့်သည် လေလံဈေးကို ဆွဲတင်ချင်သောကြောင့် အမည်မသိဆိုပြီး ထည့်ထားသည်ဟု စွပ်စွဲကြသည်။ တချို့ကတော့ လေလံပွဲကိုပျက်အောင် လုပ်သူတစ်ဦးဟု ဆိုကြသည်။ တကယ်ပေးမှာလည်း မဟုတ်ဟု ထင်ကြ၏။ တချို့ကလည်း ကြီးမြင့်ကို ပြောင်ဖွင့်မေးကြ၏။ ထိုအခါ ကြီးမြင့်ကတော့ အေးဆေးပါပဲ။

"ရော့. . . ဒီမှာကြည့်၊ အဲဒါလူတစ်ယောက် လာပေးသွားတဲ့ လေလံစာပဲ၊ မယုံမှာစိုးလို့ ပိုက်ဆံပါတဲ့ နောက်တစ်အိတ်လည်း ပေးသွားသေးတယ်"

ကြီးမြင့်က လာရောက်မေးမြန်းသူများကို လေလံဆွဲကြောင်းစာနှင့်အတူ ငွေ ၃ သိန်းတိတိကို ထုတ်ပြလိုက်သောကြောင့် အားလုံး



ငြိမ်သွားလေ၏။

ကြီးမြင့်တွင်လည်း ဒီလောက် ငွေသုံးသိန်းမရှိမှန်း အားလုံးသိကြသောကြောင့် ယုံသွားကြလေသည်။

အမည်မသိက ဘယ်သူလဲဆိုပြီး တွေးဆသွားကြပြန်သည်။ နောက်ပြီး အမည်မသိ (အမည်မပေးလိုသူ လေလံဆွဲသူများ)ကို လက်မခံဖို့လည်း ကြီးမြင့်အား တောင်းဆိုကြ၏။

"အာ. . . အဲဒီလိုလုပ်လို့ မဖြစ်ဘူးလေ၊ ငါက ငွေရှာနေတာကွ၊ မည်သူမဆို လေလံဝင်ဆွဲလို့ ရတာပဲ၊ အခုဟာက သူက နောက်ပြောင်ပြီး လေလံစင်ဆွဲတာ မဟုတ်ဘူးဆိုတာလည်း ငွေပါ တစ်ခါတည်း ပေးလိုက်တော့ သိနေတာပဲ မဟုတ်ဘူးလား"

ဟုတ်တော့လည်း ဟုတ်သည်။ ဒီလေလံသည် ကြီးမြင့်လုပ်သည့် လေလံဖြစ်သောကြောင့် ကြီးမြင့် ကြိုက်သလို လုပ်နိုင်မှန်း သူတို့သိကြသည်။

သူတို့ မကျေနပ်ပါက ထိုအမည်မသိလူထက် ပိုက်ဆံပိုပေးဖို့ပဲ ဖြစ်သည်။

နောက်ထပ် ငါးရက်အတွင်းမှာ အနိုင်ရအောင် လေလံဆွဲမှသာ ဖြစ်မည်။ သူတို့ပဲလားဆိုတော့လည်း မဟုတ်။ တစ်ဖက်တွင် ကြီးမြင့်တို့အဖွဲ့မှာလည်း ခေါင်းစားနေ၏။

"ကြီးမြင့်"

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စာရင်းတွက်နေတဲ့ ကြီးမြင့်ကို အောင်စိန်သန်းက ခေါ်လိုက်ခြင်း ဖြစ်သည်။ ကြီးမြင့်ကလည်း စိတ်မရှည်စွာနဲ့ ပြန်ထူး၏။

"အဲဒီ့ အမည်မသိဆိုတာ ဘယ်သူဖြစ်နိုင်လဲ မင်းသိလား"

"မသိဘူးလေ၊ ငါလည်း မင်းတို့နဲ့ အတူတူပဲဟာကို လာမေးနေသေးတယ်"

ပထမတော့ အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်က ကြီးမြင့်တို့ စွပ်စွဲကြသေးသည်။ မိချိုနှင့်တွေ့ပြီးမှ မိချိုကိုကြိုက်ပြီး အခြားလူများတို့ မပေးချင်သောကြောင့် အမည်မသိ နာမည်နဲ့ လေလံဝင်ဆွဲသည်ဟု ထင်ကြသည်။

သို့သော်လည်း ထိုစွပ်စွဲချက်များမှာ-

(၁) ကြီးမြင့်တွင် သုံးသိန်းမပြောနှင့် ၃ သောင်းတောင် မရှိခြင်း။

(၂) သူ့လေလံနှင့် သူ့နည်းလမ်း ဖြစ်သောကြောင့် အချိန်မရွေးပီယဆေးနည်းလမ်းကို ကြည့်နိုင်ခြင်း စသည်တို့ကြောင့် ထိုစွပ်စွဲချက်ကို ပယ်ချလိုက်ကြသည်။

"ဒါနဲ့ ငါတို့ မေးရဦးမယ် ကြီးမြင့်"

"ရှည်တာကွာ၊ ငါတို့ မေးရဦးမယ်၊ ဘာညာခံနေသေးတယ် တန်းမေးကွာ"

ကြီးမြင့်ပုံစံက စာရင်းတွက်နေရင်း စိတ်ရှည်တော့ပုံမရ။

"အေးပါကွာ၊ မင်းကလည်း ပိုက်ဆံမြင်တာနဲ့ စိတ်မရှည်တော့ဘူး၊ ငါသိချင်တာက မင်းနဲ့မိချိုတွေ့တုန်းက ဘာတွေပြောကြလဲလို့"

"မင်းတို့ကို ပြောပြီးပြီပဲ 'အချစ်အကြောင်း' ပြောကြပါတယ်လို့၊ ငါဘယ်နှစ်ခါ ပြောရမလဲ"

"အေးလေ ဟုတ်ပါတယ်၊ ငါတို့ သိချင်တာက အသေးစိတ်၊ အသေးစိတ် သိချင်တာလေ"

"အဲဒါတော့ ငါလည်း မမှတ်မိတော့ဘူး"

ဒါကတော့ ကြီးမြင့် တမင်ညစ်မှန်း သူတို့သိကြသည်။ ကြီးမြင့်ဆိုတဲ့ကောင်က လူစိတ်ဝင်စားအောင် လုပ်တတ်တဲ့ အကျင့်ရှိတာကို သိသောကြောင့် သူတို့မှာ ဆက်မမေးကြတော့ချေ။

ထိုစဉ် ဘထွန်းလှမြင့်က-

"ဒါမှမဟုတ် ကြီးမြင့်"

"ဘာလဲ"

"မိချိုနဲ့တွေ့ပြီးမှ ဒီအမည်မသိလူက ကြေးကြီးပေးပြီး လေလံဆွဲတယ်ဆိုတော့ မိချိုများ အမည်မသိလူ နာမည်နဲ့ သူ့ဘာသာသူ လေလံဝင်ဆွဲတာလား မသိဘူး"

ထိုစကားကြောင့် ကြီးမြင့်မှာ သူတို့နှစ်ယောက်ကို လှည့်ကြည့်လိုက်လေသည်။

■

www.burmeseclassic.com

## (၁၇)

တစ်ဖက်တွင်လည်း မိချိုတို့မှာ [illegible]ရောက်နေလေသည်။ ကြီးမြင့်နှင့် တွေ့ဆုံဆွေးနွေးမှု အဆင်မပြေသောကြောင့် လေလံကို နာမည်တစ်မျိုးနှင့် ဝင်ဆွဲမည်ဟု စီစဉ်ထားခဲ့ပြီးမှ အမည်မသိလူတစ်ဦးမှ ဝင်ဆွဲနေသည်ဟုဆိုသောကြောင့် နည်းနည်း ထိတ်လန့်သွားလေသည်။

အရေးထဲ သူ့သူငယ်ချင်းနှစ်ယောက်က သူ့ကို မသင်္ကာဖြစ်နေသည်။

"မိချို. . . အဲဒီ အမည်မသိက နင်လား"

"အာ. . . ဘယ်ကသာ ဟုတ်ရမှာလဲ၊ ငါ ဝင်ဆွဲမလို့ ပြင်နေတုန်း၊ ဘယ်သူမှန်းမသိတဲ့လူက စျေးအကြီးဆုံး ပေးဝင်ဆွဲနေတာ"

"မသိပါဘူး၊ ကြီးမြင့်နဲ့ နင်နဲ့စကားပြောပြီးမှ အမည်မသိ



ဆိုတာကြီး ပေါ်လာတော့ နင်များလားလို့ပါ"

"ဟဲ့. . . ငါဝင်ဆွဲရင် နင်တို့သိမှာပေါ့၊ အခုဟာက ငါ မဟုတ်လို့ နင်တို့ မသိတာပေါ့"

မိချိုရဲ့စကားကိုတော့ လက်ခံလိုက်ကြသည်။ မိချိုသည် သူတို့မသိပဲနဲ့ ဘာမှလုပ်မယ့်သူ မဟုတ်ချေ။

"ဒါဆို. . . အဲ့ဒီ အမည်မသိက ဘယ်သူလဲ"

"ဟယ်. . . ငါလဲမသိဘူးလေ၊ သိချင်ရင် ကြီးမြင့်ကို သွားမေးပေါ့"

"ကြီးမြင့်လည်း မသိဘူးတဲ့"

"ဘယ်လို"

"ကြီးမြင့်တို့ကို စားပွဲထိုးကလေးလေး တစ်ယောက်က လာပေးသွားတာတဲ့၊ သူ့ကို မုန့်ဖိုးပေးပြီးခိုင်းလို့ လာပေးတာတဲ့၊ လေလံဆွဲကြောင်း စာရွက်ရော ပြီးတော့ မယုံမှာစိုးလို့ သူ့လေလံငွေကိုလည်း တစ်ခါတည်း ထည့်ပေးလိုက်တယ်တဲ့"

ကျန်တဲ့ပြဿနာတွေပင် ရှင်းလို့မပြီးသေးဘူး။ ဒီအမည်မသိဆိုတာကြီးက ထပ်ရှုပ်လာသောကြောင့် စိတ်ညစ်သွားလေသည်။

"ဒါဆို ငါတို့ အဲဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ"

အေးသီက မေးလိုက်ခြင်း ဖြစ်သည်။ စန်းမော်ကလည်း-

"ဟုတ်တယ် မိချို၊ တဖြည်းဖြည်းနဲ့ ဒီကိစ္စက ကြီးကျယ်လာပြီ၊ နင်ကလည်း ပီယဆေးရရင် ပြန်ကြိုက်မယ့်ပုံစံ ပြောထား

www.burmeseclassic.com

www.burmeseclassic.com



တော့. . ."

"ငါ. . . အဲဒီလို မပြောပါဘူး"

"ဟင်. . . လူတိုင်း အဲဒီလို နားလည်ထားတာလေ၊ ထား ပါတော့လေ၊ အများအမြင်တော့ အဲဒီလေလံရတဲ့လူက နင့်အချစ် ကိုရမယ့်လူလို့ ထင်တဲ့လူကထင်လို့ ဒီလောက်ဈေးကြီးပေးပြီး ဝင်ဆွဲနေကြတာပေါ့. . . နောက်ပြီး"

". . . . . . . . . . ."

"ဒီတိစွက တစ်ကျောင်းလုံး ဟော့နေပြီဆိုတော့ တစ်ခုခု လုပ်မှ ဖြစ်မယ်ထင်တယ်"

ထိုစကားကိုတော့ မိချို လက်ခံပါသည်။

စဉ်းစားသမျှ ကိစ္စတွေကလည်း တစ်ခုမှ အဆင်မပြေ သောကြောင့် ကြီးမြင့်ကိုပဲ သွားရိုက်ဖို့ပဲ ကျန်တော့သည်။

ရိုက်ဖို့မလွယ်၍သာ ငြိမ်နေရခြင်း ဖြစ်သည်။

ကြီးမြင့်. . . ကြီးမြင့်. . . တော်တော် ဒုက္ခပေးပါလား။

"မိချို"

"အင်း"

"နင်ပြောတဲ့ အမိပ္ပါယ်က အဲဒီလို မဟုတ်ပါဘူး၊ အခြား တစ်မျိုး ပြောတာပါဆိုပြီး အဲ့ဒီနေ့က နင်ပြောခဲ့တဲ့ လူတွေကိုခေါ် ပြီး ပြောလိုက်ရင်ရော"

"အာ. . . ငါ့ကို စကားဗလောင်းဗလဲ ပြောတဲ့မိန်းမဆိုပြီး



အားလုံးက ဝိုင်းပြောနေကြပါဦးမယ်"

"အဲဒါလည်း ဟုတ်သား"

ငြိမ်သွားကြပြန်သည်။

ခဏအကြာတွင် စန်းမော်က-

"ကြီးမြင့်ဆီက စာအိတ်ကို သွားခိုးရင်ရော"

ထိုစကားကြောင့် စန်းမော်ကို နှစ်ယောက်စလုံး ကြည့်မိ ကြသည်။

ထို့နောက် ပြိုင်တူလိုပဲ-

"နင့်ဘာသာနင် သွားခိုး" ဟု ပြောလိုက်ကြ၏။ စန်းမော် လည်း မျက်နှာလေး ငယ်သွား၏။

တစ်ခုခုလုပ်လို့ ရလိုရငြား စဉ်းစားနေကြခြင်း ဖြစ်သည်။ ထိုစဉ် သူတို့ ထိုင်နေသည့် ကန်တင်းထဲသို့ ဆရာမတစ်ယောက် ဝင်လာတာကို တွေ့လိုက်ရ၏။

"ငါ သိပြီ"

ရုတ်တရက် ပြောလိုက်သော မိချို၏အသံကြောင့် နှစ်ယောက် စလုံး စိတ်ဝင်စားသွားကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီဈေးနှုန်းတွေအတိုင်းဆိုရင် ပီယဆေးတို ငါတို့ဘယ်လိုနည်းနဲ့မှ လေလံဝင်ဆွဲနိုင်မှာ မဟုတ်တော့ဘူး"

"အနိုင်ရတဲ့လူဆီမှာ ကပ်တောင်းမှာပေါ့"

အခုမှ ဝင်လာတဲ့ ကျောင်းသားတစ်ယောက်က သူ့ထင်ရာ ဝင်ရောက် ပြောဆိုပြီးနောက် တတိယနေ့ လေလံဈေးများကို ဖတ်ကြည့်ပြီး မျက်လုံးပြူးသွားလေသည်။

ပါးစပ်ကလည်း-

"ကြီးမြင့်တော့ ခိုင်သွားပြီ"

ဟုဆိုပြီး ရေရွတ်လိုက်လေသည်။

(၁၈)

ကန်တင်းရှေ့တွင် လူများဝိုင်းအုံနေကြသည်။ ဖယ်ရီပေါ်ကအဆင်းတွင် ကြီးမြင့်၏ ယနေ့လေလံဈေးများကိုကြည့်ရင်း တစ်ယောက်နဲ့တစ်ယောက် လူများလာခြင်း ဖြစ်သည်။

တတိယနေ့ လေလံဈေးများသည် အခြားနေ့ လေလံဈေးများနှင့် မတူပဲ တမူထူးခြားနေသောကြောင့် တစ်ယောက်တစ်ခွန်း ပြောဆိုနေကြကာ ကြီးမြင့်၏ လေလံဈေးများရှေ့တွင် ရပ်ကြည့်မိနေကြခြင်း ဖြစ်သည်။

"ဒီတစ်ခေါက်ကတော့ တန်းတူပဲဟေ့"

"မနေ့က လူစာရင်းအတိုင်း ပြန်ထွက်တာပဲ"

"လှသန်း. . . အမည်မသိဆိုတာ မင်းလားကွ"

"အောင်မလေး. . . အဲ့ဒီလောက် ပိုက်ဆံရှိရင်. . . ငါဘီယာဆိုင် ရောက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



## လေ့လဲအများဆုံးပေးသူ အယောက်(၂၀)
## ဒုတိယရက်

| | | |
|---|---|---|
| ၁။ အမည်မသိ | - | ၆၀၀၀၀ဝိ/- |
| ၂။ ဘတင့် (Botany) | - | ၆၀၀၀၀ဝိ/- |
| ၃။ စန်းဝင်း (Physics) | - | ၆၀၀၀၀ဝိ/- |
| ၄။ တင်အေးကြည် (သင်္ချာ) | - | ၆၀၀၀၀ဝိ/- |
| ၅။ ငြိမ်းခိုင်မြင့် (Chemistry) | - | ၆၀၀၀၀ဝိ/- |
| ၆။ ဉာဏ်ထွန်းဦး (သင်္ချာ) | - | ၆၀၀၀၀ဝိ/- |
| ၇။ ဝင်းထက်အောင် (Chemistry) | - | ၆၀၀၀၀ဝိ/- |
| ၈။ ကိုကိုလေး (မြန်မာစာ) | - | ၆၀၀၀၀ဝိ/- |
| ၉။ သိန်းထိုက်လင်း (ဘူမိ) | - | ၆၀၀၀၀ဝိ/- |
| ၁၀။ အောင်ဟိန်း (ကုန်ထုတ်ဓာတု) | - | ၆၀၀၀၀ဝိ/- |
| ၁၁။ ရွှေတင် (Chemistry) | - | ၅၀၀၀၀ဝိ/- |
| ၁၂။ မင်းသူ (သင်္ချာ) | - | ၄၀၀၀၀ဝိ/- |
| ၁၃။ ပြည့်ဖြိုးအောင် (မြန်မာစာ) | - | ၃၈၀၀၀ဝိ/- |
| ၁၄။ ကျော်ဟိန်း (Botany) | - | ၃၇၅၀၀ဝိ/- |
| ၁၅။ ဝေလင်း (မြန်မာစာ) | - | ၃၇၅၀၀ဝိ/- |
| ၁၆။ တင်အောင်ဝင်း (သင်္ချာ) | - | ၃၆၅၀၀ဝိ/- |
| ၁၇။ ရဲဇော်အောင် (ဘူမိ) | - | ၃၀၀၀၀ဝိ/- |



| | | |
|---|---|---|
| ၁၈။ ထွန်းကြည် (Physics) | - | ၃၀၀၀၀ဝိ/- |
| ၁၉။ အေးအောင် (သင်္ချာ) | - | ၃၀၀၀၀ဝိ/- |
| ၂၀။ ထွန်းမင်း (သင်္ချာ) | - | ၃၀၀၀၀ဝိ/- |

ပုံ
ကြီးမြင့်
လေလံတင်သူ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနေ့ လူများအတိုင်း ဖြစ်သော်လည်း လေလံဈေးများမှာ ပိုမြင့်လာလေသည်။ တိုက်တိုက်ဆိုင်ဆိုင် အပေါ်ဆုံး (၁၀) ယောက်သည် ဈေးနှုန်းတူညီနေလေသည်။ ပွဲကတော့ ကောင်းနေပြီဟု လေလံဈေး ကြည့်ရှုသူ ကျောင်းသူတစ်ယောက်က မှတ်ချက်ချသည်။

စိတ်ထဲကလည်း မိချိုကို အားကျသလိုလို ဖြစ်မိနေသည်။ ထူးခြားတာက ကန့်တင်းတွင် ကြီးမြင့်ကို မတွေ့ရဘဲ အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်ကိုသာ ခုံတစ်ခုတွင် ခပ်မှိုင်မှိုင်ထိုင်နေတာကို တွေ့ရသည်။

ယခင်တုန်းက ဆိုပါက ခုံတစ်ခုတွင် စပ်ဖြီးဖြီးနှင့် ထိုင်နေပြီး လေလံဈေး လာကြည့်သူများကို နောက်ပြောင်နေသော ကြီးမြင့်ကို ယနေ့ မတွေ့ရခြင်းပင် ဖြစ်သည်။

မနေနိုင်တဲ့ ကျောင်းသားတစ်ယောက်က လှမ်းမေးသည်။

"ကြီးမြင့်ရော"

အောင်စိန်သန်းက အီလည်လည် မျက်နှာကြီးနှင့် ပြန်ဖြေ၏။

"ပါချုပ်ရုံးခန်းက လာခေါ်လို့ လိုက်သွားတယ်"

"ဘာကိစ္စတဲ့လဲ"

"တိုင်စာ ရောက်နေလို့တဲ့"

တိုင်စာဆိုသောကြောင့် လေလံဈေးနှုန်းများကို ဝေဖန်



နေသောသူများ အားလုံးတိတ်သွားကာ အောင်စိန်သန်းကို ကြည့်လိုက်ကြသည်။

"အောင်စိန်သန်း. . . ဘာတိုင်စာလဲ"

အောင်စိန်သန်းက ဘထွန်းလှမြင့်ကို တစ်ချက်ကြည့်လိုက်သည်။

ဘထွန်းလှမြင့်ကလည်း ပြောလိုက်ပါကွာဆိုတဲ့ ပုံစံကြောင့် အောင်စိန်သန်းက လူအားလုံးသိအောင် ပြောပြလိုက်သည်။

"မိချိုက ကြီးမြင့်ကို လေလံဆွဲပွဲနဲ့ ပတ်သက်ပြီး ပါမောက္ခချုပ်ဆီကို တိုင်ထားလို့"

■

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

"ဟဲ့. . . မိချို၊ ပါမောက္ခချုပ်က ကြီးမြင့်ကို ခေါ်တွေ့နေပြီတဲ့"

"တကယ်. . . ဟုတ်ရောဟုတ်ရဲ့လား"

"အခုလေးတင် အောင်စိန်သန်းတို့ ပြောခဲ့တာကို ငါတို့ကြားခဲ့တာ. . . အမလေး မောလိုက်တာ"

အေးသီနှင့်စန်းမော်မှာ ပြောချင်လွန်းအားကြီး၍ ပြေးလာကြပုံရသည်။

ပုံစံတွေက မောဟိုက်နေ၏။

"ထိုင်ပါဦးဟယ်. . . နင်တို့ ပုံစံကြည့်ရတာ၊ ပြေးလာတာလား"

"အေးပေါ့ဟဲ့. . . ငါတို့မှာ နင့်ကို ပြောချင်လွန်းအားကြီးလို့ မအောင့်နိုင်တာနဲ့ ပြေးလာတာ. . . အဟီး"



"ကဲ. . . ရေလေးဘာလေး သောက်လိုက်ဦး"

မိချိုရှေ့က ခုံလွတ်နှစ်ခုတွင် ဝင်ထိုင်ရင်း ဟိုမှာဒီမှာ လုပ်သည်။

ခဏနေ အအေးလေးဘာလေးသောက်ပြီး အမောပြေတော့မှ မိချိုက သူစိုးရိမ်နေတဲ့ ကိစ္စတစ်ခုကို စပြောလိုက်သည်။

"ပါချုပ်က ကြီးမြင့်ဘက်က ရှိနေတာဆိုတော့ ငါတို့လုပ်လိုက်တာ အဆင်ပြေပါ့မလား"

အရင်တစ်ခေါက်တုန်းက ပါချုပ်ခေါ်တွေ့သည့် ကိစ္စကို ရည်ညွှန်းပြီး ပြောလိုက်ခြင်း ဖြစ်သည်။ ကြီးမြင့် ဘာတွေပြောလိုက်မှန်း မသိပေမယ့် (ပါချုပ်ထောက်ခံကြောင်း) သတင်းကတော့ ထွက်လာပြီး ကျောင်းသားရေးရာက နောက်ထပ် ဘာမှထပ်မလုပ်တော့သောကြောင့် ထိုသတင်းမှန်နိုင်သည်ဟု အားလုံးက ယူဆထားကြသည်။

"အဲဒါတော့ ပြောမရဘူး၊ ကြီးမြင့်ဆိုတဲ့ကောင်က စကားတပြောတတ်ပါဘိနဲ့ဆိုတော့. . . ပါချုပ်ကြွေသွားရင် ဒုက္ခ"

"ဒါပေမယ့် ဒီတစ်ခေါက်တော့ ငါတိုင်စာထဲမှာ ခပ်ကြမ်းကြမ်း ရေးထားတာဆိုတော့ ပါချုပ်က သိပ်ပြီးလျစ်လျူရှုရဲမယ် မထင်ပါဘူးဟဲ့"

ထိုစကားက မိမိဘာသာ စိတ်ပြေပျောက်အောင် အားတင်းပြီး ပြောလိုက်သည့်စကား မဟုတ်မှန်း မိမိဘာသာ သိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာထဲတွင် လေလံပွဲနှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရကြောင်း၊ မိမိနာမည်တပ်ပြီး လေလံမဆွဲကြသော်လည်း အခြားကျောင်းသား ကျောင်းသူများက မိမိကိုထင်နေသည့် အထင်အမြင်များကြောင့် လေလံဆွဲပွဲကို တားပေးပါရန်။

ထိုကိစ္စကြောင့် မိမိအပါအဝင် ကျောင်းသား၊ ကျောင်းသူအချို့မှာ စာသင်ပျက်ကြကြောင်း စသည်ဖြင့် ပိုပိုသာသာလေး ရေးပေးလိုက်လေသည်။

"ပါချုပ်ခေါ်တာ ကြာပြီလား"

"မကြာသေးဘူးထင်တယ်၊ ခုနလောက်ကပဲ"

"ဒါဆို သူတို့လေလံဆွဲတဲ့ ကန်တင်းနားမှာရှိတဲ့ ခပ်လှမ်းလှမ်းကန်တင်းကနေ အခြေအနေ သွားစောင့်ကြည့်ရင် မကောင်းဘူးလား"

သိပ်ကြာကြာ မဆွယ်လိုက်ရပါ။

ချက်ချင်းကြီး သွားကြမယ်ဟုဆိုပြီး ပါလာကြလေ၏။ ခဏအကြာတွင် လေလံဆွဲသည့် ကန်တင်းကို မလှမ်းမကမ်းကနေ လှမ်းမြင်လိုက်ရသောအခါ မိချိုတို့သုံးယောက်၏ ခြေလှမ်းများ ရပ်သွားလေ၏။

"အားပါးပါး၊ လူတွေမနည်းပါလား"

လေလံဆွဲသည့် ကန်တင်းတွင် ကျောင်းသားကျောင်းသူများ ပြည့်ကျပ်နေလေသည်။



ပါချုပ်ဒုတိယအကြိမ် ခေါ်တွေ့သောကြောင့် ကြီးမြင့်သတင်းကို စပ်စုရန်အတွက်ရော၊ ကြီးမြင့် ပြန်လာပါက အခြေအနေမေးရန် စိတ်ဝင်စားသော ကျောင်းသားကျောင်းသူများ ရောက်နေခြင်း ဖြစ်သည်။

ထိုအထဲတွင် လေလံဆွဲတဲ့သူများလည်း အပါအဝင် ဖြစ်သည်။ သူတို့မှာ သူတို့ကိစ္စဖြစ်သောကြောင့် အခြားလူများထက် ပိုရင်ခုန်နေကြလေသည်။

မိချိုသည် ထိုလူအုပ်ကြီးကိုကြည့်ပြီး ဆက်သွားသင့် မသွားသင့်ဖြစ်ကာ ချီတုံချတုံ ဖြစ်နေလေ၏။

သူတို့ သွားထိုင်မည့် ဆိုင်မှာ ထိုကန်တင်းရှေ့မှ ဖြတ်သွားရမည် ဖြစ်သည်။

အခု အချိန်ဆိုပါက သူတိုင်ထားသည်ဆိုသည့် သတင်းကလည်း ပျံ့နေလောက်ပြီ ဖြစ်သည်။

ထိုကန်တင်းရှေ့က ဖြတ်ပါက လိုက်ကြည့်ကြမည့် မျက်လုံးများကို သူခံနိုင်မှာ မဟုတ်ပေ။

"မိချို . . . ငါတို့ သွားလို့ဖြစ်ပါ့မလား"

အေးသီနှင့်စန်းမော်ကလည်း မိချိုတွေးသည့်အတိုင်းပင် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေ၏။

ထိုစဉ် လေလံဆွဲသည့် ကန်တင်းထဲက လူတစ်ယောက်က တုံ့ဆိုင်းဆိုင်းရပ်နေသော မိချိုတို့အဖွဲ့ကို တွေ့သွားပြီး ကျန်လူများ

www.burmeseclassic.com

www.burmeseclassic.com



တို လက်ညှိုးထိုးပြနေတာကို တွေ့လိုက်ရ၏။

ထိုအခါ အားလုံးကလည်း မိချိုတို့ ရပ်နေသည့် နေရာတို လှမ်းကြည့်လိုက်ကြလေသည်။

မိချိုတို့လည်း ကန်တင်းတန်းထဲ မဝင်ရဲတော့ဘဲ နောက်ကိုပြန်လှည့်လိုက်သည်။

ဤတွင် သူတို့ရှေ့ခပ်လှမ်းလှမ်းကနေ ခေါင်းငိုက်စိုက်ကာ လမ်းလျှောက်လာသော ကြီးမြင့်ကို တွေ့လိုက်ရ၏။

မိချိုလည်း ကြီးမြင့်ကို မြင်လိုက်ရသောကြောင့် ကြောင်ပြီး ရပ်နေစဉ်မှာပဲ ကြီးမြင့်က သူမတို့ကို တွေ့သွားပြီး-

"ဪ. . ."ဟု ရေရွတ်ကာ ခေါင်းညိတ်နှုတ်ဆက်ပြီး သူမတို့ကို ကျော်သွားကာ လေလံဆွဲသည့် ကန်တင်းဖက်ဆီသို့ လျှောက်သွားလေ၏။

■

(၂၀)

ထိုညက မိချိုသည် တော်တော်နှင့် အိပ်မပျော်ပဲ ဖြစ်နေလေသည်။ "ဪ. . ."ဟု ရေရွတ်လိုက်သော ကြီးမြင့်အသံကို နားထဲမှာ ကြားယောင်ရင်း ဘာကြောင့်မှန်းမသိပဲ အိပ်မပျော်ခြင်းဖြစ်သည်။

အခြားလူများ၏ အကြည့်များ၊ တီးတိုးတီးတိုး ပြောဆိုမှုများကိုလည်း နားထဲမှာ တစ်ချက်တစ်ချက် ကြားယောင်နေမိသည်။

နေ့ခင်းက ကြီးမြင့်ကို တွေ့ပြီးနောက်ပိုင်း မိချိုတို့တစ်ဖွဲ့လုံး အိမ်ကိုတန်းပြန်လာကြသောကြောင့် ပါချုပ်က ကြီးမြင့်ကို ဘာတွေပြောလိုက်သည်၊ ကြီးမြင့်ရဲ့လေလံကိစ္စ ဘယ်လိုဖြစ်သွားသည် စသဖြင့်လည်း မသိရသောကြောင့် နေမထိထိုင်မသာ ဖြစ်နေခြင်းလည်း ဖြစ်သည်။

မနက်ဖြန်မှသာ ထိုအကြောင်းကို စုံစုံလင်လင် သိရမည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော်လည်းပဲ လူ့သဘာဝအရ ချက်ချင်းကြီး သိချင်နေသောကြောင့် ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလို ဖြစ်နေခြင်းဖြစ်သည်။

အေးသီနှင့်စန်းမော်ကို ဖုန်းဆက်ပြီး နီးစပ်ရာ သူငယ်ချင်းတွေကို ဖုန်းဆက်မေးပေးပါဦးဟု ပြောရာတွင်လည်း ဒင်းတို့က အိပ်ချင်မူးတူးအသံဖြင့် 'မိချိုရယ် အဲ့ဒီလောက်တောင် ရူးနေသလား' ဆိုပြီး ပြောဆိုကာ ဖုန်းချသွားလေ၏။

မိချိုမှာ မခံချိမခံသာဖြစ်ပြီး ကျန်ရစ်ခဲ့ရလေသည်။ အိပ်မပျော်သောကြောင့် အောက်ထပ်တွင် တီဗီလေးဘာလေး ကြည့်ရန်အတွက် ဆင်းလာသောအခါတွင် ထမင်းစားခန်းထဲကနေ ရေခွက်တစ်ခွက်ကိုင်ပြီး ထွက်လာသော သူ့အမေနှင့် တွေ့လေ၏။

"ဟင်. . . အမေ၊ မအိပ်သေးဘူးလား"

"နင့်အဖေလေ၊ တရေးနိုးပြီး ရေသောက်ချင်တယ်ဆိုလို့လာယူပေးတာ. . . နေပါဦး၊ သမီးကရော ဘာဖြစ်လို့ ဆင်းလာတာလဲ၊ ရေသောက်ချင်ရင် အပေါ်ထပ်မှာ ရှိတယ်လေ"

"ရေသောက်ချင်လို့ မဟုတ်ပါဘူး အမေရဲ့၊ အိပ်မပျော်လို့ပါ"

"ဘာလဲ. . . ရည်းစားတွေ ဘာတွေရနေပြီလား"

"အာ. . . ဘယ်ကသာ၊ အိပ်မပျော်တာနဲ့ ရည်းစားရတာနဲ့ ဘာဆိုင်လို့လဲ"



"အမေလည်း နင့်အဖေနဲ့ ကြိုက်တုန်းက အဲဒီလိုပဲ အိပ်မပျော်ဘူး သမီးရဲ့"

ဆိုပြီး ရေခွက်ကိုင်ကာ အခန်းထဲကို ဝင်သွားလေ၏။

အပေါ်မှာ အိပ်မပျော်လို့ အောက်ထပ်ကို ဆင်းလာကာမှ အမေ့စကားကြောင့် ပိုပြီး စိတ်ညစ်ရလေသည်။

ကြီးမြင့် ပြောသလို သူ့အမေကို-

"ဩော်. . ."

ဟုသာ ရေရွတ်ပြီး အပေါ်ထပ်ကို ပြန်တက်ကာ အတင်းဖျစ်ညှစ်ပြီး အိပ်ပစ်လိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

နောက်တစ်နေ့ ကျောင်းရောက်ရောက်ခြင်း မိချိုပထမဆုံး လုပ်သည့်ကိစ္စမှာ မနေ့ကကိစ္စကို စုံစမ်းခြင်းဖြစ်သည်။

အေးသီနှင့်စန်းမော်က ကျောင်းမရောက်သေးသောကြောင့် သူမဘာသာ တစ်ယောက်တည်း လိုက်မေးရလေသည်။

ကန်တင်းမှာ ထိုင်နေသည့် သူတို့မေဂျာက သန္တာကို တွေ့ လိုက်ရသည်။

"သန္တာ"

"အေး. . ."

သန္တာက မော့ကြည့်ပြီး သူ့ကိုတွေ့လိုက်ရသောအခါ မျက်နှာ အမှတ်တမဲ့ မဲ့သွားတာကို တွေ့လိုက်ရ၏။

သို့သော်လည်း သိချင်စိတ်က အားကြီးနေသောကြောင့် ခုံမှာဝင်ထိုင်ပြီး မေးမိလိုက်သည်။



"ငါ နင့်ကို မေးစရာရှိလို့"

"ဘာကိစ္စလဲ. . . ကြီးမြင့်အကြောင်းလား"

တဲ့တိုးကြီး မေးလိုက်သောကြောင့် သူမပင် ကြောင်သွားလေသည်။

"အေး. . . ဟုတ်တယ်၊ မနေ့က ဘာတွေဖြစ်လဲဆိုတာ နင်သိလား မေးချင်လို့"

သန္တာက မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး-

"နင်ဖြစ်စေချင်သလို ကြီးမြင့်တို့လေလံကိစ္စက ရပ်သွားပြီလေ. . . ဆက်မလုပ်ကြတော့ဘူး"

သန္တာလေသံက ပုံမှန်မရှိပဲ သူ့ကို အမြင်ကတ်နေတဲ့ ပုံစံပေါက်နေလေသည်။

"မိချိုရယ်. . . နင်ပါချုပ်လောက်အထိတော့ တိုင်စာပို့စရာ မလိုပါဘူးဟယ်. . . ကျောင်းသားကျောင်းသူ အချင်းချင်း အပျော်လုပ်ကြတဲ့ ကိစ္စပဲ၊ အခုတော့ ကြီးမြင့်အတော်လေး ဆူခံရတယ်တဲ့"

သန္တာမှာ ကြီးမြင့်ဘက်ကနေပြီး နာနေပုံရသည်။

သူ့လိုလူမျိုး ဘယ်နှစ်ယောက်လောက် ရှိမလဲဆိုပြီး ရုတ်တရက် တွေးမိလိုက်သည်။

ထိုကြောင့် မိချိုလည်း သန္တာကို နှုတ်ဆက်ပြီး ကန်တင်းထဲမှ ပြန်ထွက်လာခဲ့သည်။

သူမလိုချင်သည့်အတိုင်း ကြီးမြင့်၏ လေလံကိစ္စ ရပ်သွား

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း စိတ်ထဲမှာတော့ မျှော်လင့်ထားသလောက် မပျော်ပဲ ဖြစ်နေသည်။

တစ်ခုခုကို စိတ်တိုင်းမကျ ဖြစ်နေလေသည်။ လမ်းသွား လမ်းလာ ကျောင်းသားကျောင်းသူများရဲ့ သူမအပေါ်ကြည့်သည့် အကြည့်များကလည်း တစ်မျိုးဖြစ်နေကြသည်။

သူတို့က ကြီးမြင့်ကို သနားနေကြတာလား။ မိချိုသည် စိတ်ရှုပ်ထွေးလာခဲ့သည်။

လမ်းလျှောက်လာရင်း ကြီးမြင့်တို့ လေလံလုပ်သည့် ကန်တင်း ရှေ့မှ ဖြတ်လျှောက်မိသောကြောင့် ကန်တင်းဘက်ကို မသိမသာ ကြည့်မိသည်။

ကန်တင်းထဲတွင် ထိုင်မှိုင်နေသော အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်ကိုသာ တွေ့ရသည်။

ကြီးမြင့်ရဲ့ ကျောင်းဖယ်ရီကားကတော့ ရောက်သေးပုံ မပေါ်ချေ။ ကန်တင်းရှေ့ထောင်ထားသော လေလံဆိုင်းဘုတ်ကို လည်း တစ်ချက်ကြည့်မိသည်။

မနေ့က လေလံဈေးနှုန်း (တတိယရက်)အတိုင်း မဖျက်ပဲ ရေးထားတာကို တွေ့ရသည်။

သို့သော်လည်း အယောက်(၂၉)တွင် အပေါ်ဆုံးဆယ်ယောက် သာ ချန်ထားပြီး အောက်ဘက်က ဈေးနည်းသည့် (၁၉)ယောက် ကိုတော့ ဖျက်ထားတာ တွေ့ရ၏။



__လေလံအများဆုံးပေးသူ__

__တတိယရက်__

| | | | |
|---|---|---|---|
| ၁။ | အမည်မသိ | - | ၆၀၀၀၀၀ိ/- |
| ၂။ | ဘတင့် (Botany) | - | ၆၀၀၀၀၀ိ/- |
| ၃။ | စန်းဝင်း (Physics) | - | ၆၀၀၀၀၀ိ/- |
| ၄။ | တင်အေးကြည် (သင်္ချာ) | - | ၆၀၀၀၀၀ိ/- |
| ၅။ | ငြိမ်းခိုင်မြင့် (Chemistry) | - | ၆၀၀၀၀၀ိ/- |
| ၆။ | ဉာဏ်ထွန်းဦး (သင်္ချာ) | - | ၆၀၀၀၀၀ိ/- |
| ၇။ | ဝင်းထက်အောင် (Chemistry) | - | ၆၀၀၀၀၀ိ/- |
| ၈။ | ကိုကိုလေး (မြန်မာစာ) | - | ၆၀၀၀၀၀ိ/- |
| ၉။ | သိန်းထိုက်လင်း (ဘူမိ) | - | ၆၀၀၀၀၀ိ/- |
| ၁၀။ | အောင်ဟိန်း (ကုန်ထုတ်ဓာတု) | - | ၆၀၀၀၀၀ိ/- |

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်း မသိသော်လည်း ထိုကန်တင်းရှေ့တွင် ကြာကြာမရပ်ချင်သောကြောင့် ခပ်မြန်မြန်ပဲ ဆက်လျှောက်လာခဲ့သည်။

■

(၂၂)

အေးသီနှင့်စန်းမော် မျက်နှာတွေကို ကြည့်ခြင်းဖြင့် တစ်ခုခုဖြစ်လာမှန်း ရိပ်မိလိုက်သည်။

"လူတွေကိုက မဟုတ်တာပါဟယ်"

ပြောပြောဆိုဆို ဆူဆူအောင့်အောင့်ဖြင့် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြသည်။

"ဘာဖြစ်လာတာလဲ"

မေးမယ်သာ မေးလိုက်ရသည်။ ထိတ်ထိတ်လန့်လန့်တော့ ရှိလှ၏။

"ကြီးမြင့် လူတွေပေါ့"

"ဘယ်သူလဲ ကြီးမြင့်လူတွေဆိုတာ"

"တစ်ကျောင်းလုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အေးသီက စိတ်ညစ်ညစ်နှင့် မနက်စာ မစားရသေးကြောင်း ပြောပြီး ပေါင်မုန့်နှင့်ကော်ဖီတစ်ခွက်ကို အရင်မှာသည်။

စန်းမော်ကတော့ 'ဘာမှမစားချင်တော့ပါဘူး . . . ဟယ်' ဆိုပြီး ထိုင်နေလေ၏။ မိချိုမှာထားသော မုန့်တစ်ခုနှစ်ခုကိုတော့ ယူစား၏။

"စားလည်းစား၊ ပြောလည်း ပြောကြပါဦးဟယ်၊ ဘာတွေ များ ဖြစ်လာကြလို့လဲ"

အေးသီက ပြောသည်။

"ငါတို့နှစ်ယောက် ကျောင်းကားပေါ် စတက်ကတည်း ဖြစ်တော့တာပဲ"

"ဘာဖြစ်တာလဲ"

"မနေ့က အဖြစ်အပျက်ကို ငါတို့လည်း နင့်နည်းတူ သိချင်တော့ ကျောင်းရောက်တဲ့အထိ မအောင့်နိုင်ပဲ ကားပေါ်မှာရှိတဲ့ တစ်ယောက်ကို မေးလိုက်တာပေါ့"

"အဲဒီတော့"

"အဲဒီတော့ ဘာဖြစ်ရမှာလဲ . . . ငါတို့ကို ပြောလိုက်တာမှ လွန်ပါလေရော၊ နင်တို့က ဘယ်လိုလုပ်လိုက်တာလဲ၊ ကြီးမြင့်မှာ သနားပါတယ်၊ သူက ဘာအပြစ်လုပ်မိလို့လဲ စသဖြင့် စုံနေတော့ တာပဲ၊ ပြီးတော့ ငါတို့ကို မုန်းသလိုလို ဘာလိုလို ကြည့်ကြတာတွေ



လည်း ပါသေးတယ်ဟဲ့"

"ကြီးမြင့်ကရော ဘာပြောသေးလဲ"

ကြီးမြင့်နှင့် သူတို့နှစ်ယောက်မှာ ဖယ်ရီတစ်စီးထဲ ဖြစ်သောကြောင့် မေးလိုက်ခြင်း ဖြစ်သည်။

"ကြီးမြင့်ကိုတော့ ဒီနေ့ မတွေ့ဘူး၊ ကျောင်းမတက်ဘူး ထင်တယ်၊ ဒါမှမဟုတ် ကျောင်းကားမမှီလို့ ဘတ်(စ်)ကားနဲ့များ လာသလား မသိဘူး"

မိချိုလည်း ဘာမှဆက်မမေးပဲ နေလိုက်သည်။

သူမမေးသော်လည်း သူတို့နှစ်ယောက်က ဆက်ပြောနေ လေ၏။

"လူတွေကိုက အဖြစ်သည်းတာပါဟယ်၊ ကြီးမြင့်က အခု ကျောင်းထွက်လိုက်ရလို့လား၊ ပြီးတော့ ဆရာကြီးရဲ့ ဒဏ်ပေးတာ တို ခံရလို့လား၊ အလကားပါဟယ်၊ ငါတို့ကို ဘယ်အချိန်ကတည်းက မုန်းနေကြလဲ မသိဘူး၊ ဘာမှမဟုတ်တဲ့ ကိစ္စကို ပုံကြီးချဲ့နေကြတယ်၊ ငါတို့ မိချိုဘက်ကရော ဘာမှထည့်မတွက်ပေးကြတော့ဘူးလား၊ သူ့ဘာသာ သူပိုက်ဆံရရင်ပြီးရော လျှောက်လုပ်နေပြီးတော့"

စန်းမော်ကလည်း-

"ဟုတ်တယ်"ဟု ထောက်ခံပြီး သူကပါ တဗျစ်ဗျစ်တောက် တောက်နဲ့ ဆက်ပြောနေပြန်၏။

မိချိုသည် သူတို့ပြောစကားများကို တစ်ခုမှ မကြားတော့

www.burmeseclassic.com

www.burmeseclassic.com



ပဲ တွေးမိတွေးရာ တွေးနေမိသည်။

သူလုပ်လိုက်တာ မှားနေလို့လား။ မမှားပါဘူး။ သူ့ဘက်က လုပ်သင့်တာကို လုပ်ခဲ့တာပဲ။

အများက အပြစ်မြင်သောကြောင့် သူလုပ်ခဲ့တာကိုပင် ဝေဝေဝါးဝါး ဖြစ်လာခဲ့သည်။

သို့သော်လည်း ဘယ်သူတွေကြိုက်ကြိုက်၊ မကြိုက်ကြိုက် သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်ခဲ့ရလို့ ကျေနပ်သည်။

ထို့ကြောင့် အားလုံးက မကြိုက်လည်း သူ့မှာ ဘာမှပြန်ပြောစရာ မရှိချေ။

"ဟဲ့ . . . ငါတို့ပြောတာကြားလား"

"ဘာလဲ . . . ဘာပြောလိုက်တာလဲ"

"အတန်းသွားတက်မယ်လို့ ပြောတာ"

"သြော် . . . အေး"

စားသောက်ပြီးသည်များကို ရှင်းလင်းပြီး ကန်တင်းမှ အထွက်တွင် ကြီးမြင့်သူငယ်ချင်း နှစ်ယောက်ကို တွေ့ရ၏။

ကြီးမြင့်ကိုတော့ မတွေ့ရချေ။ သူတို့နှစ်ယောက်ကလည်း သူမတို့ကို ပေစောင်းစောင်းကြည့်ရင်း ကျော်တက်သွားလေ၏။

ထိုနေ့တစ်နေ့လုံး ကြီးမြင့်ကို ကျောင်းမှာ မတွေ့ရချေ။

■

(၂၃)

နောက်တစ်နေ့တွင်လည်း ကြီးမြင့်ကို ကျောင်းမှာ မတွေ့ရပဲ ဖြစ်နေသည်။ တချို့က ကြီးမြင့်ကို မမြင်ရသောကြောင့် အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်ကို မေးမြန်းကြ၏။

"ကြီးမြင့်ရော"

"မသိဘူးကွ၊ ငါတို့လည်း သူ့ကိုစောင့်နေတာ"

တချို့က ထိုသို့မေးပြီး ဆက်မမေးပဲ ပြန်ထွက်သွားကြသည်။ တချို့ကတော့-

"နေမကောင်းဘူး ထင်တယ်၊ အိမ်ကို ဖုန်းဆက်မကြည့်ဘူးလား"

"ဆက်ကြည့်ပြီးပြီ၊ သူ့အမေ ပြောတာတော့ ကျောင်းကို ထွက်သွားတယ် ပြောတာပဲ"

"ဒီကောင် စိတ်ပျက်သွားလားမှ မသိတာ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပြောပြီး ထွက်သွားကြတဲ့သူလည်း ရှိသည်။

အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာသာ ကြီးမြင့်အကြောင်းကို တစ်နေကုန် ဖြေနေကြရ၏။

တချို့ကတော့ သူတို့ပြောစကားများကို ယုံချင်မှယုံကြမည် ဖြစ်သော်လည်း သူတို့ကိုယ်တိုင်ပင် ကြီးမြင့်ဘယ်ရောက်နေလဲ မသိဖြစ်နေခြင်း ဖြစ်သည်။

**မနေ့တနေ့ ဒီနေ့တစ်နေ့လုံး ကြီးမြင့် ကျောင်းမလာခြင်း ဖြစ်သည်။ နေမကောင်းလို့လည်း** မဟုတ်။

သူ့အိမ်ကို ဖုန်းဆက်ကြည့်တော့ ကျောင်းကိုသွားပြီ ပြောသည်။

ညကတောင် အဖော်ကလေး မိုးချုပ်မှ ပြန်ရောက်တယ် ဆိုပြီး သူ့အမေက ပြောလိုက်သေးသည်။

ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာတောင် သူငယ်ချင်းတွေ ဖြစ်သည့် သူတို့နှစ်ယောက်ကို မပြောသောကြောင့် ကြီးမြင့်ကို စိတ်ဆိုးမိကြသည်။

သေချာတာကတော့ ကြီးမြင့်သည် ကျောင်းထဲကို တစ်စက်ကလေးမှ မရောက်လာခြင်း ဖြစ်သည်။

ကျောင်းကို ကြီးမြင့် ခဏရောက်လာပါက ခွေးကအစ အကုန်သိသည်ဟု ဆိုရလောက်အောင် ကြီးမြင့်ကို သိကြသည်။

"ကြီးမြင့်ကို ဟိုနားမှာ တွေ့လိုက်တယ်၊ ဒီနားမှာ တွေ့



လိုက်တယ်"

စသဖြင့် ပြန်ပြောမည့် သူတွေချည်းပဲ ဖြစ်သည်။ အခုတော့ တစ်ယောက်မှ မသိတဲ့အပြင် သူတို့တောင် ကြီးမြင့်အကြောင်း မသိသောကြောင့် အင်း. . . အဲနှင့် ဖြစ်နေသည်။

ပီယဆေး လေလံကြောင့် ကျောင်းမလာရဲတာလား။ ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ကြီးမြင့်ဆိုတဲ့ကောင်က ဘာကိစ္စကိုပဲဖြစ်ဖြစ် မမှုတဲ့ လူစားမျိုး ဖြစ်သည်။

လမ်းမှာ တစ်ခုခု ဖြစ်နေလို့လား။ ဒါကလည်း ဟုတ်နိုင်ပေမယ့် မဖြစ်နိုင်ဖို့က များနေသည်။

နောက်ဆုံးတွင် အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်တို့သည် မေးသမျှလူများကို မဖြေနိုင်တော့သောကြောင့် အတန်းသွားတက်နေလိုက်တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

ကြီးမြင့်သည် ကျောင်းမှာ ပျောက်ချင်းမလှ ပျောက်နေလေသည်။ နောက်ရက်များမှာလည်း ကျောင်းတက်တာကို မတွေ့ရချေ။ သူ့ကို မတွေ့ကြရသောကြောင့် တီးတိုးတီးတိုး ပြောသံများသည် ပို၍ဆူညံလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၄)

"ဒီနေ့ဆိုရင် ကြီးမြင့် ကျောင်းမလာတာ ၅ ရက်ရှိပြီတဲ့"

"အဲဒါ ငါနဲ့ ဘာဆိုင်လဲ"

မိချိုက ဘုပြော ပြောလိုက်ခြင်း ဖြစ်သည်။ တကယ်တော့ သူလည်း ကြီးမြင့်ကျောင်းမလာတာကို စိတ်ဝင်စားနေမိသည်။

"ဟဲ့ . . . ဆိုင်တာပေါ့၊ နင့်ကိစ္စဖြစ်ပြီးကတည်းက ကြီးမြင့်တ ကျောင်းမလာတော့တာလေ၊ လူတွေက နင့်ပဲ ဝိုင်းပြောနေကြတာပေါ့"

"သူ့သူငယ်ချင်းနစ်ယောက်ကရော မသိဘူးလား"

"မသိဘူးတဲ့"

"မယုံပါဘူး၊ သူတို့တွေပေါင်းပြီး ငါ့ကိုလူတွေ တစ်ခုခု ပြောအောင်လို့ လုပ်နေတာလားမှ မသိတာ"

"အဲဒီလိုတော့ မဟုတ်လောက်ဘူးဟဲ့၊ သူ့တို့လည်း ကြီးမြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလုပ်နေလဲဆိုတာ သိပုံမရဘူး၊ ကြီးမြင့်က သူတို့ကို အဆက် အသွယ်မလုပ်လို့ စိတ်ဆိုးနေပုံလည်း ရတယ်"

အေးသီစကားကြောင့် မိချိုပင် တွေဝေသွားလေသည်။

"သူ့အိမ်ကို သွားမကြည့်ကြဘူးလား"

"သွားကြည့်တယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"သူ့အမေနဲ့ပဲ တွေ့တယ်တဲ့"

"ဟင်. . . သူနဲ့ မတွေ့ဘူးလား"

"မတွေ့ဘူးတဲ့"

"ဘယ်သွားလို့လဲ"

"သူ့အမေ ပြောတာတော့. . . သူ့သားက မနက်မိုးမလင်း ခင် ထွက်သွားပြီး၊ ညသန်းခေါင်ကျော်မှ အိမ်ပြန်ရောက်ရောက် လာတယ်တဲ့၊ သူ့သားက တစ်ခါတစ်ခါ အဲဒီလိုပဲ ပြန်လာတတ်တော့ သူတို့အမေအဖေအတွက် အထူးအဆန်း မဟုတ်ဘူး ဖြစ်နေတာ ပေါ့"

စဉ်းစားရခက်သွားလေသည်။

"ကျောင်းမတက်တော့ ကျောင်းကရော ဘာမှမပြောဘူး လား"

"ကျောင်းကိုလည်း ခွင့်ရက်ရှည် တိုင်ထားတယ်တဲ့"

"ဟင်"



ကြီးမြင့် တစ်ခုခု လုပ်နေတာတော့ သေချာပြီ ဖြစ်သည်။

"နောက်ပြီး သတင်းတစ်ခုလည်း ရှိသေးတယ်"

"နင့်ဟာကလည်း စုံလှချည်လား၊ ဘယ်ကနေ မေးလာတာ လဲ"

မေးလည်းမေးချင်စရာပင်။ အေးသီက ကြီးမြင့်အကြောင်း တို အားရပါးရ ပြောနေသောကြောင့်လည်း အေးသီကို မသင်္ကာ သလို ကြည့်မိသည်။

"နင်နဲ့ငါတို့က ကိုယ်တိုင်မေးလို့ မရဘူးလေ၊ ဒီတော့ အခြားတစ်ယောက်ကတစ်ဆင့် သိအောင်လို့ စုံစမ်းခိုင်းရတာပေါ့"

အေးသီ ပြောတာတော့ မှန်သည်။ သူတို့ကို အခုတလော ကျောင်းကလူတွေက (မိန်းကလေး အများစု) အမြင်ကတ်နေကြပုံ ရသည်။

ထို့ကြောင့် သတင်းအချို့ကို စုံစုံလင်လင် မသိရချေ။

"အင်း ပြောပါဦး၊ ခုနက ပြောမယ်ဆိုတာ ဘာသတင်းလဲ"

"အတည်ပြုလို့ မရသေးဘူးပေါ့ဟယ်၊ ဒါပေမယ့် သေချာ သလောက်တော့ ရှိနေပြီ"

"အေးပါ ပြောမှာသာ ပြောစမ်းပါ၊ ဘာသတင်းလဲ"

"ကြီးမြင့် ကျောင်းမတက်တဲ့ နေ့ကစပြီး နောက်ဆုံးတတိယ နေ့ လေလံပွဲမှာ အများဆုံးပေးခဲ့တဲ့ (၁၀)ယောက်စလုံးလည်း ကျောင်းမှာ မတွေ့ကြရတော့ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို၊ ဟုတ်ရောဟုတ်ရဲ့လား"

"သေချာတယ်တဲ့၊ လူတွေက သူတို့မေဂျာက လေလံဆွဲတဲ့ လူတွေ ကျောင်းမတတ်တာ ကြီးမြင့်ကျောင်းမတက်တဲ့နေ့ကတည်း ကပဲတဲ့. . . ပြီးတော့"

"အင်း. . . ဘာလဲ"

"ကြီးမြင့် ခွင့်ယူရက်အတိုင်း သူတို့လည်း ကျောင်းကို ခွင့်ရက်ရှည်ယူထားတယ်တဲ့"

"ဟင်"

အေးသီ စကားကြောင့် မိချို သောက်လက်စ အအေးဝင် သီးသွားလေသည်။ တစ်ခုခုတော့ တစ်ခုခုပဲဆိုပြီး စိတ်ထဲတွေးမိလာသောကြောင့် ဖြစ်သည်။

"အယောက် (၂၀)လုံးတော့ မဟုတ်ဘူး၊ အဲဒီနေ့က လေလံကြေး (၆)သိန်းပေးခဲ့တဲ့ (၁၀)ယောက်ပဲတဲ့"

"အဲ. . . တစ်ယောက်ကတော့ အမည်မသိဆိုတော့ (၉) ယောက်ပေါ့ပါယ်"

"သူတို့ အိမ်တွေကိုရော သွားမကြည့်ကြဘူးလား"

"သွားကြည့်တယ်တဲ့၊ မနက်မိုးမလင်းခင် အိမ်ကထွက်သွားပြီး၊ ညသန်းခေါင်ကျော်လောက်မှ ပြန်လာကြတယ်ဆိုပြီး သူတို့အိမ်တွေက ပြောလိုက်ကြတယ်ဆိုပြီး ပြန်ကြားရတယ်"

"သေချာလို့လား"



"အဲဒါတော့ ငါလည်း မပြောတတ်ဘူး"

"သေချာတယ်ဆိုရင်လည်း သူတို့တွေက ကျောင်းမလာ ဝဲနဲ့ ဘာလုပ်နေကြတာလဲ"

မိချိုက တစ်ယောက်တည်း ရေရွတ်သလို မေးလိုက်မိသည်။

"အင်း. . . နင်မေးသလိုပဲ တစ်ကျောင်းလုံးက သိချင်နေကြတာပဲ"

"ဟူး"

သက်ပြင်းရှည်ကြီး ချမိသည်။

ထိုနေ့က သကောင့်သားသုံးယောက်ကို ပီယဆေးအကြောင်း မပြောလိုက်ရင် ကောင်းသားဆိုပြီး တွေးနေမိသည်။

သို့သော်လည်း အဲဒီကြီးမြင့်ဆိုတဲ့ သူသာ ဝင်မရှုပ်ရင် ဘာမှဖြစ်မှာ မဟုတ်ဘူးဆိုပြီး ကြီးမြင့်ကို ဒေါသထွက်နေမိပြန်သည်။

"မိချို"

"အင်း"

"ကြီးမြင့် ကျောင်းမလာပဲ အပြင်မှာ ဘာလုပ်နေလဲဆိုတာကို လူတွေထင်နေတဲ့ ထင်ချက်တစ်ခုတော့ ရှိတယ်"

"ဘာတဲ့လဲ"

"ကြီးမြင့်နဲ့အတူ နောက်ဆုံးလေလံပွဲမှာ အများဆုံးပေးတဲ့ အယောက် (၁၀)ယောက်လုံး အဲ. . . (၉)ယောက်ပေါ့၊ ကျောင်းကို မလာဘဲ တစ်ခုခု လုပ်နေတာတော့ သေချာတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အဲဒီတစ်ခုခုကလည်း ကြီးမြင့် လက်ထဲမှာရှိတဲ့ ပီယဆေး ဖော်တဲ့ နည်းလမ်းအတိုင်း ပီယဆေး ဖော်နေကြတာပဲ ဖြစ်မယ်လို့ ဆိုပြီး ထင်နေကြတယ်"

"ဟုတ်ပါ့မလား"

"ငါကတော့ ဖြစ်နိုင်တယ် ထင်တယ်၊ စဉ်းစားကြည့်လေ။ ကြီးမြင့်ဆိုတဲ့ ကောင်က သူလုပ်ထားတာကို မဖြစ်ဖြစ်အောင် လုပ်တဲ့လူစားမျိုးပဲ. . . ပြီးတော့ စဉ်းစားကြည့်ဦး၊ ပါချုပ်က လေလံကို ပိတ်ခိုင်းတော့ နောက်ဆုံး ဈေးပေးတဲ့ တတိယရက်က အများဆုံး ပေးသူ အနိုင်ဖြစ်မှာပဲလေ။ ဒါပေမယ့် တတိယရက်မှာက ဈေးတူ (၁၀)ယောက်တောင် ရှိနေတယ်။ ပြီးတော့ နောက်နေ့မှာ (၁၀) ယောက်လုံးနဲ့အတူ ကြီးမြင့်ပါ ပျောက်နေတယ်။ ပီယဆေးကို သူတို့ ဘာသာ သူတို့ပေါင်းဖော်ပြီး ခွဲဝေယူတာ မဖြစ်နိုင်ဘူးလား"

ထိုအယူအဆက ဖြစ်နိုင်လောက်သောကြောင့် ဘာမှတ်ချက်မှ မပေးဘဲ ငြိမ်နေလိုက်ကြသည်။

အတွေးတွေကတော့ ခေါင်းထဲမှာ ချာချာလည်နေသည်။

■



ကြီးမြင့်နှင့် လေလံ(၁၀)ယောက် (၁ ယောက်မသိ)ကို သူတို့ ထင်သည့်အတိုင်းပဲ တစ်ကျောင်းလုံးက လူတွေက ထင်နေကြ၏။

သူတို့ ဘယ်ရောက်နေလဲ၊ သူတို့ ဘာတွေလုပ်နေကြလဲ။ တကယ်ပဲ ပီယဆေး ဖော်နေကြတာလားဆိုပြီး စိတ်ဝင်စားမှုတွေက ရက်ကြာလာတာနဲ့အမျှ စိတ်ဝင်စားမှု အရှိန်က မြင့်တက်လာနေသည်။

ထိုအတောအတွင်း အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်တို့က ကြီးမြင့် ပြန်လာချိန်ကို မဖြစ်မနေ စောင့်ပြီးမေးမည်ဟု ဆုံးဖြတ်ကာ ကြီးမြင့်တို့အိမ် သွားသောအခါတွင် သူ့အမေနှင့် အဖေက ကြီးမြင့်သည် အဝတ်အစားထုပ်များယူပြီး ခရီးရှည်တစ်ခု ထွက်သွားကြောင်း၊ အနည်းဆုံး တစ်ပတ်ခန့် ကြာမည်ဆိုပြီး ပြောသွားကြောင်း သိရသောကြောင့် ပီယဆေးကိစ္စပင် ဖြစ်မည်ဟုဆိုပြီး လူတွေက ပို၍ ထင်လာကြလေသည်။

ပိုပြီး ထူးခြားတာက လေလံအောင်သူ (၁၀)ယောက် (တစ်ယောက်က အမည်မသိ- ၉ယောက်)သည်လည်း သူတို့အိမ်တနေ တစ်ပတ်ခန့် ကြာမည်ဆိုပြီး ခရီးထွက်သွားကြခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သဇင်နီ၊ ဇလပ်နီ
ငါးမည်နံ့သာမျိုး၊
ပုဏ္ဏရိပ်ကြာ၊ ကြ္တသရာ၊
ဇိဝှါဗျု ငှုမျိုး၊
ပိတောက်မှိုပေ၊ သပွမြွေ၊
သည်းခြေညှို့နှင့်ကြိုး၊
ပရုပ်နံ့ရှိန်၊ ဖုန်းမသိမ်၊
ရွှေချိန်မွေးကတိုး၊
စုန်ဆန်ယူရေ၊ ကြိုတ်ညက်စေ၊
ပေါင်းတွေဆယ့်ငါးမျိုး. . . ။

www.burmeseclassic.com

www.burmeseclassic.com



## (၂၅)

အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်လည်း ဒုက္ခရောက်နေလေသည်။ ကြီးမြင့် မရှိသောကြောင့် သူတို့ကို ပီယဆေးကိစ္စများ လာမေးကြသောကြောင့် ဖြစ်သည်။

"ကြီးမြင့် မရှိတုန်း မေးရဦးမယ်၊ ကြီးမြင့်လက်ထဲက ပီယဆေးနည်းလမ်းက တကယ်လား"

"ငါတို့လည်း မသိဘူးကွ၊ ငါတို့ ကြည့်ပါရစေဆိုတာတောင် ဒီကောင် ကြီးမြင့်က ပေးမကြည့်ဖူး"

တချို့တွေကတော့ သူတို့ပြောစကားကို မယုံကြည်ကြပါ။

ဟုတ်တော့လည်း ဟုတ်သည်။ ကြီးမြင့်နဲ့ သူတို့မှာ သူငယ်ချင်းအရင်းကြီးများ ဖြစ်သောကြောင့် တမင်သက်သက် မပြောချင်သောကြောင့် ဖြစ်မည်ဟု ထင်ကြခြင်း ဖြစ်သည်။

အမှန်တော့ အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာ သိပြီး

www.burmeseclassic.com

www.burmeseclassic.com



မပြောချင်သောကြောင့် မဟုတ်ပေ။

တကယ်မသိ၍သာ မပြောခြင်းဖြစ်သည်။ ကြီးမြင့် ရှိတုန်းကလည်း ထိုပီယဆေးနှင့် အပင်အကြောင်းကို မေးကြည့်ဖူးသည်။

အင်း. . . အင်း. . . အဲ. . . အဲနှင့်သာ ဖြေသောကြောင့် 'မင်းက ဘာဖြစ်တယ်၊ ညာဖြစ်တယ်'နှင့် စကားများရသေးသည်။

ကြီးမြင့် ပြောတာကတော့ ရှင်းသည်။ 'ဈေးတန်ဖိုးကျသွားမှာစိုးသောကြောင့်' ဘယ်သူ့ကိုမှ မပြောခြင်းဖြစ်သည်ဟု ဆိုသည်။

ဒါကြောင့်လည်း 'လေလဲ'တွင် သူတို့ကပါ စိတ်ဝင်တစားနှင့် တက်တက်ကြွကြွ ရှိနေခြင်းဖြစ်သည်။

အခုတော့ ကြီးမြင့်သည် ဘယ်ရောက်လို့ ရောက်နေမှန်းမသိချေ။ ကြီးမြင့်လည်းမရှိ ပိုက်ဆံလည်း မရှိသောကြောင့် ဘိုင်ပွတ်ပွတ်ပြီး ကန်တင်းမှာ ထိုင်နေတုန်း ပီယဆေးကိစ္စကို အချိန်တိုင်းဖြေနေရလေသည်။

မသိဘူး၊ မသိဘူးပဲ ပြောနေရသောကြောင့် အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်မှာ စိတ်ညစ်လာပြီး ကျောင်းစာသင်ခန်း တစ်ခုထဲမှာ သွားပြီး အိပ်နေလိုက်ကြသည်။

ဤသို့ဖြင့်. . .

■

(၁၀)ရက်ခန့် ကြာသောအခါ. . .

www.burmeseclassic.com

www.burmeseclassic.com

# (၂၆)

ထိုနေ့က ကျောင်းမှာ မြူတွေ နည်းနည်းကျသည်။ ရာသီဥတုကလည်း အေးစိမ့်စိမ့်လေး ဖြစ်သောကြောင့် အနွေးထည်မပါသူများက တစ်ဂတ်ဂတ်နှင့် ချမ်းနေလေသည်။

ကျောင်းဝင်းထဲသို့ ဝင်လာသော ဘတ်(စ်)ကားများနှင့် ဖယ်ရီများသည်လည်း ရှေ့ကိုသတိထားပြီး မောင်းနှင်နေရလေသည်။

အချိန်သည် မနက်(၈း၃၀)ခန့် ရှိပြီဖြစ်သည်။

ကျောင်းဖယ်ရီကားများ တစ်စီးပြီးတစ်စီး ဝိုက်လာသောကြောင့် ကျောင်းသားကျောင်းသူများ စည်းကားနေပြီး လူအရှုပ်ဆုံး အချိန် ဖြစ်နေသည်။

တစ်ဦးနှင့်တစ်ဦး အော်ဟစ်နှုတ်ဆက် လှမ်းခေါ်ရင်း ဆူညံနေကြသည်။

အောင်စိန်သန်းနှင့် ဘထွန်းလှမြင့်တို့လည်း ကျောင်းဖယ်ရီ



ကားပေါ်မှ ဆင်းဆင်းချင်း ချမ်းလာသောကြောင့် ဝတ်ထားတဲ့ အင်္ကျီကိုပဲ ဆွဲစိကာ ချမ်းစိမ့်စိမ့်နှင့်ပင် လမ်းကိုခပ်သွက်သွက် လျှောက်လိုက်သည်။

ကားပေါ်က ဆင်းလာသော အတွဲတစ်တွဲက ကောင်လေးသည် သူ့ကောင်မလေးမှာ အနွေးထည်မပါလာသောကြောင့် သူ့အနွေးထည်ကို ချွတ်ပေးနေလေ၏။

"ဒီနေ့တော့ မင်းငါ့ကို ပိုက်ဆံနည်းနည်း ချေးမှဖြစ်မယ်"

"ဘယ်လောက်လိုလို့လဲ"

"၃၀၀၀ ထဲပါ"

"ဘာ. . . ၂၀၀၀ ပဲရမယ်၊ ငါတောင် ၄၀၀၀ ပဲပါတာ"

"ရတယ်ကွာ. . . အဲဒါပဲပေး"

အအေးကို အမှုမထားနိုင်ပဲ လမ်းလျှောက်ရင်း ဆွေးနွေးနေရသူတွေလည်း ရှိသည်။

အတင်းပြောရင်း လမ်းလျှောက်နေကြသော ကျောင်းသူများ၊ ကောင်မလေးတွေ နောက်ကိုလျှောက်ငန်းနေသော ကျောင်းသားများ၊ တွဲလျှောက်လာကြသော အီစီကလီများဖြင့် ရှုပ်ထွေးနေသော ထိုခဏအချိန်လေးမှာ. . .

ပုံမှန် လမ်းလျှောက်နေရင်းမှ ချမ်းသည့်ဒဏ်ကို မခံနိုင်သောကြောင့် ကျောင်းသားတစ်ဦးသည်-

"ချမ်းတာကွာ" ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း လှမ်းမြင်

www.burmeseclassic.com



နေရသော ကန်တင်းတစ်ခုထဲဝင်ပြီး ကော်ဖီပူပူလေး သောက်ရန် အတွက် ခြေလှမ်းကို ခပ်မှန်မှန် လှမ်းနေရင်းမှ ထိုကန်တင်းရှိရာသို့ ပြေးသွားလိုက်သည်။

ကန်တင်းရှေ့ ရောက်သောအခါ ကန်တင်းထဲတွင် လူရှင်း နေတာ တွေ့ရပြီး ကျောင်းသားတစ်စု ထိုင်နေသည့် ဝိုင်းတစ်ဝိုင်း တိုသာ တွေ့ရသည်။

နီးစပ်ရာ ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကော်ဖီတစ်ခွက်"

စားပွဲထိုးကို လှမ်းအော်ရင်း ကန်တင်းထဲမှာ ရှိနေသော ကျောင်းသားတစ်စု၏ ဝိုင်းဆီသို့ မျက်လုံးရောက်သွားသည်။

"ဟင်. . . ကြီးမြင့်"

ကြီးမြင့်ကို လှမ်းမြင်လိုက်ရသည်။ ကြီးမြင့်မှ ကြီးမြင့်ပဲ ဖြစ်သည်။ ထို့ပြင် တစ်ဝိုင်းထဲ ထိုင်နေသူများကိုလည်း တစ်ချက် ကြည့်လိုက်၏။

"လေလံဆွဲတဲ့ သူတွေပဲ"

သူမြင်နေရသော ဝိုင်းတွင် ကြီးမြင့်နှင့်အတူ လေလံဆွဲ ခဲ့ကြသည့် ကိုးယောက်လည်း ထိုင်နေကြတာကို တွေ့လိုက်ရသည်။

ကြီးမြင့်သည် သူထိုင်နေကျ ကန်တင်းတွင် မထိုင်ပဲ နီးစပ် ရာ ကန်တင်းတစ်ခုမှာ လာထိုင်နေပုံရသည်။

လေလံဆွဲခဲ့ကြသည့် (ကိုးယောက်)နှင့်လည်း စကားပြော



နေတာကို တွေ့ရ၏။

ထို့ပြင် သေချာကြည့်မည်ဆိုပါက သူတို့တစ်ယောက်ချင်းစီ (ကြီးမြင့်အပါအဝင်)တွင် ပုလင်းသေးသေးလေးတစ်ခုကို ဆွဲကြိုး လုပ်ကာ ဆွဲထားကြသည်ကို တွေ့ရလေ၏။



■

www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာတွင် ကြီးမြင့်နှင့်လေလံဆွဲသူ (၉)ယောက် ကျောင်းပြန်တက်ပြီဆိုသည့် သတင်းသည် တစ်ကျောင်းလုံး ပျံ့နှံ့သွားလေ၏။

စပ်စုချင်သူများ၊ သိချင်သူများက ကြီးမြင့်ရှိရာ ကန်တင်းကို တစ်ဖွဲ့ဖွဲ့ ရောက်လာကြလေသည်။

သူတို့ ရောက်လာချိန်မှာတော့ လေလံဆွဲသူများ မရှိတော့ပဲ ကြီးမြင့် တစ်ယောက်ထဲသာ ထိုင်နေသည်ကို တွေ့ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၇)

ကြီးမြင့်က သူ့ဆီလာသမျှ လူများကို တဟဲဟဲနှင့်သာ ရယ်ပြနေ၏။

"ကြီးမြင့် ဘာဖြစ်လို့ ကျောင်းမတက်တာလဲ"

"ခရီးသွားနေလို့"

"ဘာလဲ ပီယဆေး သွားဖော်တာလား"

"အဟီး. . ."

ထိုကိစ္စမေးရင် သေချာရေရာ မဖြေပဲ လုပ်နေ၏။ လည်ပင်းမှာ ဆွဲထားသော ပုလင်းလေးကိစ္စနှင့် ပတ်သက်ပြီး မေးတဲ့အခါတွင်လည်း-

"အဲဒီ ပုလင်းလေးထဲက ဘာလဲ"

"ဘာထည့်ထားတယ်လို့ ထင်လို့လဲ"

"ပီယဆေးတွေလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ အဟီး"

အဲ့ဒီလိုမျိုး ဖြေတတ်သည်။

ကြီးမြင့်တစ်ယောက်ပဲလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ ကျန်လေလံဆွဲသူ (၉)ယောက်လုံးကလည်း ကြီးမြင့် လေသံအတိုင်း ဖြေကြသောကြောင့် သူတို့တွေ တစ်ခုခု ထိန်ချန်ထားတယ်ဆိုပြီး အားလုံးက ယူဆလိုက်ကြသည်။

ကြီးမြင့်က အခြားလူတွေတင်ပဲလွှားဆိုတော့လည်း မဟုတ်ပြန်ဘူး။ အောင်စိန်သန်းနှင့် ဘထွန်းလှမြင့် မေးတဲ့အခါတွင်လည်း-

"ကြီးမြင့် အခြားလူတွေကို မဖြေချင်နေကွာ၊ ငါတို့ကိုတော့ အသေးစိတ် ပြောပြစမ်းပါ"

"မင်းဘာတွေလုပ်ခဲ့တာလဲဆိုတာ"

လူတွေရှင်းတဲ့အချိန်မှာ ကြီးမြင့်ကို မေးခြင်းဖြစ်သည်။

ကြီးမြင့်က ထုံးစံအတိုင်း-

"ဈေးကျသွားလိမ့်မယ်၊ ပစ္စည်းတွေ ကုန်သွားမှ ပြောပြမယ်"ဟု သူ့ထုံးစံအတိုင်း စပ်ဖြီးဖြီး လုပ်နေသောကြောင့် သူတို့နှစ်ယောက်မှာ စိတ်ဆိုးရအခက် ဖြစ်နေလေသည်။

ဤသို့ဖြင့်-

ဘတင့်

စန်းဝင်း

တင်အေးကြည်



ငြိမ်းခိုင်မြင့်

ညဏ်ထွန်းဦး

ဝင်းထက်အောင်

တိုတိုလေး

သန်းထိုက်လင်း

အောင်ဟိန်း

စတဲ့ လေလံဆွဲသူ (၉)ယောက်သည် ကျောင်းမှာ လူမေးများခံရဆုံး၊ လူစိတ်ဝင်စားခံရဆုံး ဖြစ်လာသည်။

ဘာတွေလုပ်နေလို့ ကျောင်းမလာတာလဲ၊ လည်ပင်းက ပုလင်းလေးထဲမှာ ဘာတွေပါလာလဲ စသဖြင့် မေးမြန်းကြလေသည်။

ထူးခြားတာက သူတို့ (၉)ယောက်သည် ကျောင်းပြန်တက်ပြီးကတည်းက မိချို့ဆီကို မသွားကြသေးခြင်းပင် ဖြစ်သည်။

တကယ်လို့များ သူတို့ဆွဲထားတဲ့ ပုလင်းထဲကအရာသည် ပီယဆေး ဖြစ်ခဲ့ပါက မိချို့စကားအတိုင်း ပြေးလာကြမှာပဲ ဖြစ်သည်။ ဒါကိုက တစ်ကျောင်းလုံး၏ စောင့်ကြည့်စရာ ဖြစ်လာခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

လူ့စိတ်သည် နည်းနည်းဆန်းကြယ်လေသည်။ အရင်တုန်းက သူ့နောက်ကို တစ်ကောက်ကောက် လိုက်နေသောကြောင့် စိတ်ညစ်ခဲ့ရသည့် မိချိုသည် အခုတော့ သူ့နောက်ကို လိုက်ခဲ့ကြသည့် သူများအကြောင်းကို စိတ်ဝင်စားနေလေသည်။

သူတို့ကို ချစ်ခြင်း၊ ကြိုက်ခြင်း မဟုတ်ပဲ. . .။ သူတို့အကြောင်းကိုသာ မိန်းကလေးပီပီ စိတ်ဝင်စား စပ်စုချင်နေမိခြင်း ဖြစ်သည်။

မိချိုတစ်ယောက်ပဲလား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ အေးသီနှင့် စန်းမော်တို့ နှစ်ယောက်က သူ့ထက်ပိုပြီး အသိချင်ဆုံး ဖြစ်နေသည်။

သူတို့တင်ပဲလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ တစ်ကျောင်းလုံးကပါ သိချင်နေကြသောကြောင့် မိချို သိချင်နေတာလည်း



အဆန်း မဟုတ်ပေ။

"ငါကတော့ သူတို့လည်ပင်းထဲမှာ ဆွဲထားတဲ့ ပုလင်းလေးထဲမှာ သူတို့ဖော်ထားတဲ့ ပီယဆေးတွေ ထည့်ထားတယ်ထင်တယ်"

အေးသီက သူ့အမြင်အတိုင်း ပြော၏။

"နင်က ဘာဖြစ်လို့ အဲဒီလို ထင်နေတာလဲ၊ နင့်ကို သူတို့က အဲဒီပုလင်း ဖွင့်ပြလို့လား"

စန်းမော်က ပြန်မေးခြင်း ဖြစ်သည်။

"ဖွင့်တော့ မဖွင့်ပြဘူးပေါ့ဟယ်။ နင်ပဲ စဉ်းစားကြည့်လေ၊ အရင်တုန်းက သူတို့ (၉)ယောက်ကို ဘယ်သူက စိတ်ဝင်စားလို့လဲ၊ အခု သူတို့ ကျောင်းပြန်တက်ပြီးမှ ကိုဘတင့် ထိုင်ပါဦးတို့၊ စန်းဝင်းရေ လာပါဦးတို့၊ တင်အေးကြည်ရေ စသဖြင့် မမြင်ချင်မှ အဆုံးပဲလေ၊ လူချစ်လူခင် ပေါ်နေတာများ"

"အေး. . . အဲဒါတော့ ဟုတ်တယ်"

"ဒီတော့ သူတို့ ဆွဲထားတာ ပီယဆေး မဟုတ်ဘဲ အခြားဟာတွေ ထည့်ထားတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ"

"ဟုတ်တယ်၊ အဲဒီကောင်တွေ မျက်နှာကလည်း စပ်ဖြီးဖြီးနဲ့ ပျော်နေကြတဲ့ပုံပဲ"

"ဒါပေမယ့်. . . သူတို့တွေ ပီယဆေး ရခဲ့တယ်ဆိုရင် ဘာဖြစ်လို့ မိချိုအနားကို အခုထိ မလာကြသေးတာလဲ"

"ပြီးတော့. . . ကြီးမြင့်က ဘာဖြစ်လို့ အဲဒီပုလင်းလေး

www.burmeseclassic.com

www.burmeseclassic.com



ဆွဲထားတာလဲ. . . သူက လေထဲအင်တဲ့သူ မဟုတ်ဘူးလား"

မိချိုသည် သူတို့ ပြောစကားများကိုသာ နားထောင်နေပြီး တစ်ခွန်းမှ ဝင်မပြောချေ။

ဟုတ်သည်၊ မှန်သည်ဟုလည်း ဝင်မပြောပဲ ငြိမ်နေလေ၏။ မိချို ငြိမ်နေသောကြောင့်-

"ဟဲ့. . . မိချို"

"အော်လိုက်တာဟယ် ဘာလဲ"

"စကားလေး ဘာလေးဝင်ပြောပါဦး၊ အခုဟာက နင်နဲ့ ပိုဆိုင်တာလေ"

"ငါနဲ့ ဘာဆိုင်လို့လဲ၊ ငါက ဘာဝင်ပြောရမှာလဲ"

"အံမယ်၊ အခုမှ မသိချင်ယောင်ဆောင်နေပြန်ပြီ၊ နင်ပြော ခဲ့လို့ ဒီကိစ္စတွေက ဖြစ်လာတာလေ"

"အဲဒါတော့ အဲဒါပေါ့ဟယ်"

"နင်က သူတို့အကြောင်းကို စိတ်မဝင်စားလို့လား"

"စိတ်တော့ ဝင်စားပါတယ်၊ ဒါပေမယ့် ငါတွေးနေတာ တစ်ခုရှိတယ်"

"ဘာလဲ"

"သူတို့က ငါတို့အားလုံး စိတ်ဝင်စားလာအောင် တမင် သက်သက် လုပ်နေတာရော မဖြစ်နိုင်ဘူးလား"

မိချိုအပြောကြောင့် နှစ်ယောက်လုံး တွေဝေသွားလေ



သည်။ ခဏကြာသောအခါတွင်-

"ဒီလိုလုပ်မလား မိချို"

"အင်း. . . ဘယ်လိုလဲ"

"သူတို့ ကိစ္စကို အသေးစိတ် စုံစမ်းကြည့်ရအောင်"

"ဘာကို စုံစမ်းမှာလဲ"

"သူတို့လည်ပင်းက ဆွဲထားတဲ့ ပုလင်းထဲမှာ ဘာတွေ ထည့်ထားလဲ၊ ပြီးတော့ သူတို့ကျောင်းမတက်တဲ့ ကာလတွေမှာ ဘာတွေလုပ်နေလဲ ဆိုတာရောပေါ့"

"နင်က ဘယ်လိုစုံစမ်းမှာလဲ၊ အားလုံးတောင် သူတို့ကို မေးလို့မရတာ"

"ငါ့မှာ အကြံဉာဏ် ရှိပါတယ်။ အဲဒီလို စုံစမ်းပြီး သိရမှသာ သူတို့အကွက်တွေကို ဖော်လို့ရမှာ၊ ဒါမှ အခုလူတွေက နင်နဲ့ဘာမှ မဆိုင်ဘူးဆိုတာ သိလာကြမှာလေ"

အေးသီ ပြောတဲ့စကားကို မိချိုရော၊ စန်းမော်ပါ ချက်ချင်း လက်ခံလိုက်ကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

ရပ်ကွက်သည် ဆိတ်ငြိမ်ရပ်ကွက် မဟုတ်သော်လည်း ဆူညံခြင်းမရှိပဲ ပုံမှန် စည်ကားနေသော ရပ်ကွက်တစ်ခု ဖြစ်သည်။

ရပ်ကွက်ထဲ ဝင်ဝင်ခြင်းမှာပဲ လက်ဖက်ရည် ဆိုင်လေးတစ်ဆိုင် တွေ့ရသည်။

"အဲဒါ ကြီးမြင့် ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေ"

"ဟယ်. . . နင်က ဘယ်လိုလုပ်သိတာလဲ"

"ကျောင်းကားပေါ်မှာ သူတို့ပြောပြောနေတာကို ခဏ ခဏ ကြားနေရတာပဲ ဥစ္စာ"

ရှေ့ဆက် လျှောက်လာခဲ့ကြသည်။ စတိုးဆိုင်၊ ကွမ်းယာဆိုင်၊ ဆိုက်ကားဂိတ်များကို ကျော်ပြီး အိမ်များရှိရာ ရပ်ကွက်အတွင်းကို ရောက်လာ၏။

"ဟိုမှာ မြင်နေရတာ ကြီးမြင့်အိမ်လေ"



"သိပြန်ပြီ"

အေးသီကို မိချိုနှင့်စန်းမော်က မသင်္ကာသလို ကြည့်လိုက်ကြသည်။ အေးသီကလည်း ရိုပ်မိသည်။

"ငါတို့ ကျောင်းကားပေါ်က သူငယ်ချင်းတစ်ယောက်အိမ် အလှူလာရင်းနဲ့ သူပြလို့သိတာ"

"အေးပါ ထားပါတော့"

"အခု ဘာဆက်လုပ်ကြမလဲ"

ကြီးမြင့်တို့ ရပ်ကွက်ထဲကို သွားမည့်အကြံသည် အေးသီရဲ့အကြံ ဖြစ်သည်။

ထို့ကြောင့် သူ့ကို မေးလိုက်ရခြင်း ဖြစ်သည်။

"ငါလည်း မသိဘူးလေ"

"ဟင်. . . နင်ပဲခေါ်လာ ပြီးတော့. . ."

အေးသီက ကြီးမြင့်သည် ရပ်ကွက်ထဲမှာ ဟိုစပ်စပ် ဒီစပ်စပ် ပါလေရာ ဖြစ်သောကြောင့် သူ့ရဲ့လှုပ်ရှားမှုတွေကို ရပ်ကွက်ထဲက လူတွေက သိနိုင်ကြောင်း၊ သူတို့ဆီမှာ စုံစမ်းရင် သိနိုင်ကြောင်း ပြောသောကြောင့် သဘောတူပြီးနောက် လာခြင်းဖြစ်သည်။

အခုတော့ အေးသီက ဘာဆက်လုပ်ရမှန်း မသိတော့။ တကယ်စဉ်းစားကြည့်တော့လည်း ကြီးမြင့် ရပ်ကွက်ထဲ ရောက်တာ ကတော့ ဟုတ်ပါပြီ။

တွေ့ရာလူကိုခေါ်ပြီး ဘာမေးရမှာလဲ။ ကြီးမြင့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိလားလို့ မေးရမှာလား။

နည်းနည်းတော့ ကြောင်တောင်တောင် နိုင်သည်။ နောက်ပြီး မိန်းကလေးတွေက ယောကျ်ားလေးတစ်ယောက် အကြောင်းကို အခုလို မေးဖို့ဆိုတာက လွယ်တာမဟုတ်ဘူးလေ။

“ကြီးမြင့်က ကျောင်းမှာဆိုတာ သေချာတယ်နော်”

“သေချာပါတယ်၊ ငါကိုယ်တိုင် ကြည့်လာတာ”

“ချစ်ရှင်တွေထဲကလို သူက တစ်ခုခု မေ့ကျန်ခဲ့လို့ ပြန်လာရင်း ငါတို့နဲ့ လမ်းမှာတွေ့. . . ဟင်. . . အို. . . တွေ့ ဘာတွေတော့ မဖြစ်လောက်ပါဘူးနော်”

အရေးထဲ စန်းမော်က စိတ်ကူးယဉ်နေသေးသည်။

“အဲဒါက အရေးမကြီးသေးဘူး၊ အခုဟာက ဘာလုပ်ရမှာလဲ၊ ကြီးမြင့်တို့ ရပ်ကွက်ထဲမှာ ဒီအတိုင်းကြီး မတ်တပ်ရပ်နေရမှာလား”

“ခဏနေပါဦးဟယ်၊ ငါလည်း စဉ်းစားနေပါတယ်”

အေးသီက ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေသောကြောင့် သူမတို့မှာ စိတ်မရှည်ပဲ ဖြစ်လာသည်။

“အစကတည်းက နင့်မှာ အကြံအစည် ရှိတယ်ထင်ပြီး ငါတို့က ဘာမှမမေးပဲ လိုက်လာတာ၊ အခုတော့ နင်က မီးစင်ကြည့်ကတဲ့ ပုံစံလုပ်နေပြီ”



“နေပါဦးဟယ် ခဏလေး. . . ငါစဉ်းစားပါရစေဦး”

“မရတော့ဘူး၊ ညောင်းတယ် ခုနက လက်ဖက်ရည်ဆိုင်ထဲမှာ အအေးလေး ဘာလေးသောက်ပြီး စဉ်းစား၊ ဟုတ်ပြီလား”

ပြောပြောဆိုဆို မိချိုက နောက်ပြန်လှည့်သွားသောကြောင့် အေးသီနှင့်စန်းမော်မှာ မိချိုနောက်ကို ခပ်မြန်မြန် လိုက်ရပြန်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

ဆိုင်ထဲ ရောက်ရောက်ချင်း ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ အေးသီနှင့် စန်းမော်လည်း သူမနောက်က လိုက်ဝင်လာပြီး ခုံတွင် ဝင်ထိုင်သည်။

ဆိုင်အတွင်း ကြည့်လိုက်သောအခါ သူတို့ ဝိုင်းတစ်ခုသာ တွေ့ရပြီး စားပွဲထိုးတစ်ယောက်မှ မတွေ့ရချေ။

ထိုကြောင့် သူတို့ခုံနှင့် မလှမ်းမကမ်းတွင်ရှိသော ဆိုင်ကောင်တာတွင် ထိုင်နေသော ဦးလေးကြီးကို လှမ်းမှာလိုက်သည်။

"Coca Cola တစ်ဘူး၊ Shark ၂ ဗူး ပေးပါ"

ကောင်တာက ဦးလေးက အခုမှ သူတို့ကို မြင်သွားလို့ထင်သည်။ ကောင်တာမှ သူကိုယ်တိုင်လာပြီး အအေးဘူးများ ယူတာ သူတို့ဝိုင်းကို လာချပေး၏။

"ဆောရီးပါ သမီးတို့ရယ် . . . ဦးစာရင်းတွက်နေလို့ ဝင်



လာတာ မမြင်လိုက်လို့ပါ၊ စားပွဲထိုးကောင်လေးတွေကိုလည်း ဈေးဝယ်ခိုင်းထားလို့ပါ"

ခုံတွေဘာတွေကို ကိုယ်တိုင်ဝင်ရှင်းပြီး အအေးဘူးများကို ခုံပေါ်တင်ပေးသည်။

ပြီးနောက် ဖန်ခွက်များကိုယူပြီး လာပေးပြန်သည်။ ထို့နောက် သူမတို့ကို ထိုဦးလေးကြီးက ကွက်ကြည့်ကွက်ကြည့် ကြည့်ရင်း ကောင်တာဆီကို ပြန်သွားပြန်သည်။

ကောင်တာနား အရောက်တွင် သူတို့ဘက်ကို တစ်ချက်တစ်ချက် ကြည့်နေပြန်သည်။

"ဟဲ့ . . . ဆိုင်ရှင်ဦးလေးကြီးက ငါတို့ဘက်ကို ခဏခဏကြည့်နေပါလား"

မိချိုစကားကြောင့် အေးသီနှင့် စန်းမော်လည်း ထိုဦးလေးကြီးကို မသိမသာ ကြည့်မိလိုက်၏။

"အေးဟဲ့ . . . နင်ပြောတာမှန်တယ်၊ ဟော . . . ကြည့်နေပြန်ပြီ"

"သူ့ Customer တွေမို့ ဂရုတစိုက် ကြည့်တာလားမှ မသိတာ"

"မဟုတ်ဘူးဟဲ့ . . . ဒီလူကြီးပုံစံ ကြည့်ရတာ၊ နှာဗူးပုံစံလည်း မဟုတ်ပါဘူး"

သူတို့ ပြောနေစဉ်မှာပင် ကောင်တာက ဦးလေးကြီးတာ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝိုင်းဘက်ကို လျှောက်လာပြန်၏။

သူတို့ ဝိုင်းနား ရောက်သောအခါ မိချိုကိုကြည့်ပြီး-

"သမီး . . . စိတ်မရှိနဲ့နော်၊ ဦးတစ်ခုလောက် မေးချင်လို့"

အေးအေးဆေးဆေး မေးသောကြောင့် မိချိုလည်း ကြောင်သွားပြီး-

"ဟုတ်ကဲ့ . . . မေးပါ ဦး"

"သမီးက . . . ကြီးမြင့်ရဲ့ ရည်းစားလား"

"ဟင်"

"ရှင်"

သောက်နေတဲ့ အအေးများပင် သီးသွားပြီး လန့်ဖျန့်သွားကြလေသည်။

၀

■

(၃၀)

"မဟုတ်ပါဘူး ဦးရဲ့ . . . ဘာဖြစ်လို့လဲ"

"ဪ . . . ခုနကတည်းက ဦးက ကြည့်နေတာ။ ကြီးမြင့်ရည်းစားနဲ့ တူတယ်ဆိုပြီးတော့၊ ကြီးမြင့်ကတော့ ဒီရပ်ကွက်ထဲမှာ စတားပဲ သမီးရဲ့ . . . သမီးပုံကိုတော့ ကြီးမြင့်ပြလို့ ဓာတ်ပုံထဲမှာ မြင်ဖူးတာပါ"

"ရှင် . . . သူက သမီးဓာတ်ပုံကို ပြတယ်"

မိချိုမှာ အံ့လည်းအံ့ဩ၊ ဒေါသလည်း ထွက်သွားလေသည်။

"ဟုတ်တယ်၊ သမီးဓာတ်ပုံမှ သမီးဓာတ်ပုံပါပဲ"

"သူက အဲဒီဓာတ်ပုံပြပြီး ဒီဓာတ်ပုံထဲက ကောင်မလေးက သူ့ရည်းစားပါလို့ ပြောတာလား"

"အင်း . . . အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဓာတ်ပုံပြပြီး ချောလားဘာလား မေးတယ်။ သမီး ဓာတ်ပုံကလည်း အမြင်မှာ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် ချောနေတာ၊ ဓာတ်ပုံထဲမှာလည်း ချောနေတော့ အားလုံးက ချောတယ်လို့ ပြောကြတာပေါ့"

"အဲဒီတော့. . ."

"အဲဒီတော့ သူက ချောမှာပေါ့၊ ဒါက ကျွန်တော့် ချစ်ချစ်ကိုးဆိုပြီး ပြန်ဖြေတယ်လေ. . . ဒီတော့ အားလုံးကလည်း ဩော်. . . ဒါကြီးမြင့်ရည်းစားပဲဆိုပြီး သိနေကြတာ"

"တောက်. . . ဒီကောင် ကြီးမြင့်ကတော့"

မိန်းမ မဆန့်စွာ တောက်ခေါက်လိုက်မိသည်။

"တစ်ရပ်ကွက်လုံးကို သမီးဓာတ်ပုံ ခဏခဏ ပြလွန်းတော့ မှတ်မိနေကြတာပေါ့"

မိချို ဒေါသထွက်နေမှန်း အေးသီနှင့်စန်းမော်က ရိပ်မိလိုက်လေသည်။ ဆိုင်ရှင်ဦးလေးကြီးကတော့ မရိပ်မိချေ။ ကြီးမြင့်နဲ့ဒီဆိုင်မှာ ချိန်းထားတာလားဆိုပြီး မေးနေသေးသည်။

"မဟုတ်ပါဘူး၊ သမီးသူငယ်ချင်းက ကြီးမြင့် ရည်းစား မဟုတ်ပါဘူး၊ အဲဒီ. . . ကြီးမြင့်ဆိုတဲ့ ကောင်ကသာ လျှောက်ပြောနေတာ"

ဦးလေးကြီးကတော့ စိတ်ရှုပ်ထွေးသွားပုံရသည်။

ထို့နောက် ကြီးမြင့်နှင့် မိချိုမှာ စိတ်ကောက်နေကြသောကြောင့် ဒီလိုပြောခြင်း ဖြစ်မည်ဟု တွေးမိသွားပုံရပြီး ကြီးမြင့်အကြောင်းကို အရမ်းလွှတ်ပြောလေတော့၏။



ကြီးမြင့်က လူတော်တစ်ယောက်ဖြစ်ကြောင်း၊ ငွေရှာတတ်တဲ့ လူတစ်ဦးလည်း ဖြစ်ကြောင်း၊ သူ့ဇနီးက သူနဲ့ရန်ဖြစ်ပြီး သူ့မိဘအိမ်ကို ဆင်းသွားတဲ့အခါတုန်းကလည်း ကြီးမြင့်ကသာ ကူညီပေးခဲ့ကြောင်း၊ ပိုက်ဆံတော့ နည်းနည်းပေးရကြောင်း၊ ရပ်ကွက်ထဲမှာလည်း. . . စသည်ဖြင့် ကြီးမြင့်ဘက်က ပြောပေးနေ၏။

ဦးလေးကြီး ပြောပုံအရဆို ကြီးမြင့်သည် သူတို့ရပ်ကွက်ထဲမှာ စူပါစတား ဖြစ်ပုံရသည်။

"ဦး. . . အခုတလော ကြီးမြင့်ဆီက ထူးထူးခြားခြား ဘာတွေကြားရသေးလဲ"

စန်းမော်က သိလိုသော အကြောင်းကို ဦးလေးကြီး စကားရပ်တုန်း မေးလိုက်လေ၏။

"အခုတလော သူ့ကို သိပ်မတွေ့ဘူး၊ ဆိုင်ရှေ့ကနေ ဖြတ်သွားဖြတ်လာပဲ တွေ့ရတယ်။ တွေ့တဲ့အချိန်တွေကလည်း ညဉ့်နက်ပိုင်း ဆိုင်ပိတ်ချိန်ဆိုတော့ သူလည်း ဆိုင်ရှေ့ကနေ နှုတ်ဆက်ပြီး သွားတာပဲ များပါတယ်။ မနေ့တစ်နေ့ကမှ ကိုယ်တော်ချောက ဆိုင်တွေဘာတွေ ပြန်လာထိုင်တာ"

"ဟို. . . ဦး သူပြောတဲ့အထဲမှာ ဘာတွေများ ထူးထူးခြားခြား ရှိသေးလဲ"

"အဲဒါတော့ သတိမထားမိဘူးကွဲ့"

"ဟို. . . ဝီယဆေးတို့၊ ပုလင်းတို့ ဘာတို့လေ. ."

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . သူ့လည်ပင်းမှာ ဆွဲထားတဲ့ ပုလင်းတော့ တွေ့တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာပြောသေးလဲ"

"ဦးတောင်. . . မင်းက ဘာကြီးဆွဲထားတာလဲ မေးတော့ အချစ်ဆွဲထားတာ ဦးရေဆိုပြီး အော်ပြောသွားတာပဲ၊ ဘာမှန်းတော့ မသိဘူး"

ဆိုင်ထဲကို လူတစ်ယောက်စ နှစ်ယောက်စ ဝင်လာသောကြောင့် အဲဒီမှာပဲ စကားစပြတ်သွားလေသည်။

မိချိုမှာ မျက်နှာကြီး တည်နေလေသည်။ သူ့ကို ကြီးမြင့်ရည်းစားလို့ ပြောခံရလို့ စိတ်ဆိုးနေတာပဲလား။ ဒါမှမဟုတ် သူတို့ စုံစမ်းတဲ့အကြောင်းကို သေချာမသိရသောကြောင့် ဒေါသထွက်နေတာပဲလားတော့ မသိချေ။

ခဏအကြာတွင် ထိုလက်ဖက်ရည်ဆိုင်ထဲမှ ပြန်ထွက်လာခဲ့ကြသည်။

ဆိုင်ရှင်ဦးလေးကြီးကိုလည်း သမီးတို့လာကြောင်း ကြီးမြင့်ကိုမပြောရန် တားလိုက်ရသေးသည်။

ဦးလေးကြီးက စိတ်ကောက်နေကြတယ် မှတ်လားဟု ပြောနေသောကြောင့် ဆိုင်ထဲမှ ခပ်မြန်မြန် ထွက်လာခဲ့ရသည်။

"ဒီတော့ ကြီးမြင့်က ငါ့မာတ်ပုံတို ဘယ်လိုရတာလဲ"



လမ်းရောက်တော့ မိချိုက မကျေမနပ်နဲ့ ပြောပြန်သည်။

"ခိုးရိုက်ထားလားမှ မသိတာ"

"ငါ့ကိုများ သူ့ရည်းစားလိုလို ဘာလိုလိုနဲ့ ပြောထားလိုက်တာများ ရစရာကို မရှိဘူး"

"အေးလေ၊ သူ့မှာ ငါတို့နှစ်ယောက် ဓာတ်ပုံလေးများ မရှိဘူးလား မသိဘူး"

"ကောင်မတွေ ရှုနေတယ် ဟုတ်လား"

အေးသီနှင့်စန်းမော်က မိချိုစိတ်ပြေအောင် စနောက်ကြခြင်းဖြစ်သည်။

အရှေ့ထဲ ရပ်ကွက်ထဲက စတိုင်းဆိုင်တစ်ခုတွင် Tissue ထုပ်လေး တစ်ခုဝင်ဝယ်ရာ ဆိုင်ရှင်အမျိုးသမီးကလည်း "ကြီးမြင့်ရည်းစားပဲ၊ ရပ်ကွက်ထဲကို လာတာလား၊ အလကား ယူသွားပါ" ဆိုပြီး Tissue ထုပ်ကြီး ထိုးပေးနေသောကြောင့် ပိုက်ဆံအတင်းပေးပြီး ထွက်လာခဲ့ရသည်။

ထုံးစံအတိုင်း မိချိုကတော့ စိတ်ဆိုးဒေါသ ထွက်လျက်ပေါ့. . .။

ဤသို့ သူတို့ဒေါသထွက်နေသောကြောင့် ပတ်ဝန်းကျင်အခြေအနေကို သတိမထားမိပဲ ဖြစ်နေကြသည်။

မည်သို့ဆိုသော် သူတို့ ကျောင်းကနေအထွက်မှပြီး ကြီးမြင့်တို့ ရပ်ကွက်ထဲ ရောက်တဲ့အထိ လူတစ်ယောက်က နောက်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ခံလိုက် ကြည့်နေသောကြောင့် ဖြစ်သည်။

ထိုသူသည် ကြီးမြင့်မဟုတ်တာတော့ သေချာပြီး ကြီးမြင့်သူငယ်ချင်းတွေလည်း မဟုတ်ချေ။

အခြားသူတစ်ဦးပင် ဖြစ်သည်။

■

## (၃၂)

"ခုနကလေးတင် လူတစ်ယောက် လာသွားသေးတယ်"

အိမ်ထဲဝင်ဝင်ချင်းမှာ သူ့အမေက လှမ်းပြောလိုက်ခြင်းဖြစ်သည်။

"ဘယ်သူလဲ အမေ"

"ဘယ်သူလဲတော့ မပြောသွားဘူး၊ သမီးက သူတို့ဆိုင်မှာ Memory Stick ကျန်ခဲ့လို့တဲ့ လာပြန်ပေးတာတဲ့"

"Memory Stick"

သူ့အိတ်ထဲက Memory Stick ကို ပြန်ရှာကြည့်လိုက်သည်။ သူ့ Stick က အိတ်ထဲမှာပဲ ရှိနေသည်။ အမေကတော့-

"သမီးအခန်းထဲက စားပွဲပေါ်မှာ တင်ထားတယ်"ဆိုပြီး ထမင်းစားခန်းထဲ ဝင်သွားလေ၏။

"ဘယ်လိုပုံမျိုးလဲ အမေ"

www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်ပြီး မေးလိုက်သည်။

"ရုပ်ကတော့ ခပ်ဆိုးဆိုးပါပဲ သမီးရယ်" ဆိုပြီး ပြန်အော်ပြောလေ၏။

မိချိုလည်း စိတ်ဝင်စားသွားသောကြောင့် အပေါ်ထပ်ကို ပြေးတက်ကာ အခန်းထဲဝင်ပြီး Memory Sick ကို ရှာကြည့်လိုက်သည်။

သူ့ကွန်ပျူတာဘေးတွင် တင်ထားသော ငွေရောင် Stick တစ်ချောင်းကို တွေ့ရလေသည်။

ဘယ်သူ့ Stick ပါလိမ့်။ လူမှား၊ အိမ်မှားပြီး လာပို့သွားတာလား။ Stick ကို သေချာကြည့်လိုက်သောအခါ Stick အပေါ်ဘက်တွင် စတစ်ကာအသေးလေးနှင့် မိချိုဟု ရေးထားလေ၏။

လူမှားတာတော့ မဖြစ်နိုင်. . .

အထဲမှာ တစ်ခုခုတော့ ပါလိမ့်မည်။ ထို့ကြောင့် ကွန်ပျူတာကိုဖွင့်ပြီး Stick ကို ထိုးလိုက်သည်။

"ဟင်"

■

အခန်းလွတ်တစ်ခုတွင် ကြီးမြင့်နှင့် လူ(၉)ယောက် (လေလံဆွဲသူများ)တို့ တိတ်တဆိတ် တွေ့ဆုံနေကြသည့် ဗီဒီယိုဖိုင်ကို အမြင့်ကနေ လူတစ်ယောက်က ချောင်းရိုက်ထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကြီးမြင့် မျက်နှာကြီး ပေါ်လာ၏။

ကျန်တဲ့လူများကို တစ်ခုခုပြောနေမှန်းသိ၏။ အသံတိုးနေသောကြောင့် သဲသဲကွဲကွဲ မကြားရချေ။ အသံကို ချဲ့လိုက်၏။

"ဒီအဝင်ရဲ့ အပွင့်ကို အမှန်ကြိတ်ပြီး ကိုယ်ကြိုက်နေတဲ့ မိန်းကလေးရဲ့ ကိုယ်မှာလိမ်းပေးရင် အချစ်ရေး အဆင်ပြေတယ်"

အသံတိုးသွားပြန်သည်။

ဘာမှမကြားရတော့ချေ။

သူ့လက်ထဲက ကိုင်နေကျသစ်ပင်ကို လက်ညှိုးထိုးရင်း ပြောနေခြင်း ဖြစ်သည်။

ကျန် (၉)ယောက်၏ အပြန်အလှန် မေးမြန်းသံများကို ကြားရ၏။ ဘာတွေပြောနေကြမှန်းမသိ။ အသံတွေက ဝိုးတဝါး ဖြစ်နေသည်။

ကြီးမြင့်က ပုလင်း တစ်ခုစီပါသော ဆွဲကြိုးတစ်ခုစီကို တစ်ယောက်ချင်းဆီ ပေးနေတာ တွေ့ရ၏။

အားလုံးက လည်ပင်းမှာ ဆွဲလိုက်ကြသည်။ ကြီးမြင့်လည်း သူ့လည်ပင်းမှာ တစ်ခုဆွဲသည်။ မှောင်မဲသွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင့်ရုပ် ပေါ်လာပြန်သည်။ ထို့ပြင် အားလုံးကို ပြောလိုက်သည့် သူ၏အသံသည် ပီပီသသကြီး ထွက်လာသည်။

"ဒီတော့ မိချို့ရဲ့ ခန္ဓာကိုယ် တစ်နေရာကို လိမ်းပေးရင် လိမ်းပေးတဲ့သူ အချစ်ရေး အဆင်ပြေ. . ."

အသံပြတ်သွားပြန်သည်။

ခဏအကြာတွင် ပြန်ပေါ်လာပြန်၏။

"ဦးစွာ လိမ်းပေးနိုင်တဲ့သူ ဖြစ်အောင်လုပ်ရင်. . ."

ပြတ်တောင်းပြတ်တောင်း ဖြစ်နေသည်။

"လွယ်ပါ့မလား"

တစ်ယောက်က မေးလိုက်သည့် အသံဖြစ်သည်။

"ဒါကတော့ကွာ. . . သူ့ခန္ဓာကိုယ်ကို. . ."

ခဏအကြာတွင် ဗီဒီယိုမှာ ပြီးသွားလေ၏။

အသံသည် ပြတ်တောင်းပြတ်တောင်း ဖြစ်နေသော်လည်း အဓိပ္ပါယ်သည် တစ်ခုတည်းသာ ဖြစ်သည်။

မိချို့အချစ်ကိုရဖို့ မိချို့ခန္ဓာကိုယ်တစ်နေရာကို တစ်စုံတစ်ခု လိမ်းပေးရမည်။ လိမ်းတဲ့လူ မိချို့အချစ်ကို ရလိမ့်မည်ဟု ကြီးမြင့်က ပြောနေခြင်းဖြစ်သည်။

မိချို့သည် ဗီဒီယိုဖိုင်ကိုကြည့်ပြီး ဒေါသထွက်နေလေသည်။ မိန်းမတစ်ယောက်ရဲ့ အချစ်ကို ကြီးမြင့်ဆိုတဲ့ကောင်က ဘာထင်နေတာလဲ။



တစ်ခုခု လိမ်းပေးလိုက်တာနဲ့ မိန်းမတစ်ယောက်ရဲ့ အချစ်ကိုရပြီလို့ ထင်နေတာလား။ လူလိမ်၊ လူညာ. . .။

ပိုက်ဆံရဖို့အတွက်ပဲ သိတဲ့လူ. . .။

ဒေါသထွက်လွန်းသောကြောင့် လက်တွေ တဆတ်ဆတ် တုန်နေလေသည်။

မိန်းမတစ်ယောက်ကို နောက်ကွယ်ကနေ ညစ်ပတ်တဲ့ နည်းနဲ့ လိမ်လည်ချင်တဲ့ကောင်. . .။

တို့ဆေး. . .၊ မူးယစ်ထုံထိုင်းစေတဲ့ ဆေးတွေနဲ့များလား။ မိချို့သည် တွေးရင်း၊ တွေးရင်း စိတ်မထိန်းနိုင်ပဲ ဖြစ်လာသည်။

ဒေါသထွက်လွန်းအား ကြီးသောကြောင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

ကြီးမြင့်. . . နင်. . . မနက်ဖြန် ငါနဲ့တွေ့မယ်။

www.burmeseclassic.com

www.burmeseclassic.com

ဤပန်းပင်

ကျွန်တော်ပျိုး

သူများခိုးမှာ စိုးလို့ပါ. . .

www.burmeseclassic.com

www.burmeseclassic.com

# "ဖြန်း"

မိချို၏ ပါးရိုက်ချက်ကြောင့် ကြီးမြင့် ကြောင်သွားလေသည်။ တန်တင်းတစ်ခုလုံးမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူများ အားလုံးသည်လည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

မိချိုနောက်ကနေ အလျှင်အမြန် လိုက်လာကြသော အေးသီနှင့် စန်းမော်ပင် မိချိုက ကြီးမြင့်ကို ပါးရိုက်လိုက်သောကြောင့် တန်တင်းအဝင်အဝမှာပင် ကြောင်ပြီး ရပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ. . . မိန်းမတစ်ယောက်ကို နောက်ကွယ်ကနေ ညစ်ပတ်တဲ့ နည်းလမ်းတွေနဲ့ အသုံးချဖို့ ကြိုးစားတဲ့အတွက်"

ပြောလည်းပြော၊ နောက်တစ်ချက်လည်း-

"ဖြန်း" ခနဲချလိုက်လေသည်။

ကန်တင်းတစ်ခုလုံး စကားမပြောနိုင်ဘဲ ငေးကြည့်နေကြသည်။

"မိ. . . မိချို. . . ငါ၊ ဘာလုပ်မိလို့လဲ"

ကြီးမြင့်မှာ သူ့ပါးသူပွတ်ပြီး မိချိုကိုသာ ကြည့်နေမိလေသည်။

"အေး. . . ဒါက ငါ့ကို နင့်ရည်းစားလို့ အခြားလူတွေကို ပြောတဲ့အတွက်"

မိချိုသည် ထိုသို့ပြောပြီး Memory Stick ကို စားပွဲပေါ် ပစ်ချကာ ကန်တင်းထဲကနေ ပြန်ထွက်လာခဲ့သည်။

နောက်ကနေ 'ဟဲ့. . . မိချို. . . မိချို. . . နေပါဦး'လို့ ခေါ်နေတဲ့ အေးသီနှင့် စန်းမော်ရဲ့ စကားသံတွေကိုလည်း မကြားတော့။

အားလုံးက သူ့ကိုဝိုင်းကြည့်နေသော မျက်လုံးများကိုလည်း သူမမြင်ချင်တော့။ ဘာကြောင့်မှန်းမသိ၊

သူ့မျက်ဝန်းကနေ မျက်ရည်များ အလိုလိုကျလာခဲ့သည်။

■

(၃၃)

ထိုကိစ္စဖြစ်ပြီးကတည်းက မိချိုသည် ကျောင်းကို မသွားတော့ချေ။ အိမ်ထဲမှာပဲ အောင်းနေတာ ဒီနေ့နဲ့ပါဆိုရင် (၃)ရက်ရှိပြီ ဖြစ်သည်။

အဖေနဲ့အမေ့ကိုလည်း နေမကောင်းလို့ ကျောင်းမသွားဘူးဟုသာ ပြောထားသည်။

သူငယ်ချင်းတွေ ဖုန်းဆက်ရင်လည်း ဖုန်းမကိုင်တော့။ အဖေနဲ့အမေကိုလည်း သူငယ်ချင်းတွေ အိမ်လာရင် မရှိဘူးဟုသာ ပြောလွှတ်ခိုင်းထားသည်။ အခုအချိန်မှာ သူဘယ်သူမှ မတွေ့ချင်သေးပေ။

အဖေနှင့်အမေကတော့ မိချိုက သူငယ်ချင်းတွေနဲ့ စိတ်ကောက်နေသည်ဟု ထင်နေသည်။

တကယ်တော့ သူမသည် တဒင်္ဂဖြစ်ခဲ့တဲ့ စိတ်ခံစားမှုတို့ ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေအားလုံးကို လျစ်လျူရှုလို့ မရဘူးလား။ ကိုယ်မှ သူတို့ကို မကြိုက်ပဲ။

မဟုတ်ဘူး။ အဲဒီကြီးမြင့်ဆိုတဲ့ကောင်ကို မုန်းတယ်။ သူ ဘာဖြစ်လို့ အဲဒီလေလံကိစ္စလုပ်လဲ။ သူဘာဖြစ်လို့ အဲဒီလူတွေကို သူမနဲ့ပတ်သက်ပြီး လုပ်ပေးရတာလဲ။

ကြီးမြင့်ကို မုန်းတယ်။ ဘာဖြစ်လို့ သူ့ရဲ့ရည်းစားလို့ ရပ်ကွက်ထဲမှာ ပြောထားရတာလဲ။

ကြီးမြင့်ကို မုန်းတယ်။ သူနဲ့က ချစ်သူတွေမှ မဟုတ်သေးတာ။

မုန်းတယ်။

မုန်းတယ်။

မုန်းတယ်။

ကြီးမြင့်ကို မုန်းတယ်။

မုန်းတယ်။

မုန်းတယ်။

မုန်းတယ်။

မုန်းတယ်။

ပါးရိုက်လိုက်တဲ့အခါ ပြန်ကြည့်တဲ့ သူ့မျက်ဝန်းကိုလည်း မုန်းတယ်။ တိုစပ်စပ် ဒီစပ်စပ် လုပ်တတ်တဲ့ သူ့အကျင့်ကိုလည်း မုန်းတယ်။

ကြီးမြင့်. . .

နင့်ကိုငါမုန်းတယ်. . .

ခေါင်းအုံးကို မျက်နှာအပ်ပြီး အော်ဟစ်ပစ်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

"ဒေါက်. . . ဒေါက်"

"သမီး"

တံခါးခေါက်သံနှင့်အတူ သူ့အမေအသံပါ ကြားလိုက်ရသည်။ ကုတင်ပေါ်မှထပြီး တံခါးဖွင့်ပေးလိုက်သည်။

"သမီး. . . ဘာတွေဖြစ်နေတာလဲ၊ ဒီနေ့နဲ့ဆိုရင် ကျောင်းမတက်တာ တစ်ပတ်ရှိသွားပြီ၊ ကျောင်းမှာ ဘာတွေများ ဖြစ်လာလို့လဲ"

အမေက သူမကို နည်းနည်းစိုးရိမ်စ ပြုလာနေပြီ ဖြစ်သည်။

ထိုကိစ္စသည် ရေးကြီးခွင်ကျယ် လုပ်စရာ မလိုသော်လည်း သူမ ကျောင်းမတက်ချင်သောကြောင့် တမင် ကျောင်းမသွားဘဲ နေခြင်းဖြစ်သည်။

"အေးသီတို့ စန်းမော်တို့လည်း လာသွားတယ်။ သမီးက မရှိဘူး ပြောလွှတ်လို့သာ အမေ့မှာ ပြောလိုက်ရတယ်၊ အားနာ



စရာကြီး သမီးရယ်"

တကယ်တော့ အမေ့ကို သူတို့တစ်ခုခုတော့ ပြောသွားပေလိမ့်မည်။

အမေကလည်း မမေးပဲနဲ့ နေမှာတော့ မဟုတ်ပေ။ သို့သော် အမေက သူမကို မသိသလို နေပေးနေမှန်း မိချိုရိပ်မိလေသည်။

"ရော့. . . သမီးကို သူတို့ပေးသွားကြတာ"

ငွေရောင် Memory Stick လေးတစ်ခုကို သူ့အမေက သူ့လက်ထဲ ထည့်ပေးသည်။

"သူတို့ ခဏကြာရင် ဖုန်းဆက်မယ်တဲ့. . . ဒီတစ်ခေါက်တော့ ဖုန်းကိုင်လိုက်ပါ သမီး"

အမေက တစ်ခွန်းထဲပြောပြီး အခန်းထဲမှ ထွက်သွားသည်။

သူခေါင်းငြိမ့်လိုက်မိလား၊ မငြိမ့်လိုက်မိလား မသိတော့. . . ။ လက်ထဲမှာ Stick ကို ကိုင်ထားရင်း ကုတင်ပေါ်မှာ ထိုင်နေမိသည်။

Stick သည် ပြီးခဲ့တဲ့ အခေါက်က သူကြည့်ခဲ့တာ Stick ဖြစ်သည်။ အေးသီနှင့်စန်းမော်က ဘာကြောင့် သူ့ကို လာပြန်ပေးသွားလည်း မသိပေ။

အခုလောက်ဆိုရင် သူတို့နှစ်ယောက် သူ့ကိုစိတ်ဆိုးနေလောက်ရောပေါ့။ ဘာမှမဆိုင်ပါပဲနှင့် သူတို့နှစ်ယောက်ဘို **မတွေ့**

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၊ စကားမပြောဖြစ် လုပ်ခဲ့လေသည်။

ခဏအကြာတွင် တယ်လီဖုန်းမြည်သံ ကြားရသည်။ အေးသီနှင့်စန်းမော် ဆက်တာပင် ဖြစ်မည်။

ဖုန်းမှာ ခဏမြည်ပြီး ရပ်သွားသည်။ အောက်ထပ်ကနေ အမေက ဖုန်းကိုင်လိုက်တာ ဖြစ်မည်။

"သမီးရေ. . . အေးသီတို့ဆက်တာ"

သူ့အမေ လှမ်းအော်သံကို ကြားရသည်။

သူမအိပ်ခန်းထဲကို ဖုန်းလိုင်း ခွဲထားသောကြောင့် ဖုန်းကိုင်ရန် လှမ်းပြောခြင်း ဖြစ်သည်။

တစ်ပတ်လောက် ရှိသွားသောကြောင့် မိချိုစိတ်ထဲတွင် စိတ်ပြေသလိုတော့ ရှိနေသည်။

ထို့ကြောင့် ခုတင်ပေါ်ကထပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

ထင်သည့်အတိုင်းပင် သူမကို ဆဲဆိုနေသံများကို မျိုးစုံပဲ ကြားရသည်။ သူတို့ ဖုန်းတွေကို ဘာဖြစ်လို့ မကိုင်ရတာလဲ။ သူငယ်ချင်းအချင်းချင်းတောင်မှ ဒီလောက်တောင် နေရက်လိုက်တာ စသဖြင့် ပြောကြလေသည်။

သူမကလည်း ပြန်တောင်းပန်ရသည်။

■

(၁၅)

"မိချို"

"ဟင်"

"နင်. . . ငါတို့ပေးခဲ့တဲ့ Stick ထဲက Video ဖိုင်ကို ကြည့်ပြီးပြီလား"

"မကြည့်ရသေးဘူး"

"ကြည့်လိုက်ပါ မိချို၊ နင်တစ်ခုခု နားလည်သွားမှာပါ"

ဘာဗီဒီယိုဖိုင်လဲဟု သူမ မမေးမိတော့. . .။ စန်းမော်က အေးသီလက်ထဲက ဖုန်းကိုယူပြီး ပြောပြန်သည်။

"မိချို"

"အေး"

"နင့်အိမ်ကို ဗီဒီယိုဖိုင် လာပို့သွားတဲ့လူကို ငါတို့သိသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘယ်သူလဲ"

ဒါကိုတော့ သူစိတ်ဝင်စားသွားသည်။ ဘာရည်ရွယ်ချက်နဲ့ သူ့အိမ်ကို အဲဒီဗီဒီယိုဖိုင် လာပို့တာလည်း သိချင်နေမိသည်။

"လေလံဆွဲတဲ့ (၁၀)ယောက်ထဲမှာမပါတဲ့ ရွှေတင်ဆိုတဲ့ကောင်က လာပို့သွားတာ"

"သူက ဘာဖြစ်လို့ လာပို့ရတာလဲ"

"ကြီးမြင့်ကို မနာလိုလို့ပေါ့။ ပြီးတော့ ငါတို့ကလည်း အဲဒီနေ့က ကြီးမြင့်အကြောင်းတွေ လိုက်စုံစမ်းနေတော့၊ နင်က ကြီးမြင့်ကို စိတ်ဝင်စားနေပြီထင်ပြီး ကြီးမြင့်နဲ့ ပြဿနာ ဖြစ်စေချင်လို့တဲ့"

"ဘာဆိုင်လို့လဲ"

"အဲဒါနဲ့ သူက ကြီးမြင့်နဲ့သူတို့ (၉)ယောက် တွေ့တဲ့နေ့က ချောင်းရိုက်ထားတဲ့ ဗီဒီယိုကို အပြည့်အစုံ မဟုတ်ဘဲ သူလိုချင်တာတွေ ဖြတ်ညှပ်ကပ်ထားပြီး နင့်ဆီကို ပို့ပေးလိုက်တာ"

"ဘယ်လိုပဲ ဖြတ်ညှပ်ကပ်၊ ကြီးမြင့် ပြောတာတွေကတော့ ဒီအဓိပ္ပါယ်ပဲလေ"

သူမက သူတို့နှစ်ယောက်လုံး ကြီးမြင့်ဘက်က လိုက်ပြောနေသည်ဟု ထင်မိသည်။

"ကြည့်ကြည့်လိုက်ပါ။ နင်သိသွားမှာပါ၊ အဲဒီဖိုင်နဲ့အတူ အဲဒီ stick ထဲမှာ ကြီးမြင့်စာစီ ပေးလိုက်တဲ့ စာတစ်စောင်ကိုလည်း ရိုက်ထည့်ပေးထားတယ်၊ ခဏနေရင် ငါတို့ပြန်ဆက်လိုက်မယ်။



ကျောင်းမှာ နင်ပါးရိုက်တဲ့ အကြောင်းကတော့ hot ဖြစ်နေတာပေါ့။ ဒါပေမယ့် ဘယ်သူကမှ နင့်ကိုအပြစ်မတင်ကြပါဘူး။ နင့်လို အခြေအနေမျိုးဆိုရင်လည်း သူတို့လည်း လုပ်မိမှာပဲဆိုပြီး ပြောနေကြတယ်။ ဒါပဲနော်. . . နင်ကြည့်လိုက်ဦး၊ ခဏနေရင် ငါတို့ပြန်ဆက်လိုက်မယ်"

တစ်ဖက်က ဖုန်းချသွားလေသည်။

လက်ထဲက Memory Sitck ကို တစ်ချက်ကြည့်ပြီး တွေဝေနေသေးသည်။

ခဏကြာသောအခါမှသာ ကွန်ပျူတာဖွင့်ပြီး stick ကို ထိုးကြည့်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

"ဒီနေ့ . . . ဒီလို အခန်းလွတ် တစ်ခုထဲမှာ ခေါ်တွေ့ရတာက ကျွန်တော့်ကတိကို တည်စေချင်တဲ့အတွက်ပါ၊ ပြီးတော့ ဘယ်သူမှလဲ မသိစေချင်တဲ့အတွက် ဒီနေရာကို ချိန်းရတာပါ။ နောက်ဆုံး ကျွန်တော့် သူငယ်ချင်းနှစ်ယောက်တောင် မသိပါဘူး"

ကြီးမြင့်က ထိုသို့ပြောပြီး အားလုံးကို တစ်ချက်ကြည့်လိုက်သည်။ သူ့စကားကို စိတ်ဝင်စားစွာ နားထောင်နေတာကို တွေ့တော့မှ-

"အားလုံးလည်း သိပြီးဖြစ်မှာပါ၊ မိချိုက ပါချုပ်ကို တိုင်လိုက်တဲ့အတွက် လေလံကို ရွှေ့ဆက်လုပ်လို့ မရတော့ပါဘူး။ စည်းမျဉ်းအတိုင်းဆိုရင် လေလံရပ်သွားတဲ့အတွက် နောက်ဆုံးရက်မှာ အများဆုံး ပေးတဲ့လူက အနိုင်ဖြစ်မှာပါ။ ဒါပေမယ့် ဈေးနှုန်းတွေက အားလုံးတူညီနေတဲ့အတွက် အခုလို ခေါ်ပြောရတာပါ"



ကြီးမြင့်က စားပွဲပေါ်က စာအိတ်နှင့်ပန်းအိုးကို တစ်ချက် ကြည့်ပြီး ပြောသည်။

"ဒီစာအိတ်ထဲမှာ ကျွန်တော် ပြောထားတဲ့အတိုင်း ပီယဆေးနည်းပါပါတယ်။ ပြီးတော့ ဒီအပင်ကိုလည်း အားလုံးရမှာ ဖြစ်ပါတယ်"

စကားကို ခဏရပ်လိုက်သည်။

"အခု စာထဲမှာပါတဲ့ ပီယဆေးနည်းနဲ့ ဒီအပင်အကြောင်းကို အားလုံးကို ပြောပြမှာဖြစ်ပါတယ်"

ကိုးယောက်လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားတာကို မြင်လိုက်ရသည်။

"မပြောပြခင်မှာ စကားတစ်ခုတော့ ကြိုတင်ခံထားပါရစေ"

အားလုံး ငြိမ်ပြီး နားထောင်နေကြသည်။

"ကျွန်တော်က ပိုက်ဆံရတဲ့အတွက်သာ ဒီကိစ္စကို လုပ်ရတာပါ။ ဒီထဲမှာပါတဲ့နည်းတွေ၊ ဒီအပင်နဲ့ဆိုင်တဲ့ဟာတွေကို မယုံဘူးလည်း မဟုတ်ဘူး၊ ယုံတယ်လည်း မဟုတ်ပါဘူး။ ဒီတော့ ယုံလို့ လိုက်လုပ်မယ်ဆိုရင်လည်း ခက်ခဲတဲ့နည်းတွေ ဖြစ်တာကို အခု တွေ့ရတော့မှာပါ၊ ပြီးတော့ . . . အခုလိုပြတဲ့အတွက် ကျွန်တော် ဘယ်သူ့ဆီကမှလည်း ပိုက်ဆံယူမှာ မဟုတ်ပါဘူး၊ အလကား ပြောပြမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင့် စကားကြောင့် အားလုံး တီးတိုးအသံများ ထွက်သွားသည်။

"ခင်ဗျားတို့ရဲ့ အချစ်ကို ကျွန်တော်က လေးစားတဲ့အတွက် ကျွန်တော့်အာဝမှာ ပိုက်ဆံမယူပဲ ဝန်ဆောင်မှု လုပ်ပေးလိုက်တာ ဒါပထမဦးဆုံး အကြိမ်ပါ။ နောက်ပြီး ခင်ဗျားတို့ သေချာစဉ်းစား စေချင်ပါတယ်"

"ဘာကိုလဲ ကြီးမြင့်"

၉ ယောက်ထဲက တစ်ယောက်က မေးလိုက်ခြင်း ဖြစ်သည်။

**"မိန်းကလေးတစ်ယောက်ရဲ့ အချစ်တစ်ခု ဖြစ်ပေါ်လာဖို့ အထောက်အကူ ပစ္စည်းတွေ လိုအပ်လားဆိုတဲ့ မေးခွန်းပါ"**

ကြီးမြင့်က စကားကို ခဏရပ်ပြီး အားလုံးကို ကြည့်နေပြန်သည်။ အားလုံးသည် ကြီးမြင့်စကားထဲတွင် မျောနေပြန်၏။

မိချိုပင် ကြီးမြင့် ဘာဆက်ပြောမလဲဆိုတာကို စိတ်ဝင်တစား ကြည့်နေမိသည်။

"ကျွန်တော်ကတော့ မလိုအပ်ဘူး ထင်ပါတယ်။ ဥပမာ အခု သူ့အချစ်ကိုရဖို့ ပီယဆေး လိုအပ်မယ်လို့ထင်ရင် အခု ပီယဆေးရသွားတယ်ပဲ ထားပါတော့. . . အဲ့ဒီပီယဆေး ဓာတ်ပြယ်သွားတဲ့နေ့မှာ အဲဒီကောင်မလေးက ကိုယ့်ကိုမုန်းသွားရင် ဘယ်လိုလုပ်မလဲ"



"သူက ပီယဆေးရမှ ပြန်ချစ်မယ်လို့ ဆိုလို့တာကိုးကွ"

"အဲ့ဒီအချိန်မှာ ခင်ဗျားတို့က အနားကပ်နေတော့ ထွက်သွားအောင်ဆိုပြီး ပြောမိပြောရာ ပြောလိုက်တာနေမှာပါ။ သူလည်း စိတ်ထဲ အဲဒီလောက်ရှိလို့ ဟုတ်မယ် မထင်ပါဘူး"

". . . . . . . . . ."

"ဘာပဲပြောပြော၊ ကျွန်တော့် ကတိအတိုင်း ပီယဆေး နည်းလမ်းနဲ့ ဒီသစ်ပင်အကြောင်းကို ပြောပြရမှာပါပဲ။ ပြီးမှ သေချာစဉ်းစားကြပေါ့"

ကြီးမြင့်က သူ့ရှေ့မှာရှိတဲ့ သစ်ပင်ကို လှမ်းယူလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၇)

"ဒီအပင်ကို သေချာမကြည့်လို့ပါ၊ အားလုံး မြင်ဖူးမှာပါ။ ဒီအပင်နာမည်က ပေါက်ပင်လို့ ခေါ်ပါတယ်"

ထိုအပင်ကို အားလုံးက ဝိုင်းကြည့်ကြသော်လည်း အားလုံးက မမြင်ဖူးဟု ဆိုကြသည်။

"ဗြဟ္မာဏဝါဒ၊ ဗုဒ္ဓဝါဒ နှစ်မျိုးစလုံးမှာ ဒီအပင်ကို မြတ်တယ်လို့ ယူဆကြပါတယ်။ အရွက်ကျပုံက သုံးမွှာဖြစ်လို့ ဟိန္ဒူဝါဒက ဗိဿနိုး၊ ဗြဟ္မနဲ့သီဝနတ်မင်း သုံးပါးကို ရည်ညွှန်းတဲ့ အပင်လို့ အမြတ်တနိုး ထားကြပါတယ်။ သောမအမြိုက် ရေကိုသောက်နေတဲ့ သိန်းစွန်ရဲ့အတောင်က ထပေါက်တဲ့အပင်ဖြစ်ပြီး လနတ်နဲ့ ဆက်သွယ်တယ်လို့ ထင်ကြတယ်။ နွားပေါက်ကလေးတွေ ကြီးထွားသန်စွမ်းအောင် ဒီအပင်က အရွက်ကို ကျွေးရတယ်။ သောမမီးပွဲမှာ ဒီအပင်က အကိုင်းခြောက်တွေနဲ့ မီးမွှေးရပါတယ်။ ပူဇော်ပွဲနဲ့



ဆိုင်တဲ့ အသုံးအဆောင်အချို့ကို ဒီသစ်သားနဲ့ လုပ်ရပါတယ်။ ဗြဟ္မာဏငယ်ကို စလွယ်တင်တဲ့အခါ ကိုင်ဆောင်တဲ့ တောင်ဝှေးကို ဒီသစ်နဲ့လုပ်တယ်။ လောကကိုစွန့်ပြီး တောထွက်တော့ ဒီအပင်ရဲ့ ဖက်ရွက်ထဲမှာ စားစရာထည့်ပြီး စားကြပါတယ်။ လိမ္မော်နီရောင်ရှိတဲ့ ဒီပန်းကို နတ်တင်တယ်။

"ကာလီနတ်သမီးက အလွန်နှစ်သက်တဲ့ ပန်းလို့အယူရှိတယ်။ နွေဦးဟောလီပွဲမှာ ဒီအပွင့်ကရတဲ့ အရည်နဲ့တစ်ယောက်ကိုတစ်ယောက် ဆွတ်ဖျန်းပေးလေ့ ရှိကြတယ်"

ကြီးမြင့်က အားလုံးကို တစ်ချက် ကြည့်ပြန်သည်။ ပြီးမှ-

**"အနီရောင်ဟာ တပ်မက်ခြင်းကို အားပေးတဲ့အတွက် ဒီအပင်ရဲ့အပွင့်ကို အမှုန်ကြိတ်ပြီး ကိုယ်ကြိုက်နေတဲ့ မိန်းတလေးရဲ့ ကိုယ်မှာ လိမ်းပေးရင် အချစ်ရေး အဆင်ပြေတယ်လို့ ယုံကြည်ကြတယ်"**

"ဟင်. . . တကယ်"

နောက်ဆုံးစကားကိုတော့ သူတို့တော်တော် သဘောတွေ့သွားကြပုံရသည်။

"ဒါ. . . သူတို့ ယုံကြည်ကြတာကို ပြောတာပါ။ ဟုတ်မဟုတ်တော့ မသိပါဘူး။ ကျွန်တော် လေလံတင်တုန်းကလည်း ဟုတ်ရမယ်လို့ မပြောခဲ့ပါဘူး။ နည်းလမ်းအချို့ကို ရှာပေးတာလို့ အားလုံးကို ပြောခဲ့တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

အားလုံးက ဝန်ခံကြလေသည်။

"ဒီအယူအဆတိုင်းဆိုရင်တော့ ဒီအပင်ရဲ့ အပွင့်ကိုကြိတ်ပြီး မိချိုရဲ့ခန္ဓာကိုယ် တစ်နေရာကို လိမ်းပေးရင် လိမ်းပေးတဲ့လူ အချစ်ရေးအဆင်ပြေမယ်လို့ ဆိုလိုတာပေါ့ဗျာ၊ ဟုတ်ဘူးလား"

"..........."

"ဦးစွာ လိမ်းပေးနိုင်တဲ့ သူဖြစ်အောင်လုပ်ရင် သူ့အချစ်ကို ဦးဆုံးရမယ်ဆိုတဲ့ သဘောပေါ့... ဟဲ... ဟဲ"

ကြီးမြင့်က ရယ်ရယ်မောမော ပြောလေသည်။

အားလုံးကလည်း လိုက်ရယ်ကြ၏။

"လွယ်ပါ့မလား... ကြီးမြင့်ရယ်၊ တော်ကြာ ပါးရိုက်ခံနေရဦးမယ်"

အရင်ကထက်စာရင် အားလုံး ပေါ့ပေါ့ပါးပါး ဖြစ်လာကြသည်။

"ဒါကတော့ဗျာ... သူ့ခန္ဓာကိုယ်ကို သေသေချာချာ ထိနိုင်တဲ့တစ်နေ့ဆိုလို့... သူ့ရည်းစားဖြစ်တဲ့နေ့ပဲ ဖြစ်လိမ့်မယ်"

"ဟုတ်တယ်၊ ဟုတ်တယ်"

"အဲ့ဒီအခါကျရင်တော့ ဒီအပင်ရဲ့ အပွင့်က ဘယ် လိုအပ်တော့မလဲ"

"အေးလေ"



"ဲတဲ... ဒီအပင်အကြောင်းကိုတော့ ကျွန်တော် ပြောပြီးပြီ၊ ယုံတဲ့လူလည်း ယုံနိုင်ပါတယ်"

"အင်းလေ၊ မင်းပြောတာကို ယုံရင်တောင်မှ မင်းရှေ့မှာ ပြောသလို မလုပ်သင့်ပါဘူး၊ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ရဖို့အတွက် သူက ကိုယ့်ကိုချစ်သွားဖို့သာ အဓိကပါ၊ အခြားနည်းလမ်းတွေနဲ့ ပြောရရင် အောက်လမ်းဆန်ဆန်နည်းတွေနဲ့ မလုပ်ချင်တော့ပါဘူး"

ကျန်သူများကလည်း ထိုလူ့စကားကို ထောက်ခံကြသည်။

ကြီးမြင့်က အားလုံးကို ခေါင်းငြိမ့်ပြလိုက်ပြီးနောက် စားပွဲပေါ်မှာ တင်ထားသော ပီယဆေးနည်းအိတ်ကို လှမ်းယူလိုက်သည်။

ထို့နောက် စာအိတ်ကို ဖောက်လိုက်ပြီး အထဲကစာရွက်များကို ထုတ်လိုက်သည်။

စာရွက်တော်တော် များလေ၏။

"ဒါကတော့ ကျွန်တော်ပြောတဲ့ ပီယဆေး ဖော်စပ်နည်းပါပဲ"

အနီးရှိ လူတစ်ယောက်ကို စပေးလိုက်သည်။ ပြီးနောက် တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းလိုက်ကြသည်။

"ဘာတွေ ရေးထားတာလဲ၊ နားမလည်ဘူး"

နောက်ဆုံးဖတ်ပြီး လူတစ်ယောက်က ရေရွတ်ပြီးနောက် စာရွက်များကို ကြီးမြင့်ထံ ပြန်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပီယဆေး ဖော်စပ်ချင်တယ်ဆိုရင်တော့ ဒီနည်းလမ်းကို ကူးယူသွားနိုင်ပါတယ်"

"အခိပ္ပါယ်တောင် နားမလည်တာ ငါတို့လုပ်ဖို့ဆိုတာ ဘယ်လွယ်မလဲကွာ"

ကြီးမြင့်က ခေါင်းငြိမ့်ပြလိုက်သည်။

နောက်တစ်ယောက်ကလည်း-

"ငါတော့ ရိုးရိုးသားသားနဲ့ပဲ အချစ်ကိုရအောင် လုပ်ချင်တော့တယ်"

ကျန်လူများကလည်း 'ဟုတ်တယ်'ဟု ပြောကြလေ၏။

ထို့ကြောင့် ကြီးမြင့်က လက်ထဲက ပီယဆေးနည်းလမ်း စာရွက်များကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲလိုက်၏။

"ကဲ. . . အားလုံး ပြီးသွားပြီဆိုတော့၊ ငါတို့က ဘာဆက်လုပ်ရမလဲ၊ အကြံဉာဏ်လေးတော့ ပေးခဲ့ပါဦး"

ကိုးယောက်ထဲက တစ်ယောက်က ကြီးမြင့်ကိုမေးခြင်း ဖြစ်သည်။

"ဟုတ်တယ် ကြီးမြင့်၊ ငါတို့ဆီမှာ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူး၊ အရင်တုန်း မင်းဆီကရမယ့် ပီယဆေးနည်းလမ်းလေးတွေနဲ့ဆိုတော့ ဟုတ်တော့မယ်ဆိုပြီး ထင်နေကြတာ၊ အခု မင်းပြောသလို ငါတို့ ဘာနည်းလမ်းမှမပါပဲ ကြိုးစားပါတော့မယ်၊ ဒါပေမယ့် ငါတို့ ဘယ်လိုလုပ်ရမှန်း မသိဘူးဖြစ်နေတယ်"



"ဒါကတော့ မပူပါနဲ့. ကျွန်တော် စီစဉ်ထားပါတယ်"

"ဟေ. . . တကယ်လား"

ကြီးမြင့်က ဘာမှပြန်မပြောဘဲ သူ့အိတ်ထဲကနေ ပစ္စည်း အချို့ကို ဆွဲထုတ်လိုက်၏။

ပုလင်းတစ်ခုစီ သီထားသည့် ဆွဲကြိုး (၁၀)ခုဖြစ် သည်။

"ရော့. . . ဒါတစ်ယောက် တစ်ခုယူသွားကြပါ၊ ပြီးရင် လည်ပင်းမှာ ဆွဲထားကြပါ"

"အထဲမှာ ဘာပါလို့လဲ"

"ဘာမှမပါပါဘူး"

"ဟင်. . . ဘာမှမပါပဲနဲ့. ငါတို့က ဘာဖြစ်လို့ ဆွဲထားရ မှာလဲ"

"ခင်ဗျားတို့ကို ကျောင်းမှာ လူတွေစိတ်ဝင်စားလာအောင် လုပ်ပေးမယ့် နည်းလမ်းပါ"

"တကယ်"

"အင်း. . . ဒါပေမယ့် ကျွန်တော်ပြောတဲ့အတိုင်းတော့ လိုက်နာရမယ်"

"ရတယ်၊ ဘာပဲလုပ်ရ လုပ်ရ"

"ကျွန်တော်တို့ ကျောင်းနှစ်ပတ်လောက်တော့ ပျက်ရမယ်"

"ပျက်ပြီး ဘယ်သွားကြမှာလဲ"

"တစ်နေရာရာပေါ့၊ အပန်းဖြေခရီးလေး သွားလေးထွ က်"

www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့"

"ထွက်ပြီးတော့"

"ထွက်ပြီးတော့ ကျောင်းပြန်တတ်တဲ့အခါကျရင် ဒီပုလင်းလေးတွေပါတဲ့ ကြိုးကိုလည်ပင်းမှာ ဆွဲထားရမယ်"

"ဟုတ်ပြီ"

"အခြားလူတွေက ဘာပုလင်းလဲ၊ အထဲမှာ ဘာတွေပါလဲ မေးရင် ဘာမှပြန်မဖြေရဘူး"

"သိပြီ"

"အဲဒီလို ခင်ဗျားတို့ကို လူတွေက စိတ်ဝင်စားလာတဲ့အခါမှာ ခင်ဗျားတို့မှာ ကိုယ့်ကိုကိုယ် ယုံကြည်မှု ရှိလာကြလိမ့်မယ်။ အဲဒီအခါမှာ ကိုယ်ကြိုက်တဲ့ နည်းလမ်းနဲ့ မိချိုရဲ့အချစ်ကို ကြိုးစားကြတာပေါ့၊ ဒီထဲက တစ်ယောက်လောက်ရသွားရင် ကျန်တဲ့လူတွေက နောက်ဆုတ်လိုက်ကြပေါ့၊ ဟုတ်ပြီလား"

"ဒါလေး လည်ပင်းမှာ ဆွဲထားတာနဲ့ လူတွေက ငါတို့ကို စိတ်ဝင်စားမှာလား ကြီးမြင့်ရယ်"

"လူတွေက ဘာမှမဟုတ်တာကို စိတ်ဝင်စားတတ်ကြတဲ့ အကျင့်ရှိတယ်ဗျ၊ အဲဒါတော့ ကျွန်တော် ပြောရဲတယ်၊ အခုလည်း ဘာမှ မဟုတ်တာလေးတွေကို လူတွေ စိတ်ဝင်စားကြမှာပါ. . . မပူပါနဲ့"

အားလုံးက ခေါင်းညိတ်သဘောတူလိုက်ကြသည်။



ထို့နောက် ကြီးမြင့်က တစ်ယောက်ချင်းဆီကို ပုလင်းဆွဲကြိုးတစ်ခုစီ ဝေပေးသည်။ သူကိုယ်တိုင်ကလည်း တစ်ခုယူကာ လည်ပင်းမှာ ချိတ်ဆွဲလိုက်၏။

"ဟင်. . . မင်းက ဘာဖြစ်လို့ လည်ပင်းမှာ ဆွဲရတာလဲ"

"ဒါက လေလံအောင်တဲ့ အမည်မသိလူအတွက်လေဗျာ။ သူ့ကိုမသိတော့ သူ့ကိုယ်စား ကျွန်တော်က ဆွဲရမှာပေါ့"

ကြီးမြင့်က ထိုသို့ပြောပြီး အားလုံးကို နှုတ်ဆက်ကာ အခန်းထဲကနေ ထွက်သွားလေ၏။

အားလုံးမှာ ကြီးမြင့်ကို ကြောင်တောင်တောင်နဲ့ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

မိချို

ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် နင့်ကိုစိတ်ဆင်းရဲအောင် လုပ်မိတဲ့အတွက် ငါ့ကိုခွင့်လွှတ်ပါ။

နင် ငါတို့ရပ်ကွက်ထဲကို လာသွားတယ်လို့ သိရပါတယ်။ ဒီစာကို ဖတ်နေချိန်မှာ တကယ့်ဗီဒီယိုအစစ်ကို ကြည့်ပြီးနေလောက်ပြီလို့ ငါထင်ပါတယ်။

ဒါဟာ. . . ငါနင့်အတွက် အကောင်းဆုံး လုပ်ခဲ့တဲ့ လက်ဆောင်ပါ။ နောက်ပြီး. . . ငါရပ်ကွက်ထဲမှာ နင့်ဓာတ်ပုံပြပြီး ကျွန်တော့်အချစ်လေးဆိုပြီး ပြောတဲ့ကိစ္စကိုလည်း ရှင်းပြပါရစေ။

နင့်ဓာတ်ပုံကို ငါရထားတာ ကြာပါပြီ။ ကျောင်းရဲ့ဓာတ်ပုံဆရာဆီကနေ ရထားတာပါ။

နင်ကျောင်းထဲက ဓာတ်ပုံဆရာဆီမှာ ရိုက်တုန်းက အဲဒီဓာတ်ပုံဆရာက ဓာတ်ပုံတစ်ပုံကို ပိုကူးထားပြီး အခြားလူတွေကို နမူနာပြတဲ့ ဓာတ်ပုံအများကြီးထဲမှာ နင့်ဓာတ်ပုံကို စတွေ့တာပါ။



အဲဒီဓာတ်ပုံကို ငါစတွေ့ပြီး သိမ်းထားချင်တဲ့စိတ်နဲ့ ထိုဓာတ်ပုံဆရာဆီက ငါမရရအောင် ဝယ်ယူခဲ့တယ်။

နောက်ပိုင်း အဲဒီဓာတ်ပုံလေးကိုပဲ တစိမ့်စိမ့် ကြည့်နေခဲ့ပါတယ်။ လက်ဖက်ရည်ဆိုင်ထိုင်လည်း ဓာတ်ပုံကို ထုတ်ထုတ်ကြည့်တာတွေ့တော့ အခြားလူတွေက ဘယ်သူ့ဓာတ်ပုံလည်း မေးတယ်။ အဲဒီအခါ ငါက ကျွန်တော့်အချစ်ပုံလို့ ပြောခဲ့တာပါ။

အဲဒီကတည်းက နင့်ကို ငါစချစ်ခဲ့တာပါ။ နင်မှတ်မိဦးမှာပေါ့။ နင် နဲ့ ငါ တွေ့ပြီး ၁၅၀၀နဲ့ ၅၂၈ အကြောင်းပြောတဲ့နေ့မှာမှ နင့်ကို ငါ စတွေ့ဖူးတာပါ။

နင်သေချာ သတိထားကြည့်ရင် ငါ့အမူအရာတွေ ပျက်နေတာကို တွေ့ရမှာပါ။ အဲ့ဒီအချိန်ကစပြီး ကိုယ်ချစ်တဲ့သူက ကိုယ့်လေလံ လုပ်ပေးနေတဲ့ ကိစ္စကြီးရဲ့အဓိက လူပါလားလို့ သိသွားတော့ လေလံဆွဲတဲ့နေရာမှာ အမည်မသိဆိုတဲ့ လူနာမည်နဲ့ လေလံပြန်ဆွဲခဲ့ရပါတယ်။ အဲဒါကို ဘယ်သူမှ မသိပါဘူး။ ငါကိုယ်တိုင် ပိုက်ဆံမရှိလို့ အိမ်ကနေချေးပြီး ကိုယ့်လေလံကို ကိုယ်တိုင် ဝင်ဆွဲခဲ့ရတာပါ။

ကိုယ်လုပ်ထားတဲ့ ကိစ္စကိုလည်း ကိုယ်ကိုယ်တိုင် နည်းလမ်းတစ်ခုစဉ်းစားပြီး ကစားဝိုင်းမှာ ငါဝင်ပါခဲ့တာပါ။

မိချို

ဖြစ်သမျှ ကိစ္စတွေအတွက် ငါ့ကိုခွင့်လွှတ်ပါ။ ငါဟာ နင်နဲ့စတွေ့ရခင်ကတည်းက နင့်ကိုစချစ်ခဲ့တဲ့ သူတစ်ဦးဆိုတာကို ငါတို့

www.burmeseclassic.com



ရပ်ကွက်တစ်ခုလုံး သိပါတယ် မိချို။

နင့်ကျောင်းမတက်တော့ ငါ့ရင်ထဲမှာ တစ်ခုခုလိုနေတယ်။ အရင်တုန်းက ပိုက်ဆံရရင် အကုန်လုပ်တဲ့ငါဟာ အခုတော့ နင်နဲ့ ပတ်သက်ရင် ပိုက်ဆံဘယ်လောက်ရရ စိတ်မဝင်စားတော့ပါဘူး။

နင့်အချစ်ကို

မျှော်လင့်လျက်

ကြီးမြင့်

မိချို. . .

နင့်မာတ်ပုံကိုတော့ ငါသိမ်းထားပါရစေ။

လေပြင်းဘယ်လောက်တိုက်တိုက်

ပန်းတွေ မကြွေပါဘူး။

ရာသီဥတု ဘယ်လောက်ဆွယ်ဆွယ်

ပန်းတွေမဝေပါဘူး။

စိတ်ရှိမှကြွေပြီး

ဆန္ဒရှိမှ ဝေမယ့်

ငါ့ဘဝဟာ

နင်စေခိုင်းရင်တော့

ကြွေ၊ဝေရမယ့်သူပါ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုနဲ့

သူတို့နှစ်ယောက်ရဲ့

အဖြစ်အပျက်ဟာ. . .

www.burmeseclassic.com

www.burmeseclassic.com

နောင်နှစ်ပေါင်းများစွာ ကြာသောအခါမှာ. . .

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

"အမယ်လေး ရှင့်သားကတော့ မပြောချင်တော့ပါဘူး"

ဈေးကနေ ပွစိပွစိလုပ်ရင်း ပြန်လာသော မိန်းမကြောင့် သတင်းစာဖတ်နေရင်းမှ မော့ကြည့်လိုက်သည်။

"ငါ့သားက ဘာလုပ်နေလို့လဲ"

"ရှင့်သားလေ. . . ရပ်ကွက်ထဲက မင်္ဂလာဆောင်ကို ကန်ထရိုက်ယူတယ်တဲ့၊ ပြီးတော့ သတို့သားနဲ့သတို့သမီးနဲ့ သိလား၊မသိလား မသိဘူး တစ်ရပ်ကွက်လုံးကို ဖိတ်စာလိုက်ဝေနေတယ်တဲ့လေ"

"ဟေ. . . ကောင်းတာပေါ့၊ အဲ့ဒီလိုဝေမှ သူမြတ်မှာပေါ့"

"အမယ်လေး ရှင်တို့သားအဖက အတူတူပါပဲ၊ ပိုက်ဆံရရင် ဘာမဆိုလုပ်မယ့်သူတွေ"

"မိချိုရယ်. . . သူလုပ်ချင်တာ လုပ်ပါစေ၊ ငါ့တုန်းကလည်း အဲဒီလိုလုပ်လို့ နင့်ကို. . ."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ. ... ရှင့်စကားတွေ တော်တော့၊ ကျုပ် အချိန် မရှိတော့ဘူး၊ ရှင်လည်း ကုမ္ပဏီမသွားသေးဘူးလား"

"သွားမှာပါ၊ သတင်းစာလေးတော့ ပြီးအောင်ဖတ်ပါရစေဦး"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ. . . သန်းသန်းရေ. . . လာဦး၊ ငါ့ဆွဲခြင်းကို နောက်ဖေး သွားထားလိုက်ဦး"

အိမ်ဖော်မလေးကို လှမ်းခေါ် ရင်း အိမ်အလုပ်များကို ဇယ်ဆက်သလို လုပ်နေသော သူ့မိန်းမကိုကြည့်ပြီး ပြုံးနေလိုက်သည်။

သူ့မိန်းမသည် သစ်ပင်လေး တစ်ပင်ဆိုရင် ထိုသစ်ပင်လေးသည် မည်သူမှ စိုက်ပျိုးလို့မရဘဲ သူတစ်ယောက်တည်းသာ ပျိုးထောင်ခွင့်ရသော သီးသန့်သစ်ပင်တစ်ပင်သာ ဖြစ်လိမ့်မည်။

လေးစားစွာဖြင့်

လူနေ

ကြီးမြင့် စာအိတ်ထဲတွင်ပါသော ပိယဆေးနည်းမှာ လောကီသိပ္ပလက္ခဏာဗေဒ သုတေသီဆရာဦးထွန်းရှိန် (မိုးတား) ရေးသားသည့် လောကီယဝေဒမန္တဂန္ဓာရီ ဝိဇ္ဇာပညာနိဒါန်း (ပထမတွဲ) စာအုပ်မှာ ပါဝင်သော အခန်း (၆)ပိယ လာဘ်သပ်ပကာဆိုတဲ့ အခန်းကို ကူးယူထည့်သွင်းထားခြင်း ဖြစ်ပါသည်။

စိတ်ဝင်စားသူများ ရှိပါက ဆရာကြီးဦးထွန်းရှိန် (မိုးတား) စာအုပ်ကို ရှာဖွေဖတ်ရှုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိယဆေးနည်းတွင် ပါဝင်သော ပစ္စည်းများကို စာအုပ်ထဲမှ ကူးယူဖော်ပြအပ်ပါသည်။ ကျန်သည့် အသေးစိတ်ကို ဆရာကြီး ဦးထွန်းရှိန် (မိုးတား)၏ စာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

**သဇင်နီ၊ ဇလပ်နီ**
**ငါးမည်နံ့သာမျိုး၊**
ပုဏ္ဏရိပ်ကြာ၊ က္ကသရာ၊
ဇီဝှါဗျ ဌမျိုး၊
ဝိတောက်မှိုပေ၊ သပွမြွေ၊
သည်းခြေညှိနှင့်ကြိုး၊
ပရှပ်နံ့ရှိန်၊ ဖုန်းမသိမ်၊
ရွှေချိန်မွှေးကတိုး၊
စုန်ဆန်ယူရေ၊ ကြိတ်ညက်စေ၊
ပေါင်းထွေဆယ့်ငါးမျိုး. . .။



## နာရီဆုပ်

(မေဂျာပေါင်းစုံ ကြာရှည်ခံ မြန်မာ့ရိုးရာ
အစားအသောက်ပြိုင်ပွဲတွင် ကြီးမြင့် ပြုလုပ်ခဲ့သည့်
အစားအစာ)

နာရီဆုပ်ဟူသည် ထမင်းခြောက်အလှော်ပင် ဖြစ်ပါသည်။ ခရီးလမ်းပန်း ဆက်သွယ်ရေး ခက်ခဲချိန်က ခြေကျင်နွားလှည်း လှေနှင့် မြင်းတို့သာ ရှိပါသည်။ လမ်းဖောက်လုပ်ခြင်း အတတ်ပညာ မထွန်းကားသေးမီက နွားလှည်းဖြင့် သွားလာရေးသည် ခက်ခဲလှ၏။ အစိုးမရသော ခရီးလမ်းပန်းတွင် တစ်စုံးတစ်ရာ ကြန့်ကြာမှုနှင့် ကြုံပါက အသင့်ဖြစ်စေရန် 'မသိုးထမင်း မသိုးဟင်း' သဘောသက်ဝင်သော အရာများကို သက်စောင့်အဖြစ် ရေဘူးနှင့်အတူ ဆောင်ထားကြရ၏။

ပဒေသရာဇ်ခေတ် မြန်မာ့တပ်မတော်သားများတွင် 'ဆန်စလွယ်၊ ဆန်ခါးပတ်'များ ပါရှိကြ၏။ ချက်ပြုတ်စားသောက်ရန် တစ်အိုးစားလျှင် အိုးတစ်လုံး ပါရှိ၏။ ရိက္ခာထောက်သော 'နောက်ထောက်' စနစ်နှင့် ရိက္ခာဖြည့်တပ်များလည်း ရှိ၏။ သို့ရာတွင် 'ခနေဖြူလျှင်' ချီရတုကဲ့သို့ မီးမွှေးချက်ပြုတ်ရန် မဆိုထားဘိ၊ လူရှင်းပင် ခက်ခဲသော အခိုက်အတန့်မျိုးတွင် မည်သည်ကို စားပါသည်

www.burmeseclassic.com

www.burmeseclassic.com



နည်း။

နာရီဆုပ်သည် ထိုကဲ့သို့သော အခါမျိုးတွင် အသုံးပြုရန် ပေါ်ပေါက်လာသော စားစရာဖြစ်ပါသည်။ စားတော်ချက် ကျမ်းတွင် ပါရှိသော 'သုခ ဘောဇ' နာရီဆုပ်လုပ်နည်းမှာ ဤသို့ ဖြစ်၏။

'ဦးစွာပထမ ဆန်ကြမ်းထမင်းကို ရေစင်စွာ ဆေးရသည်။ ထို့နောက် ခြောက်သွေ့သည်အထိ နေလှမ်းရသည်။ ကော့ကြွပ်နေအောင် ခြောက်သွေ့မှ ဆား၊ ငရုပ်ကောင်းနှင့် ချင်း သင့်လျော်ရုံခပ်ပြီး လှော်ရသည်။ နှံ့စပ်အောင် မွှေပေး၍ ကျက်သည်ဆိုရုံမျှအရှိတွင် ဝါးကျည်တောက်၌ သွတ်ထားရသည်။ ဆီးဖြူ ခုံညင်းခန့်စားထားလျှင် တစ်နေ့လုံး အဆာခံသည်။ ဆန်တစ်စလယ်လုပ်ကို တစ်လ စားရ၏'

ထိုနာရီဆုပ်လုပ်နည်းအဆုံးတွင် 'စစ်မြေအရပ်သို့ ဆောင်လေ'ဟူ၍လည်း အသုံးကို ညွှန်းထားပေလေ၏။

စာတော်ပြင်ဆရာကြီး ဦးပညာကလည်း သူ၏ သားရွှေဥဆုံးမစာ၌-

'ဆီးဖြူ သျှစ်ရှား သဖန်းခါးကို လိုအားကြီးစွာ မသုံးရာခဲ့၊ ရသာပြင်းလှ စားများကလျှင်၊ ခဏမကြာ ရင်ဝမ်းမှာတုန်၊ နန်းသာဖတ်ဖတ် ပန်းမောတတ်၏။ ကောင်းမြတ်နက်လေး၊ ထန်းလျက်ထွေးလျက်၊ မရွေးကိုလုပ် နာရီဆုပ်နှင့်၊ မုန့်ဖုတ်ထမင်း မပါလျှင်းလည်း'ဟူ၍ နာရီဆုပ်၏အသုံးနှင့် ပိုမိုကောင်းမွန်ပုံကို ဖော်ပြခဲ့၏။



အဆက်အသွယ် အသွားအလာ ခက်ခဲချိန်ကမူ ရှာလည်းဈေးသည်ပင် မရှိတဲ့အချိန်တွင် ကြို့ရာရရာနှင့် ပေါ်များရာကို သရေစာအဖြစ် ဖန်တီးကြရသည်။ သရေစာနှင့် အာဟာရအဖြစ် အသုံးပြုခဲ့ကြရသည်။

www.burmeseclassic.com